# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်၊ ကြာသပတေးနေ့။ Thursday, 10 October 2024 ၁၁၆၀၆


**တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်**

လျှာသည် ချိုချဉ်ခါးဖန် အငန်အပေါ့ စသော ဟင်း၏ အရသာကို လျင်မြန်စွာ သိသကဲ့သို့ အလိမ္မာဉာဏ်ရှိသောသူသည် တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်ရမူ လျင်မြန်စွာ သူတော်ကောင်းတရားကို သိလေ၏။

ဗာလဝဂ်(ဓမ္မပဒ-၆၅)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရန်ကုန်မြို့၌ ရေဘေးသင့်ဒေသများ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ တတိယအကြိမ်ပေးအပ်လှူဒါန်းပွဲ ကျင်းပ

## ပြန်လည်ထူထောင်ရေးပစ္စည်းများနှင့် အလှူငွေစုစုပေါင်း ငွေကျပ် ၁၁ ဒသမ ၉၇ ဘီလီယံကျော် လက်ခံရရှိ



**နေပြည်တော် အောက်တိုဘာ ၉**

မြန်မာနိုင်ငံအတွင်း ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသောရေဘေးကြောင့် ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာ ရှင်၊ အလှူရှင်များက အလှူငွေများ တတိယအကြိမ်ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ အလှူငွေများ လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ စေတနာရှင်၊ အလှူရှင်များ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ စေတနာရှင်၊ အလှူရှင်တစ်ဦးက ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့်ပြန် လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် အလှူငွေပေးအပ်လှူဒါန်းစဉ်။

ပြည်လုံးကျွတ် သန်းခေါင်စာရင်း (၁၀)ရက်မြောက်နေ့ ကောက်ယူနေပါသည်။

ကြေးမုံ

# လုံခြုံရေးအသိ၊ သတိ၊ အမြင်ဖြင့်ဆောင်ရွက်

ပြည်သူများ အေးချမ်းစွာဖြင့် နေထိုင်လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိ၊ လုံခြုံရေးအမြင်များ အားလုံးတွင် ရှိထားကြဖို့လိုအပ်မည်ဖြစ်သည်။ ပြည်သူများအနေဖြင့် မိမိတို့ရပ်ရွာဒေသများတွင် အေးချမ်းစွာနေထိုင်ကြပြီး လူမှုစီးပွားဘဝ အဆင်ပြေတိုးတက်ရေးအတွက် လှုပ်ရှားရုန်းကန်လုပ်ကိုင်နေကြသည်။ နိုင်ငံတော်အနေဖြင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထား ဆောင်ရွက်လျက်ရှိသည်။

မျက်မှောက်ကာလတွင် လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေးကို နယ်ပယ်စုံကဏ္ဍစုံတို့၌ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေပြီး နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ အကျိုးစီးပွားဖြစ်ထွန်းရေးကို ရှေးရှု၍ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း၊ မကြာမီကာလတွင် ကျင်းပတော့မည့် (၂၅) ကြိမ်မြောက် ငွေရတုမြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပခြင်း၊ အမျိုးသားအားကစားပွဲတော်ကျင်းပခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အစည်းအဝေးပြုလုပ်ခြင်း စသည့်နိုင်ငံတော်အဆင့်ပွဲများပြုလုပ်ခြင်း၊ ပြုလုပ်ရန်စီစဉ်လျက်ရှိခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ထိုအချိန်ကာလတွင် နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားကို ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်နေ၊ ပြုလုပ်ရန်ကြံစည်အားထုတ်နေသည့် အကြမ်းဖက်အဖျက်သမားများ၏အန္တရာယ်ကို အားလုံးက လုံခြုံရေးအသိ၊ လုံခြုံရေးသတိ၊ လုံခြုံရေးအမြင်များဖြင့် ကာကွယ်ဆောင်ရွက်ကြရမည်ဖြစ်သည်။ "အကြမ်းဖက်သမားများအနေဖြင့် မိမိတို့ရပ်ကွက်၊ ကျေးရွာများသို့ စိမ့်ဝင်ရောက်မှုမရှိစေရေး၊ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်မှုမရှိစေရေးတို့အတွက် သက်ဆိုင်ရာပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များက ပြည်သူလူထုနှင့်အတူ ပူးပေါင်း၍ လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် စောင့်ကြည့်နေရမည်ဖြစ်ကြောင်း၊ ပြည်သူလူထု ပူးပေါင်းပါဝင်မှုသာလျှင် လုံခြုံရေးသည် ခိုင်မာအားကောင်းနိုင်မည်ဖြစ်ကြောင်း" စက်တင်ဘာလ ၈ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားခဲ့သည်။

လုံခြုံရေးနှင့်ပတ်သက်၍ ပြီးပြည့်စုံသည့် လုံခြုံရေးဟူ၍မရှိဘဲ ပြည်သူလူထုပူးပေါင်းပါဝင်သည့် လုံခြုံရေးသာလျှင် ပိုမိုအားကောင်းခိုင်မာနိုင်မည်ဖြစ်သည်။ ပြည်သူ့လုံခြုံရေးသည် လုံခြုံရေးဆိုင်ရာလုပ်ငန်းများကို ပြည်သူများက အသိရှိရှိဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးခြင်းပင်ဖြစ်သည်။ ပြည်သူများက မိမိတို့ရပ်ရွာလုံခြုံရေးပိုင်းဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ပေးမည်ဆိုပါက လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်ဦးမှုရယူနိုင်ပြီး လုံခြုံရေးဆိုင်ရာ ကျိုးပေါက်မှုများ လျော့နည်းသွားမည်ဖြစ်သည်။

ယခုအခါ မြို့နယ်အလိုက်၊ လမ်းမကြီးများအလိုက် စစ်ဆေးရေးနေရာများတွင် လုံခြုံရေးအဖွဲ့အစည်းများ ထားရှိပေးထားသည်။ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးကြီးကြပ်မှုအဖွဲ့များကိုလည်း ဖွဲ့စည်းထားရှိသည်။ နယ်မြေဒေသလုံခြုံရေးအတွက် လုံခြုံရေးဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများအားလုံးက ပြည်သူများနှင့်အတူ ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရမည်ဖြစ်သည်။ အကြမ်းဖက်သမားများသည် ပြည်သူများကြားတွင် စိမ့်ဝင်ရောနှောနေထိုင်နေသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများသာမက ဒေသခံပြည်သူများကလည်း လုံခြုံရေးအမြင်ဖြင့် မြင်တတ်သိတတ်ရန်လိုအပ်သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ပြည်သူများအနေဖြင့် ပတ်ဝန်းကျင်တွင် ပုံမှန်အတိုင်းသာ လှုပ်ရှားသွားလာလုပ်ကိုင်နေကြသော်လည်း မမြင်နိုင်သည့် အကြမ်းဖက်သမားများမှာ လူထုကြားမှနေ၍ မိမိတို့အား စောင့်ကြည့်နေသည်ကို အထူးသတိပြုကြရမည်ဖြစ်သည်။

လုံခြုံရေးနှင့်ပတ်သက်၍ လုံခြုံရေးပိုင်းဆိုင်ရာ အဖွဲ့အစည်းများသာမက အုပ်ချုပ်ရေးပိုင်းဆိုင်ရာအဖွဲ့အစည်းများကလည်း တာဝန်ရှိပြီး တာဝန်ယူထားသည့် မြို့နယ်များ၏ အချက်အလက်များ၊ ဖြစ်ပေါ်ပြောင်းလဲနေမှုများကို အမြဲမပြတ်သတိရှိနေရမည်ဖြစ်ကာ လုံခြုံရေးဆိုင်ရာ ကျိုးပေါက်မှုများ ဖြစ်ပေါ်လာနိုင်မည့် အခြေအနေများကို ကြိုတင်သုံးသပ် တွက်ချက်ထားရမည်ဖြစ်သည်။ ထို့အပြင် မြို့နယ်အလိုက် တရားဥပဒေစိုးမိုးရေး၊ နေထိုင်မှုစည်းကမ်းများ စနစ်တကျရှိစေရေး၊ သန့်ရှင်းသာယာကောင်းမွန်ရေးတို့ကို အစဉ်အမြဲကြပ်မတ်ဆောင်ရွက်နေရမည်ဖြစ်သည်။ အလုပ်အကိုင်အခွင့်အလမ်းများပေါများရာ မြို့ကြီးများသို့ ပြောင်းရွှေ့လာရောက်နေထိုင်သူများ များပြားသည့်အတွက် နေထိုင်မှုနှင့် လုံခြုံဘေးကင်းမှုရှိစေရေးကို သတိပြုဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြို့နယ်အလိုက်၊ ခရိုင်အလိုက် ပြည်သူများ စိတ်ချမ်းမြေ့အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် တာဝန်များကို ရိုးရိုးသားသား မှန်မှန်ကန်ကန်ဆောင်ရွက်ပြီး အုပ်ချုပ်ရေးဆိုင်ရာအနှစ်သာရများကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် လုံခြုံရေးအသိ၊ လုံခြုံရေးသတိ၊ လုံခြုံရေးအမြင်များဖြင့် ပြည်သူလူထုနှင့် လက်တွဲပူးပေါင်းပြီး တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဖော်ဆောင်ကြရမည်ဖြစ်ပါကြောင်း။ ။

# အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုနှင့်အညီ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၂၀(ဂ)တွင် သတ်မှတ်ပြဋ္ဌာန်းချက်အရ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို နိုင်ငံတော်၏ မတည်ထောက်ပံ့ငွေဖြင့် ထူထောင်ထားရှိပြီး အဆိုပါရန်ပုံငွေမှ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသို့ သက်သာသောအတိုးနှုန်းဖြင့်မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် ချေးငွေများထုတ်ချေးပေးလျက်ရှိပါသည်။

၂။ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ ထုတ်ချေးသော ချေးငွေကို ရယူလိုသူ MSME လုပ်ငန်းရှင်များ ချေးငွေရယူမှု ပိုမိုအဆင်ပြေစေရန်အတွက် မြန်မာ့စီးပွားရေးဘဏ်အပြင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် ၁၅ ဘဏ်တွင်လည်း ချေးငွေများ လျှောက်ထားနိုင်ပြီ ဖြစ်ပါသည်-

(က) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊
(ခ) ကမ္ဘောဇရတနာဘဏ်လီမိတက်၊
(ဂ) ရွှေ(ကျေးလက်နှင့်မြို့ပြ) ဖွံ့ဖြိုးတိုးတက်ရေးဘဏ်လီမိတက်၊
(ဃ) ပထမပုဂ္ဂလိကဘဏ်လီမိတက်၊
(င) ကမ္ဘောဇဘဏ်လီမိတက်၊
(စ) အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ်လီမိတက်၊
(ဆ) မြန်မာ့အရှေ့တိုင်းဘဏ်လီမိတက်၊
(ဇ) မြန်မာ့ခရီးသွားဘဏ်လီမိတက်၊
(ဈ) မြန်မာနိုင်ငံသားများဘဏ်လီမိတက်၊
(ည) သမဝါယမဘဏ်လီမိတက်၊
(ဋ) မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်၊
(ဌ) မြန်မာမက်ထရိုဘဏ်လီမိတက်၊
(ဍ) ရောဝတီဘဏ်လီမိတက်၊
(ဎ) သတ္တုဖွံ့ဖြိုးရေးဘဏ်၊
(ဏ) ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ်၊
(တ) ရောဝတီတောင်သူလယ်သမားများ ဖွံ့ဖြိုးရေးဘဏ်လီမိတက်၊

၃။ သို့ဖြစ်ပါ၍ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ချေးငွေလျှောက်ထားရာတွင် ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီရုံးခွဲများမှတစ်ဆင့် လျှောက်ထားနိုင်ပြီး နီးစပ်ရာ MSME အေဂျင်စီရုံးခွဲများသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၉ - ၁၀ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၆၀၀ | ၂၅၄ | ၂,၁၈၄,၄၀၀ |
| MTSH | ၃,၄၀၀ | ၃,၄၀၀ | ၈၂ | ၂၇၈,၈၀၀ |
| MCB | ၈,၈၀၀ | ၈,၈၀၀ | ၂၂ | ၁၉၃,၆၀၀ |
| FPB | ၁,၉၀၀ | ၁,၈၅၀ | ၁၀၃ | ၁၉၅,၆၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၀ | ၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၇၂၂ | ၁,၂၂၇,၃၅၀ |
| AMATA | ၄,၅၀၀ | ၄,၅၀၀ | ၀ | ၀ |
| MAEX | ၃,၄၀၀ | ၃,၄၅၀ | ၁,၈၀၀ | ၆,၁၃၅,၀၀၀ |
| MADPL(PLB) | ၃၆,၅၀၀ | ၃၆,၅၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသောရေဘေးကြောင့် ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ တတိယအကြိမ်ပေးအပ်လှူဒါန်းပွဲတွင် ကျေးဇူးတင်စကား ပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

ဦးစွာ ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော ရေဘေးကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့မှုအခြေအနေများ၊ ရှာဖွေကယ်ဆယ်ထောက်ပံ့ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများကို မှတ်တမ်းတင်ထားသည့် **“သဘာဝ ဘေးအန္တရာယ်ကို ရင်ဆိုင်ကျော်လွှား မွန်မြတ်စိတ်ထား တွဲလက်များနှင့် ကူညီထမ်းဆောင်”** Video Clip ကို ဖွင့်လှစ်ပြသသည်။

**အလှူငွေများ အသီးသီးပေးအပ်လှူဒါန်း**

ထို့နောက် ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ဝန်ထမ်းများ၊ ပြည်တွင်းပြည်ပ စေတနာရှင်၊ အလှူရှင်များက ပြန်လည်ထူထောင်ရေးပစ္စည်းများနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်ပြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ဝန်ထမ်းများ၊ ပြည်တွင်းပြည်ပ စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ဆက်လက်ပေးအပ် လှူဒါန်းကြရာ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမိုးအောင်၊ ဒေါက်တာကံဇော်၊ ဦးမောင်မောင်အုန်း၊ ဦးခင်မောင်ရီ၊ ဦးမျိုးသန့်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

**သဘာဝဘေးဖြစ်ပေါ်ခဲ့မှု အခြေအနေများနှင့်လှူဒါန်းမှုများ အတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြား**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အလှူငွေများ ပေးအပ်လှူဒါန်းမှုအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာတွင် ယနေ့အခမ်းအနားသို့ တက်ရောက်လာကြသည့်စေတနာရှင် အလှူရှင်များအားလုံး ကျန်းမာရေးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေရန် နှုတ်ခွန်းဆက်သအပ်ပါကြောင်းဖြင့် ဦးစွာ ပြောကြားပြီး ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော ရေဘေးကြောင့် ရေကြီးရေလျှံမှုသဘာဝဘေးဖြစ်ပေါ်ခဲ့မှု အခြေအနေများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရေး လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက် ပြောကြားရာတွင် ထိုကဲ့သို့သော သဘာဝဘေးအန္တရာယ်ကြုံတွေ့ခဲ့မှုကိုပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ပြန်လည်ဆောင်ရွက်ပေးသွားရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရမှ အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိသကဲ့သို့ စေတနာရှင် အလှူရှင်များအနေဖြင့် တတ်နိုင်သရွေ့ လှူဒါန်းခြင်းများ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြကြောင်း၊ ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အင်တိုက်အားတိုက်ဖြင့် အမြန်ဆုံးဆောင်ရွက်နိုင်ရန်အတွက် အလှူငွေပေးအပ်ပွဲများ ဆောင်ရွက်ခဲ့ရာတွင် ပထမအကြိမ်၌ ငွေကျပ် ၃၂ ဘီလီယံကျော် ရရှိခဲ့ပြီး ဒုတိယအကြိမ်တွင် ငွေကျပ် ၁၀ ဘီလီယံကျော် ရရှိခဲ့ကြောင်း၊ စေတနာရှင်အလှူရှင်များအနေဖြင့်လည်း အခက်အခဲများကြားမှ လှူဒါန်းခဲ့ကြခြင်းဖြစ်ပြီး ထင်မှတ်မထားလောက်သည့် များပြားသော အလှူငွေ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ စေတနာရှင်၊ အလှူရှင်တစ်ဦးက ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အလှူငွေပေးအပ်လှူဒါန်းစဉ်။

ပမာဏများဖြစ်ကြောင်း၊ ယနေ့တွင်ပြုလုပ်သည့် တတိယအကြိမ် အလှူငွေပေးအပ်ပွဲသို့စိတ်စေတနာ သဒ္ဒါတရား ထက်သန်စွာဖြင့် လာရောက် လှူဒါန်းပေးကြသည့်အတွက်လည်း စေတနာရှင် အလှူရှင်များအားလုံးကို နိုင်ငံတော်အနေဖြင့် ကျေးဇူးတင်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် သဘာဝဘေး အန္တရာယ်ကျရောက်သည့် အခြေအနေများကြုံတွေ့ချိန်၌ လူတစ်ဦးချင်းနှင့် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်း အသီးသီးမှလည်း လှူဒါန်းမှုများ ရှိကြောင်း၊ အလားတူ ဒေသအသီးသီးတွင်လည်း လူမှုရေးအသင်းအဖွဲ့များနှင့် လူပဂ္ဂိုလ်တစ်ဦးချင်းစီအလိုက် ၎င်းတို့အစီအစဉ်ဖြင့် လိုက်လံကူညီ လှူဒါန်းပေးနေခြင်းများရှိပြီး ၎င်းတို့လှူဒါန်းသည့်

**စာမျက်နှာ ၄ သို့ ☆**


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးထံ စေတနာရှင်၊ အလှူရှင်များက အလှူငွေ ပေးအပ်လှူဒါန်းစဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်ထံ စေတနာရှင်၊ အလှူရှင်တစ်ဦးက အလှူငွေ ပေးအပ်လှူဒါန်းစဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညိုစောထံ စေတနာရှင်၊ အလှူရှင်တစ်ဦးက အလှူငွေ ပေးအပ်လှူဒါန်းစဉ်။

- ☆ **ရေဘေးသင့်ခဲ့ရသည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အလှူရှင်များအနေဖြင့်လည်း ယခုကဲ့သို့ တစ်ဖက်တစ်လမ်းမှ ပါဝင်လှူဒါန်းပေးခြင်းကြောင့် လုပ်ငန်းများ ပိုမိုမြန်ဆန်စွာဖြင့် ပြီးမြောက်နိုင်မည်**
- ☆ **လက်ရှိအချိန်အထိ ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ဘီလီယံ ၅၀ ကျော်ရှိပြီဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် နှစ်စဉ် ဖြစ်ပေါ်လာခဲ့သည့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လိုအပ်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိ**
- ☆ **လက်ရှိအချိန်တွင် အင်းလေးကန်၌ ရေကျဆင်းမှု မရှိသေးကြောင်း၊ အလားတူ လောပိတနှင့် အထက်ပေါင်းလောင်းတို့တွင်လည်း ရေဝင်ရောက်မှု များပြားနေသောကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများကို လုပ်ဆောင်၍ မရသေးကြောင်း၊ မိမိတို့အနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အချိန်ယူ၍ ဆောင်ရွက်သွားရမည်**

☆ စာမျက်နှာ ၃ မှ

ပစ္စည်းအင်အား၊ ငွေအင်အားများမှာလည်း များပြားကြသည်ကို တွေ့ရှိရကြောင်း၊ ထိုသို့ကူညီဆောင်ရွက်ပေးနေမှုများ အပေါ်လည်း အသိအမှတ်ပြုကျေးဇူးတင်ရှိကြောင်း၊ ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းတိုက်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ချိန်တွင်လည်း နိုင်ငံတော်အစိုးရနှင့်အတူ စေတနာရှင်အလှူရှင်များအနေဖြင့် ပါဝင်လှူဒါန်းခဲ့ကြကြောင်း၊ မိမိတို့နိုင်ငံသားများအနေဖြင့် လူမှုရေးကိစ္စရပ်များတွင် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းလိုသည့် စိတ်ရင်းစေတနာများ၊ အခြေခံစိတ်ဓာတ်ကောင်းများကို ဝမ်းမြောက် ဂုဏ်ယူဖွယ်ရာတွေ့မြင်ရခြင်းပင်ဖြစ်ကြောင်း။

ယခုဖြစ်စဉ်တွင် ရေဘေးဒဏ်သင့်ခဲ့ရသည့်ပြည်သူများအနေဖြင့် ရုတ်တရက် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ချိန်တွင် လက်လှမ်းမီသည့် ရရာပစ္စည်းများကိုသာယူ၍ ဘေးလွတ်ရာသို့ ရေဘေးရှောင်ခဲ့ရခြင်း ဖြစ်သည့်အတွက် တစ်ဦးချင်းစီအလိုက်၊ မိသားစုချင်းစီအလိုက် ပျက်စီးဆုံးရှုံးမှုပမာဏများ များပြားကြောင်း၊ ယခင် နှစ်ပေါင်းများစွာကတည်းက ရေကြီးရေလျှံမှုတစ်ကြိမ်မျှ ဖြစ်ပေါ်ခဲ့ခြင်းမရှိသည့် ဒေသများ၌ မျှော်လင့်မထားသည့်ညအချိန်တွင် တောင်ကျရေများ ရုတ်တရက် အရှိန်အဟုန် အလုံးအရင်းဖြင့် စီးဆင်းလာခြင်းကြောင့် အချို့မှာ ရှောင်တိမ်းချိန်မရဘဲ အသက်ဆုံးရှုံးခဲ့ရမှုများလည်း ရှိကြောင်း၊ မိမိတို့နိုင်ငံ၌ ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများ အနက် ပျက်စီးမှုအများဆုံးပင်ဖြစ်ကြောင်း၊ လူနေအိမ်များနှင့် စာသင်ကျောင်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ လမ်း၊ တံတားများ၊ လျှပ်စစ်တာဝါတိုင်များလည်း ပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ အလားတူ မွေးမြူရေးတိရစ္ဆာန်များလည်း သေဆုံးခဲ့ရကြောင်း။

ရေဘေးသင့်ခဲ့ရသည့် ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အလှူရှင်များ အနေဖြင့်လည်း ယခုကဲ့သို့ တစ်ဖက်တစ်လမ်းမှ ပါဝင် လှူဒါန်းပေးခြင်းကြောင့် လုပ်ငန်းများ ပိုမိုမြန်ဆန်စွာဖြင့် ပြီးမြောက်နိုင်မည်ဖြစ်ကြောင်း၊ လက်ရှိအချိန်အထိ ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ် ဘီလီယံ ၅၀ ကျော်ရှိပြီဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် နှစ်စဉ်ဖြစ်ပေါ်လာခဲ့သည့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လိုအပ်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် အင်းလေးကန်၌ ရေကျဆင်းမှု မရှိသေးကြောင်း၊ အလားတူ လောပိတနှင့်အထက်ပေါင်းလောင်းတို့တွင်လည်း ရေဝင်ရောက်မှု များပြားနေသောကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများကို လုပ်ဆောင်၍ မရသေးကြောင်း၊ မိမိတို့အနေဖြင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ အချိန်ယူ၍ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ မိုးများသည်းထန်စွာ ရွာသွန်းခဲ့ချိန်တွင် ဆည်မြောင်းများအတွင်း ရေများ ဝင်ရောက်လျက်ရှိခြင်းကြောင့် စိုက်ပျိုးရေအတွက် လုံလောက်စွာ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ထိခိုက်ပျက်စီးခဲ့ရသည့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် အရင်းအနှီးများကို နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တက်ရောက်လာကြသည့် စေတနာရှင်၊ အလှူရှင်များအနေဖြင့်လည်း တတ်နိုင်သည့်ဘက်မှ ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်မည် ဆိုပါက ထိခိုက်ခဲ့ရသည့် စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်မည်ဖြစ်သကဲ့သို့ ကုန်ထုတ်လုပ်မှုများကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် စိတ်ပါဝင်စားပါက ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း။

ပြည်တွင်း ကုန်ပစ္စည်းထုတ်လုပ်မှု ကောင်းမွန်မှသာ ပို့ကုန်များ ရရှိမည်ဖြစ်သဖြင့် မိမိတို့နိုင်ငံ၏ အဓိကကုန်ထုတ်လုပ်ငန်းဖြစ်သော စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများကို အားပေးဆောင်ရွက်ကြရန် လိုကြောင်း၊ နိုင်ငံ၏သယံဇာတပစ္စည်းများကို ထုတ်ယူသုံးစွဲခြင်းမှာ ပြန်လည်ဖြည့်တင်းရန် ကန့်သတ်ချက်များ ရှိခြင်းကြောင့် အတတ်နိုင်ဆုံး ထုတ်ယူသုံးစွဲခြင်းကို မပြုလုပ်ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ လူဦးရေထက်ဝက်ခန့်မှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ပို့ကုန်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်ငန်းများ မြှင့်တင်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ Non Trade နှင့်ပတ်သက်၍သက်ဆိုင်ရာကဏ္ဍအလိုက် ရငွေများရှိကြောင်း၊ လက်ရှိအချိန်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ နည်းပါးလျက်ရှိခြင်းကြောင့် ပြည်တွင်း၌ ကုန်ထုတ်လုပ်မှုများ မြှင့်တင်နိုင်ရေး လုပ်ငန်းရှင်များအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံပြီး ဆောင်ရွက်ကြစေလိုကြောင်း။

ရေဘေးသင့်မှုကြောင့် ယာယီပိတ်ထားရသည့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် နိုင်ငံတော်အနေဖြင့် ဆောင်ရွက်လျက် ရှိကြောင်း၊ ပညာရေးနှင့် ပတ်သက်၍ နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အခြားလိုအပ်သည့် ပရိဘောဂပစ္စည်းများနှင့် အသုံးအဆောင် ပစ္စည်းများကိုလည်း အလှူရှင်များအနေဖြင့် လှူဒါန်းပေးနိုင်ကြောင်း၊ ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအပြင် ၎င်းတို့ ကြုံတွေ့ခံစားခဲ့ရသည့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများကိုလည်း ပြန်လည်ကုစားပေးနိုင်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ပျက်စီး ဆုံးရှုံးခဲ့ရမှုများအတွက် အတတ်နိုင်ဆုံး ပြန်လည်ဖြည့်ဆည်းပေးနိုင်ရေး တွက်ချက်ဆောင်ရွက်လျက် ရှိကြောင်း၊ ယနေ့ ရေဘေးသင့်ဒေသများအတွက် လှူဒါန်းမှုများသည် တန်ဖိုးမဖြတ်နိုင်သည့် လှူဒါန်းမှုများပင်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက်လည်း ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေး လုပ်ဆောင်ခြင်းမဟုတ်ဘဲ နိုင်ငံ့အရေးအတွက် တိုင်းပြည်ကောင်းအောင် ဆောင်ရွက်နေခြင်းသာ ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံ့အရေးအတွက် အားတက်သရောလာရောက် လှူဒါန်းပေးမှုများအတွက်လည်း စေတနာရှင်၊ အလှူရှင်များကို နိုင်ငံတော်အနေဖြင့် အထူးပင် အသိအမှတ်ပြု ကျေးဇူးတင်ရှိကြောင်းကို ထပ်လောင်း ပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနား အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတနာရှင်၊ အလှူရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ယနေ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်သည့် ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ် လှူဒါန်းပွဲအခမ်းအနားတွင် ပြန်လည်ထူထောင်ရေးပစ္စည်းများနှင့် အလှူငွေ စုစုပေါင်း ငွေကျပ် ၁၁ ဒသမ ၉၇ ဘီလီယံကျော်ကို လက်ခံရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စာဆိုဗိမာန်သုံးထပ်အဆောက်အဦတည်ဆောက်ခြင်း ရတနာပန္နက်တော်တင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

**နေပြည်တော် အောက်တိုဘာ ၉**

မြန်မာနိုင်ငံတွင် ပေါ်ထွန်းခဲ့သော စာပေပညာရှင်များနှင့် စာရေးဆရာများကို အသိအမှတ်ပြု ချီးမြှင့်သည့် အထိမ်းအမှတ်အနေဖြင့် တည်ဆောက်မည့် စာဆိုဗိမာန် အဆောက်အဦ ရတနာပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက် ဗိုလ်မင်းခေါင်လမ်းရှိ အဆိုပါမြေနေရာ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Abhay Thakur၊ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများ၊ အမျိုးသားစာပေ တစ်သက်တာဆုရ စာရေးဆရာကြီးများနှင့် ဆရာမကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားမှူးက မင်္ဂလာအခါတော် စာတမ်းကို ဖတ်ကြားပြီး မင်္ဂလာအချိန်တွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စာဆိုဗိမာန်အဆောက်အဦတည်ဆောက်မည့် ဗဟိုနေရာ၌ ရတနာပန္နက်တိုင်ကို စိုက်ထူပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

**အမွှေးနံ့သာရည်ပက်ဖျန်းပေး**

ယင်းနောက် တက်ရောက်လာကြသည့် ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့် အမျိုးသားစာပေ တစ်သက်တာဆုရ စာရေးဆရာကြီး၊ ဆရာမကြီးတို့က သတ်မှတ်နေရာများ၌ အစီအစဉ်အတိုင်း ပန္နက်တော်တင်ကြပြီး ပန္နက်တော်များအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

**ရွှေမိုးငွေမိုးများ ရွာသွန်းပေး**

အခမ်းအနားအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စာဆိုဗိမာန်အဆောက်အဦ ရတနာပန္နက်တော်တင် မင်္ဂလာအခမ်းအနား အောင်မြင်စွာပြီးမြောက်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာ ရွှေမိုးငွေမိုးများ ရွာသွန်းပေးသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ စာဆိုဗိမာန်တည်ဆောက်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ အိန္ဒိယ-မြန်မာ ချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် အိန္ဒိယနိုင်ငံ၏ အကူအညီ အထောက်အပံ့ဖြင့် သုံးထပ် အဆောက်အဦအဖြစ်

**စာမျက်နှာ ၆ သို့ ✻**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စာဆိုဗိမာန်အဆောက်အဦတည်ဆောက်မည့် ဗဟိုနေရာ၌ ရတနာပန္နက်တိုင် စိုက်ထူပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး သတ်မှတ်နေရာ၌ ပန္နက်တော်တင်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး သတ်မှတ်နေရာ၌ ပန္နက်တော်တင်စဉ်။



မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur သတ်မှတ်နေရာ၌ ပန္နက်တော်တင်စဉ်။



အမျိုးသားစာပေ တစ်သက်တာဆုရ စာရေးဆရာမကြီး မစန္ဒာနှင့်အဖွဲ့ သတ်မှတ်နေရာ၌ ပန္နက်တော်တင်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက စာဆိုဗိမာန်သုံးထပ်အဆောက်အဦ တည်ဆောက်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

* စာမျက်နှာ ၅ မှ

တည်ဆောက်သွားမည့် အခြေအနေများ၊ အဆောက်အအုံအား စနစ်တကျ တည်ဆောက်နိုင်ရေး ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ထားရှိမှုအခြေအနေများ၊ စာဆိုဗိမာန်အား အထပ်အလိုက် ပြခန်းများ ခင်းကျင်းပြသသွားမည့် အခြေအနေများနှင့် ယခင် အဆောက်အအုံအား စာပေဗိမာန် ပြည်သူ့ စာကြည့်တိုက်အဖြစ် ပြင်ဆင် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**စနစ်တကျထားရှိ**

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဆောက်အအုံများအား စနစ်တကျတည်ဆောက်သွားရန်နှင့် ရှေးစာဆိုတော်ကြီးများ၏ ခေတ်အလိုက် ပန်းချီများ၊ ဓာတ်ပုံများ၊ ရုပ်တုများကို ကြိုတင်၍ ရနိုင်သလောက် စုဆောင်းထားရှိရန် လိုကြောင်း၊ ဂီတစာဆိုတော်ကြီးများ၏ မှတ်တမ်းများနှင့် ပတ်သက်၍လည်း ကြိုတင်စုဆောင်းထားရှိရန် လိုကြောင်း၊ စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်ကို ဆောင်ရွက်ရာတွင်လည်း စာပေများကို ဖတ်ရှုနိုင်ရန်အတွက် စာဖတ်ခန်းများကို အဓိကထည့်သွင်း၍ စနစ်တကျဖြင့် ထားရှိသွားရန် လိုကြောင်းနှင့် အခြား လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အခမ်းအနားတက်ရောက်လာကြသည့် အမျိုးသား စာပေတစ်သက်တာဆုရ စာရေးဆရာကြီး၊ ဆရာမကြီးများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်၊

အဆိုပါစာဆိုဗိမာန် အဆောက်အအုံကို သုံးထပ်အဆောက်အအုံအဖြစ် တည်ဆောက်သွားမည်ဖြစ်ပြီး တည်ဆောက်ပြီးစီးပါက စာပေဖွံ့ဖြိုးမှုဆိုင်ရာ ဆောင်ရွက်မှုသမိုင်းမှတ်တမ်း ဓာတ်ပုံများ၊ စာဖတ်ခန်းနှင့် စာကြည့်တိုက်၊ သမိုင်းဝင် ဂီတအနုပညာများ ခင်းကျင်းပြသမည့် ပြခန်းများ၊ ပေပုရပိုက်များ ခင်းကျင်းပြသမည့် ပြခန်းများ၊ သမိုင်းဝင်ကဗျာများ ခင်းကျင်းပြသမည့် ပြခန်းများ၊ စာပေဆုရခဲ့ဖူးသော စာအုပ်စာပေများ ခင်းကျင်းပြသမည့်ပြခန်းများ၊ မြန်မာနိုင်ငံ၌ ထင်ရှားကျော်ကြားခဲ့သည့် ခေတ်သုံးခေတ်မှ စာဆိုတော်ကြီးများ၊ တစ်သက်တာစာပေဆု ရရှိခဲ့ကြသည့် စာပေပညာရှင်များနှင့် ကဗျာဆရာများ၏ ရုပ်တုများ ထားရှိသည့် ပြခန်းများကို ထည့်သွင်းထားရှိသွားမည် ဖြစ်သည်။

ယခင် စာပေဗိမာန်စာကြည့်တိုက်သည် စာပေဗိမာန် သုံးထပ်အဆောက်အအုံ၏ ပထမထပ်တွင် တည်ရှိပြီး ယခုတိုးတက်လာသည့် လူဦးရေနှင့် မြို့ပြဖွံ့ဖြိုးမှုအခြေအနေများအရ ယခုအခါနိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြင့် **“အမောင်ခွင်း၍ အလင်းဆောင်အံ့”** ဟူသော စာပေဗိမာန်၏ဆောင်ပုဒ်နှင့်အညီ နိုင်ငံသားများ အသိဉာဏ်ပညာ တိုးပွားစေရန်၊ မြန်မာစာပေဖွံ့ဖြိုးမှုအတွက် အထောက်အကူဖြစ်စေရန်၊ ပြည်သူများ ဗဟုသုတဖြစ်စေရန်နှင့် စာဖတ်သည့်အလေ့အကျင့်များတိုးပွားစေရန် ရည်ရွယ်၍ ယခင် အဆောက်အအုံအား ပြန်လည်ပြုပြင်မွမ်းမံ၍ စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်အဖြစ် ပြောင်းရွှေ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အခမ်းအနားတက်ရောက်လာကြသူများနှင့် အမျိုးသားစာပေတစ်သက်တာဆုရ စာရေးဆရာကြီး၊ ဆရာမကြီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**စာဆိုဗိမာန်အဆောက်အအုံကို သုံးထပ်အဆောက်အအုံအဖြစ် တည်ဆောက်သွားမည်ဖြစ်ပြီး တည်ဆောက်ပြီးစီးပါက စာပေဖွံ့ဖြိုးမှုဆိုင်ရာဆောင်ရွက်မှု သမိုင်းမှတ်တမ်းဓာတ်ပုံများ၊ စာဖတ်ခန်းနှင့် စာကြည့်တိုက်၊ သမိုင်းဝင်ဂီတအနုပညာများ ခင်းကျင်းပြသမည့်ပြခန်းများ၊ ပေပုရပိုက်များ ခင်းကျင်းပြသမည့် ပြခန်းများ၊ သမိုင်းဝင်ကဗျာများ ခင်းကျင်းပြသမည့် ပြခန်းများ၊ စာပေဆုရခဲ့ဖူးသော စာအုပ်စာပေများ ခင်းကျင်းပြသမည့်ပြခန်းများ၊ မြန်မာနိုင်ငံ၌ ထင်ရှားကျော်ကြားခဲ့သည့် ခေတ်သုံးခေတ်မှ စာဆိုတော်ကြီးများ၊ တစ်သက်တာစာပေဆု ရရှိခဲ့ကြသည့် စာပေပညာရှင်များနှင့် ကဗျာဆရာများ၏ ရုပ်တုများ ထားရှိသည့်ပြခန်းများကို ထည့်သွင်းထားရှိသွားမည်**

## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်မည့် အားကစားသမားများလေ့ကျင့်နေမှု သွားရောက်ကြည့်ရှု



မုံရွာ အောက်တိုဘာ ၉

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမနှင့် သတ်မှတ်အားကစားရုံများအတွင်း၌ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်မည့် တိုင်းဒေသကြီးကိုယ်စားပြု မြန်မာ့သိုင်း၊ ဗိုဗီနမ်၊ ခြင်းလုံး၊ ဘောလုံး၊ ဖူဆယ်နှင့် ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားသမားများ၏ လေ့ကျင့်နေမှုများကို သွားရောက်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြိုင်ပွဲဝင်အားကစားသမားများ၊ အသင်းအုပ်ချုပ်သူများ၊ နည်းပြများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအမှာစကား ပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စခန်းသွင်းလေ့ကျင့်နေကြသည့် ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

★ ကျောဖုံးမှ

ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**ပြတ်ပြတ်သားသား တားဆီးကာကွယ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့၏ တရားမဝင်ကုန်သွယ်မှု တရားမဝင်တိုက်ဖျက်ရေး ဦးဆောင်ကော်မတီနှင့် အဆင့်ဆင့်သော ပြည်နယ်နှင့်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ အသီးသီးတို့၏ လုပ်ငန်းတာဝန်များအနက် အဓိကမှာ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေပြီး အဟန့်အတားဖြစ်စေမည့် တရားမဝင်ကုန်သွယ်မှုကိစ္စများနှင့် တရားမဝင်ကုန်သွယ်မှုကိစ္စများကြောင့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ လုပ်ကိုင်နေကြသည့် တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ကုန်ထုတ်လုပ်မှုနှင့် ဈေးကွက် ယှဉ်ပြိုင်နိုင်မှုစွမ်းဆောင်ရည်နှင့် စွမ်းဆောင်နိုင်မှုအားများကို ယုတ်လျော့စေခြင်း၊ ယှဉ်ပြိုင်နိုင်မှု ဆုတ်ယုတ်စေခြင်း၊ မဖြစ်ပေါ်စေခြင်းအလို့ငှာ တရားမဝင်ကုန်သွယ်မှု လုပ်ဆောင်နေခြင်းများကို ပြတ်ပြတ်သားသား တားဆီးကာကွယ်ရမည့်တာဝန်ဖြစ်ကြောင်း၊ သို့မှသာ ကုန်ထုတ်လုပ်မှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုမှတစ်ဆင့် ပို့ကုန်ကဏ္ဍနှင့် ကူးသန်းရောင်းဝယ်ရေးကဏ္ဍ မြင့်မားတိုးတက်လာစေခြင်း၊ ၎င်းမှတစ်ဆင့် ပြည်တွင်းသုံးစွဲမှု ငွေလည်ပတ်မှု အားကောင်းစေမည့် ကဏ္ဍအပါအဝင် နောက်ဆုံးပြည်ပပို့ကုန် တင်ပို့နိုင်မှုကို ပိုမိုဖွံ့ဖြိုးတိုးတက်စေလျက် နိုင်ငံခြားငွေ စီးဆင်းမှုကလည်း မြန်ဆန်သွက်လက်မှု ဖြစ်ပေါ်စေပြီး နိုင်ငံ၏ ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုအခန်းကဏ္ဍ အပိုင်းဘက်ကလည်း တစ်ပါတည်း လိုက်ပါ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ မိမိတို့၏ လုပ်ငန်းတာဝန်များသည် ကြီးမားပြီး တရားမဝင်ကုန်သွယ်မှုကို မဖြစ်မနေ တားဆီးကာကွယ်ကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် သယံဇာတ ပေါကြွယ်ဝပြီး စိုက်ပျိုးရေးကို အဓိက အခြေခံသော နိုင်ငံဖြစ်သည့်အတွက် စီးပွားရေးတိုးတက်အောင် ဆောင်ရွက်ရာတွင် သဘာဝသယံဇာတထုတ်ကုန်များနှင့် စိုက်ပျိုးရေးထွက်ကုန်များ အဓိက ထုတ်လုပ်ခြင်းများကို အားပေးနေရမည်ဖြစ်သကဲ့သို့ ထုတ်ကုန်တိုးတက်ထုတ်လုပ်နိုင်ရေး၊ ပြည်ပပို့ကုန်အမည်သစ်များ တင်ပို့နိုင်ရန်အတွက်လည်း နိုင်ငံတော်မှ စီမံချက်များချမှတ် ဆောင်ရွက်နေသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း MSME လုပ်ငန်းများကိုလည်း အင်တိုက်အားတိုက် အားပေးဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိရာတွင် တရားမဝင်ကုန်သွယ်မှုများသည် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်စေကြောင်း။

တရားမဝင်ကုန်သွယ်မှုများကို ထိရောက်စွာ တိုက်ဖျက်ရန် ဦးဆောင်ကော်မတီဖွဲ့စည်းပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့သည်မှာ (၁၆) ကြိမ် ရှိပြီဖြစ်ကြောင်း၊ အစည်းအဝေး(၁၅)ကြိမ်အထိ ဆုံးဖြတ်ချက် ၅၂၃ ချက်ချမှတ်ခဲ့ပြီး ဖမ်းဆီးရရှိမှုများအနေဖြင့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လအထိ နှစ်နှစ်နှင့် ရှစ်လကာလအတွင်း အမှုတွဲ ၁၄၆၅၉ မှု၊ ခန့်မှန်းတန်ဖိုး ငွေကျပ်(၃၀၀ ဒသမ ၀၂၈)ဘီလီယံ ဖမ်းဆီးရမိခဲ့ကြောင်း၊ ယင်းပမာဏမှာ နိုင်ငံတော်၏ ကုန်သွယ်မှုကဏ္ဍဖြင့်ကြည့်လျှင် အနည်းငယ်သာရှိကြောင်း၊ ဖမ်းဆီးရရှိမှုကို ကြည့်ရမည်ဆိုပါက တရားမဝင်ကုန်သွယ်မှုများကို တိုးမြှင့်ဖမ်းဆီးရရှိနိုင်ရေး အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**အများဆုံးဖမ်းဆီးရမိ**

၂၀၂၄ ခုနှစ်၊ ဇူလိုင်လနှင့်ဩဂုတ်လအတွင်း ဖမ်းဆီးရရှိမှုများတွင် အကောက်ခွန်ဦးစီးဌာနက အများဆုံးဖမ်းဆီးရမိခဲ့ပြီး

နိုင်ငံဖြစ်ကျော် မဟာမိတ်အဖွဲ့၏ အစီရင်ခံစာတွင် တရားမဝင်ကုန်သွယ်မှုများအနေဖြင့် ပါဆယ်ထုပ်ငယ်များနှင့် အွန်လိုင်းဈေးဝယ်ယူမှု တိုးတက်လာခြင်း၊ အွန်လိုင်းဈေးကွက်များနှင့် e-Commerce Platform များ တိုးပွားလာခြင်းများက သိသာထင်ရှားသည့် တရားမဝင်ကုန်သွယ်မှုပမာဏ တိုးတက်စေခြင်းဖြစ်ကြောင်းကို ဖော်ပြထားကြောင်း၊ ထို့အပြင် လွတ်လပ်သည့် ကုန်သွယ်မှုဇုန်–Free Trade Zones (FTZs) များအနေဖြင့် တရားဝင်ကုန်သွယ်မှုမြှင့်တင်ရန်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ရန်အတွက် အထူးဒေသများအဖြစ် လွတ်လပ်စွာ ကုန်သွယ်မှုပြုထားသော်လည်း ပြန်လည်သုံးသပ်မှုများအရ တရားမဝင်ကုန်သွယ်မှုအတွက် အထူးစိုးရိမ်စရာ နေရာများဖြစ်သည်ဟု ဖော်ပြထားကြောင်း၊ မိမိတို့၏ သီလဝါ အထူးစီးပွားရေးဇုန်တွင်လည်း တရားမဝင်ကုန်ပစ္စည်း တင်သွင်းခွင့်ရရှိမှုအပေါ် ကျော်လွန်၍ တရားမဝင်ကုန်သွယ်မှု

လိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးပေးရန် နိုင်ငံတော်မှ တာဝန်ပေးအပ်ထားသည့် ဝန်ကြီးဌာနအသီးသီးကလည်း ပေးအပ်ထားသည့် ရည်မှန်းချက်တာဝန်များကို အပြည့်အဝအောင်မြင်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ မျိုးစေ့၊ သွင်းအားစုအပါအဝင် တိရစ္ဆာန်အစာ၊ ကာကွယ်ဆေးကဲ့သို့ လိုအပ်ချက်များကိုလည်း စိုက်ပျိုးမွေးမြူသူ တောင်သူများလက်ဝယ်သို့ ရာသီကာလအလိုက် တောင်သူများလက်ဝယ်သို့ အချိန်မီရောက်ရှိနိုင်ရေး ဆောင်ရွက်ပေးရန် လိုအပ်သကဲ့သို့ အခြားတစ်ဖက်တွင်လည်း ဦးစားပေးမှုကို အခွင့်ကောင်းယူပြီး မလိုလားအပ်သည့် ကုန်ပစ္စည်းများကို ရောနှောသယ်ဆောင်မှု မရှိစေရေးနှင့် အကြိမ်ကြိမ်တင်သွင်းခွင့်များ မရှိစေရေးကိုလည်း သက်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် စနစ်တကျတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း။

❖ **နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေပြီး အဟန့်အတားဖြစ်စေမည့် တရားမဝင်ကုန်သွယ်မှုကိစ္စများနှင့် တရားမဝင်ကုန်သွယ်မှုကိစ္စများကြောင့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ လုပ်ကိုင်နေကြသည့် တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ကုန်ထုတ်လုပ်မှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းဆောင်ရည်နှင့် စွမ်းဆောင်နိုင်မှုအားများကို ယုတ်လျော့စေခြင်း၊ ယှဉ်ပြိုင်နိုင်မှု ဆုတ်ယုတ်စေခြင်း၊ မဖြစ်ပေါ်စေခြင်းအလို့ငှာ တရားမဝင်ကုန်သွယ်မှုလုပ်ဆောင်နေခြင်းများကို ပြတ်ပြတ်သားသား တားဆီးကာကွယ်**

❖ **ကမ္ဘာ့စီးပွားရေးဖိုရမ်၏ လေ့လာတွေ့ရှိချက်များအရ တရားမဝင်ကုန်သွယ်မှုများသည် ကမ္ဘာလုံးဆိုင်ရာ GDP ၏ ငါးရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိရှိပြီး ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကို ဆိုးရွားသောအကျိုးဆက်များ ဖြစ်ပေါ်စေနိုင်ကြောင်းကို သုံးသပ်ထား**

ဖမ်းဆီးရရှိမှုအနေဖြင့် မန္တလေးတိုင်းဒေသကြီးက အများဆုံး၊ စစ်ကိုင်းတိုင်းဒေသကြီးက ဒုတိယအများဆုံးနှင့် ကချင်ပြည်နယ်က တတိယအများဆုံး ဖမ်းဆီးရမိခဲ့သည်ကို တွေ့ရှိရကြောင်း၊ ကုန်ပစ္စည်းအုပ်စုအလိုက် ဖမ်းဆီးရရှိမှုများကို စိစစ်ရာတွင် လိုင်စင်မဲ့ယာဉ်နှင့် တရားမဝင် ကုန်စည်တင်ယာဉ်ဖမ်းဆီးရရှိမှုများက အများဆုံးဖြစ်ပြီး ဒုတိယအများဆုံးက လုပ်ငန်းသုံးကုန်ကြမ်းများဖြစ်ပြီး တတိယအများဆုံးက ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများဖြစ်ကြောင်း။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အနေဖြင့် တရားမဝင်ကုန်သွယ်မှု၏ အန္တရာယ်ကို အမြဲစောင့်ကြည့်ပြီး ထိန်းကျောင်းနိုင်ရန်အတွက် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးသဘောတူညီချက်၊ အကောက်ခွန်ဆိုင်ရာ သဘောတူညီချက်၊ နည်းပညာအဟန့်အတားများဆိုင်ရာ သဘောတူညီချက်နှင့် ကုန်သွယ်မှုနှင့်ဆက်နွယ်သည့် မူပိုင်ခွင့်ဆိုင်ရာ သဘောတူညီချက်များပါဝင်သည့် ပြဋ္ဌာန်းချက်များကို အသုံးပြုပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကမ္ဘာ့စီးပွားရေးဖိုရမ်၏ လေ့လာတွေ့ရှိချက်များအရ တရားမဝင်ကုန်သွယ်မှုများသည် ကမ္ဘာလုံးဆိုင်ရာ GDP ၏ ငါးရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိရှိပြီး ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကို ဆိုးရွားသော အကျိုးဆက်များ ဖြစ်ပေါ်စေနိုင်ကြောင်းကို သုံးသပ်ထားကြောင်း။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး

ပြုလုပ်ခြင်းအပါအဝင် နိုင်ငံအတွင်း ထုတ်လုပ်ဖြန့်ဖြူးခွင့်ရရှိမှုအပေါ် အချို့သော FDI များက ကုန်ထုတ်လုပ်မှုအားဟန်ပြသာဆောင်ရွက်၍ ပြည်ပမှပင် ကုန်ချောပစ္စည်းများကို ဈေးပေါပေါဖြင့် တင်သွင်းဆောင်ရွက်နေခြင်းများကိုလည်း သတိပြု တိုက်ဖျက်ရမည်ဖြစ်ကြောင်း၊ ကျန်ဆောင်ရွက်ဆဲ အထူးစီးပွားရေးဇုန်များမှတစ်ဆင့် ပြည်တွင်းစက်မှုဇုန်များ၌လည်း အထက်ပါကိစ္စရပ်များ မဖြစ်ပေါ်စေရေးဂရုပြုဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ကမ္ဘာ့နိုင်ငံများအနေဖြင့် မည်သည့်နိုင်ငံကမှ တရားမဝင်ကုန်သွယ်မှုများကို အမြစ်ပြတ်အောင် မလုပ်ဆောင်နိုင်သေးကြောင်းကို တွေ့ရှိရပြီး မူးယစ်ဆေးဝါး၊ လက်နက်ခဲယမ်း ရောင်းဝယ်မှုများနှင့် ငွေကြေးခဝါချမှုများကို သီးခြားနည်းလမ်းရွေးချယ်ပြီး တားဆီးကျင့်သုံးဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ပြေးညီဆောင်ရွက်ပါက စည်းကမ်းလိုက်နာသူများပါ နှောင့်နှေးနစ်နာပြီး အခြားနိုင်ငံများနှင့် ဈေးကွက်ရအောင် ယှဉ်ပြိုင်ရာတွင် ခက်ခဲမှုများ ရှိလာနိုင်သည်ကိုလည်း ဂရုပြုကြရန် လိုကြောင်း။

နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရန်လိုကြောင်း၊ ထိုသို့ဖွံ့ဖြိုးတိုးတက်စေရန် အဓိကစိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး စီးပွားရေးလုပ်ငန်းများ၏ အခြေခံ

ထို့အပြင် တရားမဝင်ကုန်စည်များနယ်စပ်ဖြတ်ကျော် တင်သွင်းလာခြင်းကြောင့် ပြည်ပနိုင်ငံများက တစ်ဆင့်ကူးစက်ရောဂါပိုးများ ပါဝင်လာပါက ပြည်တွင်း စိုက်ပျိုးမွေးမြူထုတ်လုပ်သည့် လုပ်ငန်းများတွင် ရောဂါကူးစက်ကာ ထိခိုက်ဆုံးရှုံးမှုများ ပေါ်ပေါက်စေမည်ဖြစ်ပြီး တရားမဝင်ဆေးဘက်ဆိုင်ရာပစ္စည်းများနှင့် အလှကုန်များကြောင့်လည်း ကျန်းမာရေးဆိုင်ရာ ဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်စေပြီး အရည်အသွေးပြည့်မီခြင်းမရှိသည့် အိမ်သုံးလျှပ်စစ်ပစ္စည်းအတုများကြောင့် မီးဘေးအန္တရာယ်ကြုံတွေ့ရနိုင်သည်ကိုလည်း သတိပြုရန် လိုအပ်မည်ဖြစ်ကြောင်း။

ကုန်စည်တင်သွင်းမှုများတွင် အခွန်ပေးဆောင်ခြင်းမရှိဘဲ စံချိန်စံညွှန်းနှင့် အရည်အသွေးမပြည့်သည့် တရားမဝင်ကုန်စည်များ တင်သွင်းခြင်းကြောင့် နိုင်ငံခြားသုံးငွေ မှောင်ခိုဈေးကွက်အားကောင်းလာစေပြီး တစ်ဖက်တွင်လည်း တရားမဝင် သယ်ယူရောင်းချရသည့်အတွက် တစ်ဖက်ကုန်သွယ်ဖက် နိုင်ငံများက ကုန်သည်များ၏ လိုသလိုဈေးကစားခွင့်ဖြစ်ပေါ်စေကြောင်း၊ တရားမဝင်ဆောင်ရွက်သည့်လုပ်ငန်းများ အားကောင်းလာခြင်းကြောင့်လည်း ပြည်တွင်းဈေးကွက်တွင် ကုန်ဈေးနှုန်းတည်ငြိမ်မှုကို ထိခိုက်စေကြောင်း။

တရားမဝင်တင်သွင်းခြင်းများကြောင့် အကျိုးဆက်အနေဖြင့် တရားဝင်လုပ်ငန်းများ ပြည်တွင်းတွင် ဈေးနှုန်းမယှဉ်နိုင်ဘဲ ဈေးကွက်ဝေစု ပေးလိုက်ရခြင်းကြောင့် ရေရှည်တွင် လုပ်ငန်းရပ်တည်နိုင်ရန် ခက်ခဲလာစေပြီး တရားဝင်ရပ်တည်လုပ်ကိုင်သည့် လုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးအင်အား လျော့နည်းကျဆင်းလာကာ ရေရှည်အတွက် လုပ်ငန်းတိုးချဲ့လိုစိတ်မရှိတော့ဘဲ လုပ်ချင်ကိုင်ချင်စိတ်များ ကျဆင်းလာနိုင်ကြောင်း၊ နောက်ဆုံးတွင် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရပ်ဆိုင်းသွားနိုင်ကြောင်း၊ နိုင်ငံအတွင်း လုပ်ငန်းများ ရှင်သန်ကြီးထွားနိုင်ခြင်းမရှိပါက နိုင်ငံ၏စီးပွားရေး ဦးတည်ချက်များကိုပါ ထိခိုက်လာစေမည်ဖြစ်ကြောင်း၊ စီမံကိန်းများ အောင်မြင်မှုမရှိဘဲ စိုက်ပျိုးစွမ်းအား၊ ကုန်ထုတ်စွမ်းအား၊ ကုန်သွယ်မှုနှင့် ကူးသန်းရောင်းဝယ်မှုစွမ်းအားများကို ထိခိုက်စေကြောင်း။

**အဓိကစိန်ခေါ်မှုပြဿနာ**

တရားမဝင်ကုန်သွယ်မှုများ ဖြစ်ပေါ်ရခြင်းနှင့်ပတ်သက်၍ အကြောင်းရင်းများစွာရှိသည့်အနက် အဓိကစိန်ခေါ်မှုပြဿနာမှာ နိုင်ငံ၏နယ်စပ်ဒေသအချို့နေရာများတွင် လုံခြုံရေးအရ စောင့်ကြည့်ထိန်းသိမ်းရန် ကန့်သတ်ချက်များရှိနေခြင်း၊ အချို့ဥပဒေရေးရာများတွင် အားနည်းမှုရှိခြင်း၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရသည့် ဝန်ထမ်းအင်အား မလုံလောက်ခြင်းနှင့် အကျင့်ပျက်မှုများ ရှိနေခြင်းကလည်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရာတွင် စိန်ခေါ်မှုများအဖြစ် တွေ့ရှိရကြောင်း၊ အဆိုပါအချက်များကိုလည်း အတတ်နိုင်ဆုံး ကာကွယ်တားဆီးရန် လိုအပ်ကြောင်း။

ထို့အပြင် နိုင်ငံတော်၏ လိုအပ်ချက်အရ နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချပြီး သွင်းကုန်ပစ္စည်းတင်သွင်းမှုကို စိစစ်ကန့်သတ်မှုအပေါ်တွင် အခွင့်ကောင်းယူပြီး ပြည်တွင်းလိုအပ်ချက်ရှိသည့် ကုန်စည်များကို တရားမဝင်တင်သွင်းမှုများပြုလုပ်နေသည်ကို ယခုကာလအတွင်း အများဆုံးတွေ့ရှိရကြောင်း၊ ၎င်းကို ထိထိရောက်ရောက် တားဆီးစစ်ဆေးဖမ်းဆီးနိုင်ရန်လိုပြီး မဆောင်ရွက်နိုင်ပါက နိုင်ငံအတွက်အခွန်ဝင်ငွေမရရှိဘဲ တရားမဝင်ကုန်သွယ်မှုများ ကြီးထွားလာနိုင်သကဲ့သို့ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့အစည်းအသီးသီးကိုလည်း သက်ဆိုးရှည်စေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုကို ထိထိရောက်ရောက် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် တိုက်ဖျက်တားဆီးရန် လိုကြောင်း။

တိုင်းဒေသကြီး/ ပြည်နယ်အလိုက် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့များအနေဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် စစ်ဆေးရေးဂိတ်များတွင် မလိုလားအပ်သည့် ကုန်ကျစရိတ်များ၊ အချိန်ကြန့်ကြာမှုများ မရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန်နှင့် တရားမဝင်ရှောင်ကွင်းလမ်းများတွင် ရှောင်တခင်စစ်ဆေးခြင်း၊ မဖြစ်မနေဖြတ်သန်းသွားလာမည့်နေရာများတွင် စနစ်တကျစစ်ဆေးခြင်းများအပြင် နိုင်ငံ၏သယံဇာတပစ္စည်းများ တရားမဝင်ထုတ်လုပ်မှု မရှိစေရေးနှင့် တရားမဝင်ကုန်သွယ်မှုများကို ထိထိရောက်ရောက် ပိုမိုတားဆီးစစ်ဆေးပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ကြရန်လိုကြောင်း။

စာမျက်နှာ ၈ သို့ ❍

- ❖ တရားမဝင်ကုန်သွယ်မှုများကို ထိရောက်စွာတားဆီးရာတွင် သတင်းရရှိမှုသည်အရေးကြီး
- ❖ ဖမ်းဆီးရရှိမှုများအနက် တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကြောင့် ၂၀၂၄ ခုနှစ် ဇူလိုင်လနှင့်ဩဂုတ်လအတွင်း သတင်းရရှိမှု ၉၇ ကြိမ်ရရှိခဲ့
- ❖ သတင်းမှန်ပေးပို့မှု အကြိမ်အရေအတွက် ပိုမိုများပြားလာခြင်းက မိမိတို့၏ လုပ်ငန်းတာဝန်များ ပိုမိုအောင်မြင်ရေးတွင် များစွာအထောက်အကူပြုလျက်ရှိ
- ❖ သတင်းရရှိမှုများကြောင့် ဖမ်းဆီးရမိမှု အမှုတွဲ ၁၁၇ မှုနှင့် ဖမ်းဆီးရမိမှု တန်ဖိုးငွေကျပ် ၂၁၄၀ ဒသမ ၉၅၁ သန်း ဖမ်းဆီးရမိခဲ့

○ စာမျက်နှာ ၇ မှ

တရားမဝင် ကုန်သွယ်မှုများကို နယ်စပ်ဒေသနှင့် ကုန်သွယ်မှုလမ်းကြောင်းပေါ်က တားဆီးစစ်ဆေးခြင်းအပြင် ပြည်တွင်းသိုလှောင်ရုံများနှင့် ဈေးကွက်များအထိ ဝင်ရောက်စစ်ဆေးအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းက သယံဇာတပစ္စည်းများ တရားမဝင်ထုတ်လုပ်နေမှုကိုလည်း ထိထိရောက်ရောက် တားဆီးစစ်ဆေးအရေးယူကြရန်လိုကြောင်း။

**စံနမူနာပြဦးဆောင်**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် ထမ်းဆောင်ကြသည့် တာဝန်ကျဝန်ထမ်းများအနေဖြင့် နိုင်ငံအတွက် ရိုးသားစွာ တာဝန်ထမ်းဆောင်ကြရန်လည်း လိုအပ်ကြောင်း၊ တာဝန်ကျဝန်ထမ်းများကိုဦးဆောင်ရသည့် တာဝန်ခံအရာရှိများအနေဖြင့် စံနမူနာပြဦးဆောင်ပြီး ကိုယ်တိုင်ရိုးသားရန်လိုအပ်သကဲ့သို့ လက်အောက် တာဝန်ကျဝန်ထမ်းများ၏ အခြေအနေကို အမြဲမပျက်စောင့်ကြည့် သုံးသပ်ကြပ်မတ်ဆောင်ရွက်နေရန်လည်း လိုအပ်ကြောင်း။

တရားမဝင် ကုန်သွယ်မှုများကို ထိရောက်စွာတားဆီးရာတွင် သတင်းရရှိမှုသည် အရေးကြီးကြောင်း၊ ဖမ်းဆီးရရှိမှုများအနက် တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကြောင့် ၂၀၂၄ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သတင်းရရှိမှု ၉၇ ကြိမ်ရရှိခဲ့ပြီး သတင်းမှား သုံးကြိမ်၊ နောက်ကျသတင်း သုံးကြိမ်၊ သတင်းမှန် ၉၁ ကြိမ် ဖြစ်ကြောင်း၊ သတင်းမှန်ပေးပို့မှု အကြိမ်အရေအတွက် ပိုမိုများပြားလာခြင်းက မိမိတို့၏ လုပ်ငန်းတာဝန်များ ပိုမိုအောင်မြင်ရေးတွင် များစွာအထောက်အကူပြုလျက်ရှိကြောင်း၊ မိမိတို့ဦးဆောင်ကော်မတီကလည်း သတင်းမှန်ပေးပို့သူများကို အသိအမှတ်ပြုပါကြောင်းနှင့် သတင်းပေးသူအတွက် ရပိုင်ခွင့်ကိုလည်း သတ်မှတ်နှုန်းထားများအတိုင်း ဆုကြေးငွေ ချီးမြှင့်ပေးနိုင်ရေး မိမိတို့ဦးဆောင်ကော်မတီက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သတင်းရရှိမှုများကြောင့် ဖမ်းဆီးရမိမှု အမှုတွဲ ၁၁၇ မှုနှင့် ဖမ်းဆီးရမိမှု တန်ဖိုးငွေကျပ် ၂၁၄၀ ဒသမ ၉၅၁ သန်း ဖမ်းဆီးရမိခဲ့ကြောင်း၊ ဖမ်းဆီးရမိပစ္စည်းများအနေဖြင့် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်များနှင့် တရားမဝင်မော်တော်ယာဉ်များ ပါဝင်ကြောင်း။

**ဟာကွက်မရှိအောင် စီမံတားဆီး**

တရားမဝင်ကုန်သွယ်မှု လုပ်ဆောင်နေကြသူများသည် နည်းလမ်းမျိုးစုံ အသုံးပြုပြီး ဆောင်ရွက်နေကြသကဲ့သို့ မိမိတို့ တားဆီးသူများအနေဖြင့်လည်း လုပ်ထုံးလုပ်နည်းများ အရဖြစ်စေ၊ စစ်ဆေးမှုအခြေအနေများ အရဖြစ်စေ၊ ပျော့ကွက် ဟာကွက်မရှိအောင် စီမံတားဆီး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယခုကာလအတွင်း သတင်းပေးပို့မှု ငါးကြိမ်ရှိပြီး ဖမ်းဆီးရရှိမှုမှ သတင်းပေးသူအား ဆုကြေးငွေကျပ် နှစ်ဘီလီယံခန့် သတ်မှတ်ရာခိုင်နှုန်းအရ ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ခဲ့ပါကြောင်း။

ဖမ်းဆီးရမိမှုများကို ကြည့်မည်ဆိုပါက ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လတို့၏ ဖမ်းဆီးရမိမှုများကို နှိုင်းယှဉ်ကြည့်ပါက ဩဂုတ်လအတွင်း ဖမ်းဆီးရရှိမှု ပိုမိုတိုးတက်လာသည်ကို တွေ့ရှိရကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကို ပိုပြီးထိထိရောက်ရောက် ဆောင်ရွက်လာနိုင်ခြင်းသည် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့များ၏ ကြိုးကြပ်ကွပ်ကဲမှု၊ အကောက်ခွန်ဦးစီးဌာနနှင့် OSS ဌာနဆိုင်ရာများ၏ အားစိုက်ကြိုးပမ်းမှု ဖြစ်သကဲ့သို့ သက်ဆိုင်ရာဌာနများ အဖွဲ့အစည်းများကြား အားကောင်းသည့် ပူးပေါင်းဆောင်ရွက်မှုများကြောင့် ဖြစ်ကြောင်း၊ အထူးအဖွဲ့များ၊ ဌာနဆိုင်ရာများအနေဖြင့် ဦးဆောင်ကော်မတီ၏ ညွှန်ကြားချက်များကို အချိန်နှင့်တစ်ပြေးညီ မြန်မြန်ဆန်ဆန် လိုက်ပါဆောင်ရွက်ရန်လည်း လိုအပ်ကြောင်း။

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိထိမိမိဖမ်းဆီးရမိရေး၊ အဂတိတရားကင်းရှင်းရေး၊ တရားဝင်ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးတို့အပြင် ပင်မရည်မှန်းချက်ဖြစ်သည့် တရားမဝင်ကုန်သွယ်မှုလျော့ကျရေး၊ တရားဝင်ကုန်သွယ်မှုလမ်းကြောင်းပေါ် ရောက်ရှိရေးနှင့် တရားမဝင်ကုန်သွယ်မှု၏ ဆိုးကျိုးများကို အများပြည်သူသိရှိစေရန်အတွက် အသိပညာပေးရေး လုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် လုပ်ဆောင်သွားရန်လိုအပ်ကြောင်း။

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးတွင် တိုင်းဒေသကြီး/ပြည်နယ် အထူးအဖွဲ့များ၊ သက်ဆိုင်ရာဌာနများကြား ပိုမိုအားကောင်းသည့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ကြရန်၊ ပြည်တွင်းသယံဇာတများ တရားမဝင်ထုတ်လုပ်နေမှုကို ထိထိရောက်ရောက် တားဆီးအရေးယူရန်၊ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးတွင် တာဝန်ကျဝန်ထမ်းများအနေဖြင့် လာဘ်ပေးလာဘ်ယူမှု ကင်းရှင်းရန်၊ တာဝန်ထမ်းဆောင်ရာတွင် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် တာဝန်ထမ်းဆောင်ကြရန်နှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် တားဆီးကြပ်မတ် ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ အတွင်းရေးမှူး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက ဦးဆောင်ကော်မတီ အစည်းအဝေး (၃/၂၀၂၄) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ဦးဆောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဆောင်ကော်မတီရုံး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ် ဦးအောင်သွင်ဦး၊ ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသင့်မြတ်သူ၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟန်ဝင်းအောင်၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၄/၂၀၂၄)သို့ တင်ပြလာသည့် အမှာစာများကို ဖတ်ကြားတင်ပြကြသည်။

**ရှင်းလင်းဆွေးနွေး**

ဆက်လက်၍ ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဦးဆောင်ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ကာကွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက တရားမဝင်ကုန်သွယ်မှုဆိုင်ရာ သုံးသပ်တွေ့ရှိချက်များ၊ မူးယစ်ဆေးဝါး၊ ထိန်းချုပ် ဓာတုပစ္စည်းများ၊ တရားမဝင်သစ်များ၊ ယာဉ်များ၊ စက်သုံးဆီများ၊ စားသောက်ကုန်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်း ဖမ်းဆီးရမိမှုများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ကာကွယ်တားဆီးရေးဆိုင်ရာကိစ္စရပ်များ၊ ပို့ကုန်၊ သွင်းကုန် နှိုင်းယှဉ်ချက်များနှင့် ကုန်သွယ်ရေးစခန်းများ၌ ကုန်စည်စီးဆင်းနေမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေး တင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပုသိမ်လေဆိပ်သို့ ခရီးသည်လေယာဉ်များ စတင်ပျံသန်းပြေးဆွဲနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပုသိမ် အောက်တိုဘာ ၉**

ပုသိမ်လေဆိပ်သို့ ခရီးသည်လေယာဉ်များ စတင်ပျံသန်းပြေးဆွဲနိုင်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

ဦးစွာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပုသိမ်လေဆိပ်သို့ ခရီးသည်လေယာဉ်များ စတင်ပျံသန်းပြေးဆွဲနိုင်ရေး လုပ်ငန်းဆောက်ရွက်ထားရှိမှုများ၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ခရီးသည်လေယာဉ်များ ဆင်း/တက်အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ပုသိမ်လေဆိပ်ရှိ ဝန်ထမ်းအင်အား၊ ခရီးသည်များ ဝင်/ထွက်အသုံးပြုနိုင်ရေးအတွက် လက်ရှိအဆောက်အအုံအနေအထားများနှင့် လေယာဉ်ခရီးစဉ်ပြေးဆွဲမည့် အစီအစဉ်များ၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် ပုသိမ်လေယာဉ်ကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ၊ ပုသိမ်လေယာဉ်ကွင်း၊ အဆောက်အအုံနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ပုသိမ်လေဆိပ်သို့ ခရီးသည်လေယာဉ်များပြေးဆွဲရာတွင် လုံခြုံရေးကိုလည်း အထူးဂရုပြုဆောင်ရွက်ရန် လိုကြောင်း၊ ခရီးသည်များအား လိုအပ်မည့်ဝန်ဆောင်မှုများ ပေးရန်လိုကြောင်း၊ ခရီးသည်လေယာဉ်များ ပြေးဆွဲမှုများအား အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်လိုပါကြောင်းနှင့် လေယာဉ်ခရီးစဉ်နှင့် ပတ်သက်၍ သက်ဆိုင်ရာဌာနများက အချိတ်အဆက်မိမိဖြင့် စုပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ဖြည့်စွက်မှာကြားခဲ့ပြီး သက်ဆိုင်ရာတာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၉**

ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# သံဝေဇနိယလေးဌာန(ဖွား၊ ပွင့်၊ ဟော၊ စံ)စေတီတော်နှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၉**

နေပြည်တော် သံဝေဇနိယလေးဌာန(ဖွား၊ ပွင့်၊ ဟော၊ စံ)စေတီတော်နှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ရုံးအမှတ်(၃၁) သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ (အပေါ်ထပ်)၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သံဝေဇနိယလေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ) စေတီတော်ကြီး ဘက်စုံမွမ်းမံပြင်ဆင်ခြင်းဆောင်ရွက်ရန်အတွက် သာသနိကအဆောက်အအုံများ ပြုပြင်ခြင်း၊ ရောင်တော်ဖွင့်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကုန်ကျစရိတ်ကို အင်ဂျင်နီယာပညာရှင်အဖွဲ့ဖြင့် တွက်ချက်၍ သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်ပေးစေလိုကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ မြန်မာနိုင်ငံရှိ ထင်ရှားသောဘုရား၊ စေတီ၊ ပုထိုးများကို အများပြည်သူ အွန်လိုင်းမှတစ်ဆင့် ဖူးမြော်လေ့လာနိုင်ရေးအတွက် Pagoda Digital Directory Web Portal ရေးဆွဲဆောင်ရွက်လျက်ရှိရာ သံဝေဇနိယလေးဌာန(ဖွား၊ ပွင့်၊ ဟော၊ စံ) စေတီတော်ဆိုင်ရာတို့အား Pagoda Digital Directory တွင် ထည့်သွင်းနိုင်ရေး စီစဉ်ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် သံဝေဇနိယလေးဌာန(ဖွား၊ ပွင့်၊ ဟော၊ စံ)စေတီတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုသိုလ်ယူဝိုင်းဝန်းဆွေးနွေးပေးကြပါရန် ပြောကြားသည်။



ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက သံဝေဇနိယလေးဌာန(ဖွား၊ ပွင့်၊ ဟော၊ စံ) စေတီတော်နှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များအပေါ် ဆောင်ရွက်ထားရှိမှုနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ စေတီတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကိစ္စရပ်များနှင့် ပတ်သက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်၊ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သံဝေဇနိယလေးဌာန နာယက၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက သံဝေဇနိယလေးဌာန(ဖွား၊ ပွင့်၊ ဟော၊ စံ)စေတီတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ် ကမ္ဘာ့စာပို့တိုက်နေ့အခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၉**

၂၀၂၄ ခုနှစ် ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလူမွန်နှင့် ဦးအောင်မြိုင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် တာဝန်ရှိသူများ၊ ဆုရကျောင်းသားကျောင်းသူများ၊ မိဘများတက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးလူမွန်က ကမ္ဘာ့စာပို့တိုက်သမဂ္ဂက ယခုနှစ်အတွက် ဆောင်ပုဒ်ကို " မြေကမ္ဘာအနှံ့ စာပို့ဝန်ထမ်းရွက် နှစ် ၁၅၀ တိုင် မပျက်ကွက်" (150 years of enabling communi– cation and empowering peoples across nations) ကို ရွေးချယ်သတ်မှတ်ပြီး အများပြည်သူအတွက် စာပို့ဝန်ဆောင်မှုများကို နောင်လာမည့် နှစ်ပေါင်းများစွာအထိ ပေးအပ်ဆောင်ရွက်ရန် ကတိကဝတ်ပြုထားပါကြောင်း ပြောကြားသည်။

ထို့နောက် ဆွစ်ဇာလန်နိုင်ငံအခြေစိုက် ကမ္ဘာ့စာပို့တိုက် သမဂ္ဂဌာနချုပ် (UPU) ညွှန်ကြားရေးမှူးချုပ်ထံမှပေးပို့လာသည့် ၂၀၂၄ ခုနှစ် ကမ္ဘာ့စာပို့တိုက်နေ့ သဝဏ်လွှာ Video Clip၊ ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ် မှတ်တမ်းနှင့် မြန်မာ့စာတိုက်လုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်ချက် Video Clip တို့ကို ပြသပြီး ဒုတိယဝန်ကြီးက (၅၃) ကြိမ်မြောက် အသက် ၁၅ နှစ်နှင့်အောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်)၌ ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။




အခမ်းအနား အပြီးတွင် ဒုတိယဝန်ကြီးများသည် အခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ၂၀၂၄ ခုနှစ် ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (CPU) ၏ တတိယအကြိမ်မြောက် အစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးအဖွဲ့ (CPU) ၏ တတိယအကြိမ်မြောက်အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ CPU အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် အဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးကြသည်။



အစည်းအဝေးတွင် CPU အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးက မိမိတို့ဝန်ကြီးဌာနသည် တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို အဓိကဖော်ဆောင်ပြီး နိုင်ငံတော်၏ စိုက်ပျိုးမွေးမြူရေးကဏ္ဍကို အဓိကတာဝန်ယူဆောင်ရွက်နေခြင်းဖြစ်၍ အဂတိလိုက်စားမှု လုံးဝကင်းရှင်းရန်လိုအပ်ကြောင်း၊ ဌာနများ၏ တိုင်ကြားနိုင်သော E-mail၊ Website များကို အများပြည်သူ ပွင့်လင်းမြင်သာစွာ သိရှိနိုင်ရန် ကြေညာသင်ပုန်းတွင် ထားရှိရန် စီမံဆောင်ရွက်ပြီးစီးမှုများနှင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (PFP) တွင် ပြည်သူထံ SMS ပေးပို့မေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားခြင်း အခြေအနေများကို ယနေ့အစည်းအဝေးတွင် ဆွေးနွေးသွားရန်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဝန်ကြီးဌာနနှင့် ဦးစီးဌာန၊ တက္ကသိုလ်များ၏ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များသို့ အဂတိလိုက်စားမှုများနှင့်ပတ်သက်၍ လွယ်ကူစွာ သတင်းပို့တိုင်ကြားနိုင်ရန်အတွက် အကြံပြုစာ၊ တိုင်ကြားစာ စာတိုက်ပုံး ၇၁ ခု ထားရှိပေးထားသည့်အပြင် အွန်လိုင်းမှလည်း လွယ်ကူစွာ တိုင်ကြားနိုင်ရေးအတွက် တိုင်ကြားနိုင်သည့် E-mail လိပ်စာ ၉၈ ခု ထုတ်ပြန်ထားရှိပြီး ဦးစီးဌာန တက္ကသိုလ် ခြောက်ခုတို့၏ Websites များမှတစ်ဆင့် တိုင်ကြားနိုင်ရန်လည်း စီစဉ်ထားရှိပြီးဖြစ်ကြောင်း၊ ဌာနများအတွင်း အဂတိလိုက်စားမှု မဖြစ်ပေါ်စေရန် ၂၀၂၄ ခုနှစ် စက်တင်ဘာလအထိ စီမံခန့်ခွဲမှုအရ ဆောင်ရွက်ပေးမှု ၃၇ ကြိမ်၊ အသိပညာပေးဟောပြောမှု ၄၅၂ ကြိမ်၊ လက်ကမ်းစာစောင်များ ဖြန့်ဝေမှု ၂၁၆၂ စောင်၊ သင်တန်းပို့ချမှုအကြိမ် ၂၀ နှင့် အလုပ်ရုံဆွေးနွေးပွဲ ကိုးကြိမ် ဆောင်ရွက်နိုင်ခဲ့သည်။

ထို့ပြင် **“စပါးသီးနှံ တစ်ဧကအထွက်နှုန်းတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများ”** ခေါင်းစဉ်ဖြင့် (၃၈) ကြိမ်မြောက် ကျင်းပသည့် စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်၍ သက်ဆိုင်ရာ ကဏ္ဍအသီးသီးမှ ပညာရှင်များက စပါးတစ်ဧက အထွက်နှုန်းတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေ၊ မျိုးကောင်းမျိုးသန့် သုံးစွဲခြင်း၏ အရေးပါမှု၊ မျိုးကောင်းမျိုးသန့်များ ရရှိရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စပါးအထွက်နှုန်းတိုးတက်ရေးအတွက် အရေးကြီးသည့် အခန်းကဏ္ဍတစ်ခုတွင် ပါဝင်နေသော စိုက်ပျိုးနည်းစနစ်များနှင့် ရာသီဥတုပြောင်းလဲမှုကြောင့်ကြုံတွေ့နေရသောအခက်အခဲအတားအဆီးများကို စီမံဖြေရှင်းနိုင်မည့်နည်းလမ်းများကို ဆွေးနွေးတင်ပြကြပြီး အခမ်းအနားတက်ရောက် လာကြသူများက ဖြည့်စွက်အကြံပြုဆွေးနွေးခဲ့ကြသည်။

စကားဝိုင်းဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ သက်ဆိုင်ရာ ဌာနအသီးသီးမှ တာဝန်ရှိများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အစဉ်အလာကြီးမားသည့် ဂုဏ်ဒြပ်ကို အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးမှတစ်ဆင့် ထုတ်ဖော်ပြသကြပါစို့

မောင်ငြိမ်းအေး

**လူမျိုးတစ်မျိုး၏ အဆင့်အတန်းကို ထင်ဟပ်ပြသနိုင်သည်မှာ အနုသုခုမပညာဖြစ်သည်။ လူမျိုးတိုင်း၊ လူမျိုးတိုင်းတွင် ကိုယ်ပိုင်အနုသုခုမ ပညာရပ်တစ်မျိုးစီရှိကြသည်။ အနုသုခုမပညာသည် ကာလ၊ ဒေသနှင့် လူမျိုးတို့၏ ဓလေ့စရိုက်ပေါ်တွင် တည်မှီသည်။ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုသည် ယင်းအနုသုခုမပညာပေါ်တွင် တည်မှီသဖြင့် အနုပညာသည် ယဉ်ကျေးမှု၏ ကြေးမုံပြင်ဟု ဆိုလေသည်။ မည်သည့်တိုင်းပြည်နှင့် လူမျိုးမဆို မိမိတို့၏ ယဉ်ကျေးမှုခိုင်မြဲစွာရှိမှသာလျှင် အမျိုးသားရေးဇာတိမာန်များ အစဉ်ထိန်လင်းထွန်းတောက်နေမည်ဖြစ်သည်။**

မြန်မာနိုင်ငံသည် အနုသုခုမပညာရပ်များ အစုံအလင်ဖြစ်ထွန်းနေသည့် ယဉ်ကျေးမှု အဆင့်အတန်း မြင့်မားသော နိုင်ငံဖြစ်သည်။ မိမိတို့၏ ယဉ်ကျေးမှု အစဉ်အလာ တည်တံ့အောင် ကြိုးပမ်းဆောင်ရွက်ခြင်းသည် မြန်မာတို့၏ ယဉ်ကျေးမှုဂုဏ်ရောင် ထွန်းပြောင်ခြင်းပင်ဖြစ်သည်။ ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြစ်သည်။ မြန်မာတို့၏ ယဉ်ကျေးမှုသည် မြန်မာတို့၏ အသက်ဝိညာဉ်ဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှု ဆိတ်သုဉ်းပျောက်ကွယ်လျှင် မြန်မာလူမျိုးဟူသည် ဤကမ္ဘာတွင် ပျောက်ကွယ်နေမည်ဟု ဆိုချင်သည်။ ထို့ကြောင့် ယဉ်ကျေးမှုသည် မြန်မာတို့၏ အသက်ဝိညာဉ်ဟုဆိုခြင်းဖြစ်သည်။ ကမ္ဘာပေါ်ရှိ ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားသော လူမျိုးတိုင်းသည် မိမိတို့၏ ဂန္ထဝင်မြောက်သည့် ယဉ်ကျေးမှုများကို ဂုဏ်ယူဝင့်ကြွားစွာဖြင့် ထိန်းသိမ်းစောင့်ရှောက်နေကြသည်။

### ခံစားမှုရသများပေးစွမ်း

ယဉ်ကျေးမှုအနုသုခုမပညာရပ်များတွင် လူတို့အား စိတ်ခံစားချက်တစ်မျိုးမျိုး ပေးစွမ်းနိုင်သော သိမ်မွေ့နက်နဲသည့် အနုသုခုမပညာရပ်များ ပါဝင်နေသည်။ အခြေခံသဘောအရ အဆို၊ အက၊ အရေး၊ အတီးတို့သည် ပညာရပ်သီးခြားစီဖြစ်သော်လည်း အနုပညာသဘောအရ တစ်ခုနှင့်တစ်ခု တွဲဆက်လျက်ရှိခြင်း၊ တစ်ခုနှင့်တစ်ခု ကျေးဇူးပြုလျက်ရှိခြင်း၊ နီးစပ်ခြင်း၊ ပေါင်းစပ်ခြင်း၊ တုံ့ပြန်ခြင်းသဘောရှိသည်။ ဝမ်းမြောက်ခြင်း၊ ဝမ်းနည်းခြင်း၊ နှစ်သက်ခြင်း၊ စက်ဆုပ်ခြင်း၊ ထိတ်လန့်ခြင်း၊ တည်ငြိမ်ခြင်း၊ အားတက်ခြင်း၊ အံ့သြခြင်း၊ ကရုဏာဖြစ်ခြင်းတည်းဟူသည့် စိတ်အရသာကိုးပါးအနက် တစ်ပါးပါး၏ ခံစားမှုရသများကို ဖြစ်စေသည်။ အဆိုပါ စိတ်အရသာ ခံစားချက်များကို ပေးစွမ်းနိုင်သည့် အနုသုခုမ ပညာရပ်များအနက် အဆို၊ အက၊ အရေး၊ အတီး အနုပညာရပ်များမှ တစ်မျိုးစီဖြစ်စေ၊ ပေါင်းစပ်၍ဖြစ်စေ ပေးစွမ်းနိုင်သည်။

ထိုပညာရပ်များအား တွဲဖက်ပါဝင်သော အစုအဖွဲ့ကို သဘင်ဟုခေါ်သည်။ သဘင်ပညာဖြင့် လူ့သဘာဝ၊ လောကသဘာဝတို့ကို အနုပညာရှင်တို့က ထိရောက်စွာ သရုပ်ဖော်နိုင်သည်။ အလွမ်း၊ အဆွေး၊ အသောတည်းဟူသော စိတ်အရသာကိုးပါးကို ထိထိမိမိ ဖော်ကျူးနိုင်သည်။ သဘင်တွင် အဆို၊ အက၊ အရေး၊ အတီး ကဏ္ဍလေးရပ်ကို ပေါင်းစုထုတ်ဖော်ထားသည်။ ထို့ကြောင့် အဆို၊ အက၊ အရေး၊ အတီး၏ အနှစ်သည် သဘင်ဟု ဆိုနိုင်သည်။ လူမျိုးတစ်မျိုး၏ စွမ်းစွမ်းတမံဆောင်ရွက်မှုများထက် ထိုလူမျိုး၏ အနုပညာက ထိုလူမျိုး၏ ဓလေ့စရိုက်၊ လူနေမှု အဆင့်အတန်းတို့ကို ပို၍ထင်ဟပ်ပြနိုင်သည်ဟု အချို့ ပညာရှင်များက ယူဆထားကြသည်။ မြန်မာတို့၏ အနုသုခုမပညာရပ်များတွင် အဆို၊ အက၊ အရေး၊ အတီးပညာရပ်အသီးသီးတို့သည် မြန်မာတို့၏ လူနေမှု အဆင့်အတန်း၊ စိတ်သဘောထား ဓလေ့စရိုက်များကို ထင်ဟပ်ဖော်ပြလျက်ရှိသည်သာမက မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားခဲ့မှုများကိုလည်း ထုတ်ဖော်ပြသလျက်ရှိသည်။

### ခေတ်ဟောင်းတေးသံသာ

မြန်မာနိုင်ငံတွင် ပျူခေတ်ယဉ်ကျေးမှု ထွန်းကားချိန်မှစ၍ ကုန်းဘောင်ခေတ် ကုန်ဆုံးချိန်အထိ မြန်မာ့သဘင်၊ မြန်မာ့ဂီတတို့ စည်ပင်ဖွံ့ဖြိုးခဲ့သည်။




ကုန်းဘောင်ခေတ်တွင် နန်းတွင်းဇာတ်တော်ကြီးများ၊ ရုပ်စုံသဘင်များ ခင်းကျင်းပြသခဲ့သည်။ ထီးနန်းဝန်းကျင်ဘွဲ့၊ ဘုန်းတော်ဘွဲ့၊ သဘာဝဘွဲ့၊ အချစ်ဘွဲ့၊ အလွမ်းဘွဲ့စသည့် အကြောင်းအရာများကို ရေးဖွဲ့သော ကြိုး၊ ဘွဲ့၊ သီချင်းခံ၊ ပတ်ပျိုး၊ ယိုးဒယား စသည့် တေးဂီတအမျိုးမျိုး ပေါ်ထွန်းခဲ့သည်။ ဗုံကြီးသံ၊ စည်တော်သံ၊ အိုးစည်သံ၊ ဒိုးပတ်သံ၊ ကောက်စိုက်တေး၊ မောင်းထောင်းတေး စသည်ဖြင့် သာမန်ပြည်သူတို့ကြားမှ ပေါ်ပေါက်လာသော ပြည်သူ့တေးသံများ၊ မွန်သံ၊ ကရင်သြသံ၊ ထားဝယ်ဒိန်းသံ စသည့်တိုင်းရင်းသားတေးသံများလည်း ကုန်းဘောင်ခေတ်တွင် အတော်အသင့် ပေါ်ပေါက်လာခဲ့သည်။

၁၉ ရာစုကုန်ခါနီးတွင် မြန်မာတစ်နိုင်ငံလုံး ကိုလိုနီနယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့ရပြီးနောက် ၂၀ ရာစုအဦးပိုင်းမှစ၍ မြန်မာ့အနုပညာ လမ်းကြောင်းသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲလာသည်။ သီပေါမင်းပါတော်မူပြီးနောက် သဘင်ဂီတ အနုပညာရှင်များသည် ကိုယ့်အရှင်သခင်မရှိတော့သည့်အတွက် မင်းနေပြည်တော်တွင် ရပ်တည်မနေနိုင်တော့ဘဲ တကွဲတပြားဖြစ်ပြီး မြို့ရွာအနှံ့ လှည့်လည်ကာ တတ်သည့်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ ရုပ်စုံပညာရှင်ကြီးများသည် ပန်းပင်လှည့်မြေဝိုင်းဇာတ်အဖွဲ့၊ ရုပ်စုံခေါ်ရုပ်သေးအဖွဲ့များဖွဲ့ပြီး နိုင်ငံတစ်ဝန်း ကပြကြသည်။

### ခေတ်နှင့်အညီဆန်းသစ်

ထိုမှ ဇာတ်ခုံနှင့် တင်ဆက်ကပြသော ဇာတ်ပွဲသဘင်ဟု ပေါ်ပေါက်လာသည်။ သဘင်ဂီတပညာရှင်များသည် ကိုယ့်အရှင်သခင်ကိုယ်တမ်းတကာ ဇာတိမာန်လှုံ့ဆော်သော တေးများကို ရေးဖွဲ့ပြီး ရုပ်သေးစင်၊ ဇာတ်စင်ပေါ်မှ သီဆိုကပြကြသည်။ ၂၀ ရာစုဆန်းခါနီးတွင် ပေါ်ပေါက်လာသော **"သီဟာပျံနန်းဘုံ မြင့်မှာလ"၊ "ပြည်ကုန်းဘောင်"** သီချင်းတို့မှာ ထင်ရှားသည်။ ၂၁ ရာစုဆန်းတွင် ပေါ်ပေါက်လာသော "ရွှေပြည်ကြီး" သီချင်းသည် ရွှေပြည်တော်ကို တမ်းတကာဇာတိမာန်ကို လှုံ့ဆော်သော သီချင်းဖြစ်သည်။ ထို့နောက် ခေတ်နှင့်အညီ ဆန်းသစ်လာသော တေးသီချင်းအမျိုးမျိုးပေါ်ပေါက်လာသည်။

ဤသို့ဖြင့် ရုပ်စုံသဘင်၊ မြေဝိုင်းဇာတ်၊ ဇာတ်သဘင်၊ အငြိမ့်သဘင်၊ ဓာတ်ပြား၊ ရေဒီယို စသည်တို့ အမျိုးမျိုးပေါ်ပေါက်လာသော ကာလတစ်လျှောက်တွင် သဘင်ဂီတပညာရှင်များသည် တေးအမျိုးမျိုး ရေးဖွဲ့သီဆိုကြသည်။ ဇာတိမာန်လှုံ့ဆော်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားရေးတေးများ၊ တိုင်းပြုပြည်ပြုတေးများသည် အချစ်၊ အလွမ်း၊ သဘာဝတေး စသည့်တေးများနှင့်အတူ ပြည်သူတို့၏ နှုတ်ဖျားတွင် ရေပန်းစားလာခဲ့သည်။ လွတ်လပ်ရေးရပြီးနောက်တွင် သဘင်ဂီတပညာရှင်များသည် လွတ်လပ်သော မြန်မာနိုင်ငံ ပြန်လည်ထူထောင်ရေးအတွက် ကျရာအခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားကြသည်။ သဘင်ပညာသည်များသည် မြန်မာ့ရိုးရာသဘင်ကို ထိန်းသိမ်းရင်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်ကြသည်။ ဂီတပညာရှင်များကလည်း **"ဂီတစွမ်းအားပြည့်ထွန်းကား"** ဆောင်ပုဒ်နှင့်အညီ ပါဝင်ဆောင်ရွက်ကြသည်။

### ငွေရတုအထိမ်းအမှတ်

မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များကို စဉ်ဆက်မပြတ် ဖော်ထုတ်နေခြင်းသည် ထိန်းသိမ်းစောင့်ရှောက်နေခြင်းမည်ပါသည်။ အကယ်၍သာ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာများကို မဖော်ထုတ်နိုင်၊ မထိန်းသိမ်းနိုင်၊ မကျင်းပနိုင်၊ မဆင်နွှဲနိုင်ခဲ့လျှင် ဆိုပါမူ ခေတ်ပေါ်ရေစီးကြောင်းတို့ လွှမ်းမိုးပြီး အစဉ်အလာကြီးမားခဲ့သည့် မြန်မာတို့၏ ယဉ်ကျေးမှု အနုသုခုမပညာရပ်များ မှေးမှိန်ပျောက်ကွယ်သွားမည်မှာ သေချာပါသည်။ မြန်မာတို့၏ အမျိုးသား ယဉ်ကျေးမှုအနုသုခုမပညာရပ်များ မမှေးမှိန်၊ မပျောက်ကွယ်စေရန်အတွက် နိုင်ငံ့ခေါင်းဆောင်များက အမြော်အမြင်ကြီးမားစွာဖြင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နှစ်စဉ်နှစ်တိုင်း ကျင်းပပေးခဲ့ရာ ယခုအခါ (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ်ကာလသို့ပင် ရောက်ရှိလာခဲ့ပြီဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာရပ်များကို စဉ်ဆက်မပြတ် ရှင်သန်အောင်၊ ဖွံ့ဖြိုးတိုးတက်အောင် ဖော်ထုတ်ပေးခဲ့သည့် အစိုးရအဆက်ဆက်နှင့် ဝါသနာရှင်များ၊ ပညာရှင်များအားလုံးကို ကျေးဇူးတင်ရမည်ဖြစ်သည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို ၁၉၉၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ (၂၂) နှစ် (၂၂) ကြိမ်တိုင်တိုင် နှစ်စဉ်မပျက် ကျင်းပပေးနိုင်ခဲ့သည်။ ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ငါးနှစ်ကြာအောင် ကျင်းပနိုင်ခြင်းမရှိခဲ့သဖြင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအနုပညာရပ်များ မှေးမှိန်ကင်းကွာစပြုလာသည်။ ထိုကာလများတွင် မြန်မာ့ရိုးရာ အနုသုခုမပညာရပ်များသာမက ဘာသာ သာသနာ ယဉ်ကျေးမှုပုံရိပ်များပါ မှေးမှိန်ပျက်ယွင်းလာသည်ကို သတိထားမိကြမည်ဖြစ်သည်။

> ❝ယဉ်ကျေးမှုအနုသုခုမပညာရပ်များတွင် လူတို့အား စိတ်ခံစားချက်တစ်မျိုးမျိုး ပေးစွမ်းနိုင်သော သိမ်မွေ့နက်နဲသည့် အနုသုခုမပညာရပ်များ ပါဝင်နေသည်။ အခြေခံသဘောအရ အဆို၊ အက၊ အရေး၊ အတီးတို့သည် ပညာရပ်သီးခြားစီဖြစ်သော်လည်း အနုပညာသဘောအရ တစ်ခုနှင့်တစ်ခု တွဲဆက်လျက်ရှိခြင်း၊ တစ်ခုနှင့်တစ်ခု ကျေးဇူးပြုလျက်ရှိခြင်း၊ နီးစပ်ခြင်း၊ ပေါင်းစပ်ခြင်း၊ တုံ့ပြန်ခြင်းသဘောရှိသည်။ ဝမ်းမြောက်ခြင်း၊ ဝမ်းနည်းခြင်း၊ နှစ်သက်ခြင်း၊ စက်ဆုပ်ခြင်း၊ ထိတ်လန့်ခြင်း၊ တည်ငြိမ်ခြင်း၊ အားတက်ခြင်း၊ အံ့သြခြင်း၊ ကရုဏာဖြစ်ခြင်းတည်းဟူသည့် စိတ်အရသာကိုးပါးအနက် တစ်ပါးပါး၏ ခံစားမှုရသများကို ဖြစ်စေသည်။ အဆိုပါ စိတ်အရသာခံစားချက်များကို ပေးစွမ်းနိုင်သည့် အနုသုခုမပညာရပ်များအနက် အဆို၊ အက၊ အရေး၊ အတီး အနုပညာရပ်များမှ တစ်မျိုးစီဖြစ်စေ၊ ပေါင်းစပ်၍ဖြစ်စေ ပေးစွမ်းနိုင်❞

### ပြန်လည်ကျင်းပ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်သည့် ကာလတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြဋ္ဌာန်းချက်ပါ ပုဒ်မ (၂၇) အရ

**စာမျက်နှာ ၁၁ သို့** ☆

# ပညာရေးဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၄ ခုနှစ် မြို့နယ်ငါးမြို့နယ် စဉ်ဆက်ပညာရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ



**နေပြည်တော်　အောက်တိုဘာ ၉**

ပညာရေးဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် မြို့နယ်ငါးမြို့နယ် စဉ်ဆက်ပညာရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ စေတနာလုပ်အားပေးနည်းပြများနှင့် ကြီးကြပ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် စဉ်ဆက်ပညာရေးလုပ်ငန်း ဗဟိုကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ ကျောင်းပြင်ပ ပညာရေးကဏ္ဍ၏ အဓိကလုပ်ငန်းများဖြစ်သည့် အခြေခံစာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေးတို့ကို နှစ်စဉ်တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ငါးမြို့နယ် စဉ်ဆက်ပညာရေးလုပ်ငန်းမှ ကနဦးကောက်ယူရရှိထားသည့် စာသင်သား ၄၉၆၁ ဦး၊ စာသင်ဝိုင်းပေါင်း ၄၇၉ ဝိုင်းဖြင့် စေတနာလုပ်အားပေးနည်းပြ၊ ကြီးကြပ် ၁၀၀၇ ဦးတို့က တစ်ရက်ပျမ်းမျှ သုံးနာရီနှုန်းဖြင့် ပျမ်းမျှ နာရီပေါင်း ၂၇၀၊ ရက်ပေါင်း ၉၀ ကြာ စာဖတ်ရှိန်မြှင့်တင်ခြင်း၊ ဝင်ငွေတိုးပွားရေးအတွက် ချိတ်ဆက်ပေးခြင်းနှင့် ဘဝသာယာရေး အသိပညာပေးခြင်းအစီအစဉ်(၃)ရပ်ပါဝင်သည့် လုပ်ငန်းဆောင်တာများကို အသိပညာပေးခြင်း၊ မျှဝေပေးခြင်းစသည့် သင်ကြားသင်ယူမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စဉ်ဆက်ပညာရေးလုပ်ငန်း တိုင်းဒေသကြီး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း အခြေခံစာတတ်မြောက်ရေး လုပ်ငန်းများနှင့် စဉ်ဆက်ပညာရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဧရာဝတီတိုင်းဒေသကြီး မြို့နယ်ငါးမြို့နယ်အတွက် စဉ်ဆက်ပညာရေးလုပ်ငန်းကြီးကြပ်၊ နည်းပြများနှင့် စာသင်သားသုံး ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆရာ ဆရာမများကို ဂုဏ်ပြုဆုငွေများ ပေးအပ်ကာ စာသင်သားနှင့် နည်းပြများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။ ရက်ပေါင်း ၉၀ စဉ်ဆက်ပညာရေးလုပ်ငန်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၈ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၈ ရက်အထိ ကျင်းပဆောင်ရွက်ရန် စီစဉ်ထားကြောင်း သိရသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း၊ ပုသိမ်တက္ကသိုလ်၊ ဇီဝအရင်းအမြစ်နှင့် ဇီဝနည်းပညာဖွံ့ဖြိုးရေးဌာန၊ ပုသိမ်ပညာရေးဒီဂရီကောလိပ်၊ ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူးရုံး၊ ညောင်တုန်းမြို့နယ် ဖရုံဆိပ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းနှင့် ညောင်တုန်းမြို့နယ် မဲဇလီကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဇလွန်မြို့နယ်၌ တစ်လုံးထိုးဒီဇယ်အင်ဂျင်ပြုပြင်ထိန်းသိမ်းနည်း (အခြေခံ)သင်တန်းဖွင့်လှစ်



**ဟင်္သာတ အောက်တိုဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် အဖျဉ်းလယ်ဦးစံပြကျေးရွာ၌ တစ်လုံးထိုးဒီဇယ် အင်ဂျင် ပြုပြင်ထိန်းသိမ်းနည်း (အခြေခံ) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီက အဆိုပါကျေးရွာရှိ ဘိုးဘွားရိပ်သာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဇလွန်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်လင်းက အဖွင့်အမှာစကား ပြောကြားပြီး ဟင်္သာတခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဇင်မာထွေးက ခေတ်မီကျေးရွာများရှိ ကျေးလက်နေ ပြည်သူများ၏ ဝင်ငွေတိုးရေး ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများ အကြောင်းနှင့် စီမံကိန်းသင်တန်းများဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အဖျဉ်းလယ်ဦးစံပြကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်က မိမိတို့ဒေသအတွင်း စီမံကိန်းသင်တန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးမှုအပေါ် ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ တစ်လုံးထိုးဒီဇယ် အင်ဂျင် ပြုပြင်ထိန်းသိမ်းနည်း (အခြေခံ)သင်တန်းကို သင်တန်းသား ၁၁ ဦးဖြင့် အောက်တိုဘာ ၉ ရက်မှ ၂၃ ရက်အထိ ၁၅ ရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး ထူးချွန်သင်တန်းသား ငါးဦးတို့အား လုပ်ငန်းသုံး စက်ပစ္စည်းအစုံဖြင့် ကိုယ်ပိုင်လုပ်ငန်း ထူထောင်နိုင်ရေး သက်ဆိုင်ရာဌာနက ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

☆ **စာမျက်နှာ ၁၀ မှ**

နိုင်ငံတော်သည် အမျိုးသားယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ခိုင်မာရေးနှင့် စောင့်ရှောက်ထိန်းသိမ်းရေးအတွက် ကူညီဆောင်ရွက်မည့်အချက်အရ လည်းကောင်း၊ ပုဒ်မ(၃၃) အရ နိုင်ငံတော်သည် လူငယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနှင့် ဗလငါးတန်တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်မည့်အချက်အရ လည်းကောင်း၊ ပုဒ်မ ၃၆၀ (က)အရ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း အချက်အရလည်းကောင်း မြန်မာ့ယဉ်ကျေးမှုထွန်းကားပြန့်ပွားရေးကို အလေးအနက်ထားပြီး ရပ်ဆိုင်းထားခဲ့သော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ပြန်လည်ကျင်းပပေးခဲ့သည်။

၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့်ပြိုင်ပွဲများကို နေပြည်တော်တွင် ခြိမ့်ခြိမ့်သဲသဲ အောင်အောင်မြင်မြင် ကျင်းပခဲ့ပြီး ယခု ၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် စသည်ဖြင့် အဆင့်ဆင့်ကျော်ဖြတ်ပြီး ဗဟိုအဆင့်ပြိုင်ပွဲကြီးသို့ပင် ရောက်ရှိတော့မည်ဖြစ်သည်။ ငွေရတုမြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ယခင်နှစ်များကဲ့သို့ပင် ပြိုင်ပွဲဝင် အနုပညာကဏ္ဍများအလိုက် စုံစုံလင်လင်၊ အကဲဖြတ်ပညာရှင်ကြီးများ သိုက်သိုက်ဝန်းဝန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မျိုးဆက်သစ်ပြိုင်ပွဲဝင် လူငယ်မောင်မယ်များ ရွက်ပုန်းသီးအနုပညာရှင်များ အင်ပြည့်အားပြည့်ဖြင့် ပြိုင်ပွဲဝင်ခဲ့ကြ၊ ဗဟိုအဆင့်တွင် အောင်ပန်းဆွတ်ခူးရယူနိုင်ရန် အသင့်ဖြစ်နေကြသည်မှာ ဝမ်းမြောက်စရာဖြစ်သည်။

**လွမ်းမောတက်ကြွဖွယ်**

(၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၌ မြန်မာတို့၏ ဂုဏ်ယူဖွယ်ရာ ရှေးအစဉ်အလာပညာရပ်များ အားလုံးပါဝင်နေသည်ကို တွေ့ရသည်။ ဟောင်းသော်လည်း မရိုးနိုင်သည့် ဘိုးဘွားအမွေအနှစ် အနုပညာရပ်များကို မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် တစုတဝေးတည်း ထုတ်ဖော်တင်ဆက်ထားသည်။ အဆိုပြိုင်ပွဲ မဟာဂီတတေးသီချင်းတွင် စုံသာမြိုင်လယ်၊ ဆဒ္ဒန်အိုင်သာ၊ သီလာဝေယံ၊ လေပြည်ဆော့သွင်းမြူး၊ မြိုင်ဟေမာစသည့်သီချင်းများ။ ခေတ်ဟောင်းတေး၊ ကာလပေါ်တေးများတွင် ဥသြဘသောင်း၏ မြဘယက်၊ စွဲမက်တဲ့ အာရုံ၊ ဘုံဓမ္မတာ၊ ဦးသိန်းကြွယ်၏ ရပ်ကြီးသူ၊ ဝင်းဦး၏ ညီတော်မင်းနန်၊ မေတ္တာဝေသံဆန်း၊ ဒေါ်ကြည်အောင်၏ ရွှေတိဂုံသမိုင်း၊ တောင်သူပျို့၊ ကြည်ကြည်ဌေး၏ သုံးဆယ့်ရှစ်ဖြာမင်္ဂလာ၊ မာမာအေး၏ စည်တော်ကြီး၊ ထား၏ ပြိုင်ပွဲကြီး၊ ဂီတလုလင်ဦးကိုကို၏ မာန်၊ ကိုမင်းနောင်၏ ဂျင်မလေးဂျမ်း၊ ခင်မောင်ရင်၏ မဟာဇနက၊ တင်တင်မြ၏ နွေမိုးဆောင်း စသည်တို့သည် ဟောင်းသော်လည်း မရိုးနိုင်သည့် လွမ်းမောဖွယ်၊ တက်ကြွဖွယ် တေးများဖြစ်သည်။

**စုံလင်စွာပါဝင်ယှဉ်ပြိုင်**

အတီးပြိုင်ပွဲ "စောင်း" တွင် ဖြူပြာမူရာ၊ တောတောင်စွယ်၊ ထောင်ရောင်နေ၊ စိန်မြရုံခြယ်၊ ခိုင်ပန်းစုံ၊ ပန်းဟေဝန်၊ သည်ဆောင်းဟေမာန်စသည့် ယိုးဒယား၊ သီချင်းခံ၊ ကြိုး၊ ဘွဲ့၊ ပတ်ပျိုး၊ မွန်စသည်တို့ဖြင့် စုံလင်သည်။ အတီးပြိုင်ပွဲ "စန္ဒရား" တွင် တောမြိုင်ခြေလမ်း၊ ယသော်ဓရာ၊ နှစ်ကိုယ်သစ္စာ၊ မွှေးလွန်းသည့်ပန်း၊ ချစ်သမျှကို၊ မဲဇာတောင်ခြေ၊ ချစ်ဦးမောင့်ထံပြန်လာပါ၊ ချောကလျာ၊ နှစ်ယောက်ထဲနေချင်တယ်စသည့်ငြိမ့်ညောင်းသာယာ လွမ်းမောဖွယ်တေးသီချင်းများပါဝင်သည်။ အလားတူ အတီးပြိုင်ပွဲ၌ "ပတ္တလား၊ တယော၊ မယ်ဒလင်၊ ဂီတာ၊ ဒုံမင်း၊ နှဲ၊ ပလွေ၊ အိုးစည်၊ ဒိုးပတ်၊ ဆိုင်း" စသည့်တေးသွားမျိုးစုံ ပါဝင်သည်။ အကပြိုင်ပွဲတွင် မြန်မာအက အခြေခံကဗျာလွတ်၊ တိုင်းရင်းသားရိုးရာအက၊ ကျေးလက်ရိုးရာအက၊ ချင်းတိုင်းရင်းသားရိုးရာအက၊ မဟာဇနကဇာတ်တော်ကြီးပြိုင်ပွဲ၊ ဝေဿန္တရာဇာတ်တော်ကြီးရုပ်စုံသဘင်ပြိုင်ပွဲ၊ ရုပ်သေးကြိုးဆွဲပြိုင်ပွဲစသည်တို့ စုံလင်စွာဖြင့် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

**ယဉ်ကျေးမှုကိုမြှင့်တင်**

မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ ယဉ်ကျေးမှုဂုဏ်ကို လှစ်ဟဖော်ထုတ်ပြသမည့် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့်ပြိုင်ပွဲကြီး မကြာမီကျင်းပတော့မည် ဖြစ်သည်။ ပြိုင်ပွဲအဆင့်ဆင့်မှတစ်ဆင့် ဆန်ခါတင်အနုသုခုမပညာရှင်များ၊ ဝါသနာရှင်အသီးသီးတို့၏ အနုပညာစွမ်းပကားများကို မြင်တွေ့ခွင့်ရတော့မည်ဖြစ်သည်။ ရှေးအစဉ်အလာမပျက် ထူးခြားလေးနက်သည့် မြန်မာတို့၏ ယဉ်ကျေးမှုအနုသုခုမပညာရပ်များ မပျောက်ပျက်ဘဲ ပေါ်ထွက်လာသည်မှာ ဝမ်းမြောက်ဂုဏ်ယူစရာ ဖြစ်သည်။ မြင့်မားသည့် ယဉ်ကျေးမှုစရိုက်လက္ခဏာများနှင့်ပြည့်စုံသည့် မြန်မာနိုင်ငံအနေဖြင့် ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်ဓလေ့ထုံးတမ်းစဉ်လာများကို ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်အားပေးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ အစဉ်အလာကြီးမားသော မြန်မာတို့၏ ယဉ်ကျေးမှုအနုသုခုမပညာများကို ထိန်းသိမ်းမြှင့်တင်ပါမှ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မား၍ ချစ်ခင်စည်းလုံးညီညွတ်ပြီး နှလုံးမွေ့လျော်ဖွယ်ကောင်းသော ပြည်ထောင်စုမြန်မာနိုင်ငံအဖြစ် အခွန့်ရှည်ကြာတည်ဆောက်ထားနိုင်မည်ဖြစ်သည်။ မြန်မာတို့၏ ဂုဏ်ယူဝင့်ကြွားဖွယ်ရာ အမျိုးသားယဉ်ကျေးမှုကို ထုတ်ဖော်ပြသမည့် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို အားပေးမြှင့်တင်ပြီး ကြိုဆိုဂုဏ်ပြုလိုက်ရပါကြောင်း။ ။

**ကိုးကားချက်**

- **မြန်မာ့စွယ်စုံကျမ်း အတွဲ ၁၂။**
- **(၂၄) ကြိမ်နှင့် (၂၅) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသတင်းများ။**

၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့

INTERNATIONAL DAY FOR DISASTER RISK REDUCTION (2024)

"အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့၊ မျိုးဆက်သစ်တို့စွမ်းအား မြှင့်တင်စို့"

"Empowering the next generation for a resilient future"

အောက်တိုဘာလ (၁၃) ရက်

## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ရေဘေးဒဏ်ခံစားရသောဒေသများအတွက် အလှူရှင်များက အလှူငွေများလှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၉**

ရေဘေးဒဏ် ခံစားရသောဒေသများအတွက် အလှူငွေပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ယနေ့ မွန်းလွဲပိုင်းက ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တက်ရောက်၍ အလှူငွေများ လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။




အဆိုပါ အခမ်းအနားတွင် (၂၀၁၁-၂၀၁၆) ဒုတိယဝန်ကြီး (အငြိမ်းစား) များက ငွေကျပ်သိန်း ၃၀၊ လမ်းမတော် အမှတ်(၆) အောင်မြေရပ် ချောက်မြို့နေ နိုင်ငံ့အေးဆန်ပွဲရုံ သားသမီးမြေးမြစ်သားစု၊ ကာယဉာဏလုပ်သားများနှင့် ရောင်းသူဝယ်သူများက ငွေကျပ်သိန်း ၅၀၀ နှင့် Money King Company Limited က ငွေကျပ် သိန်း ၁၀၀ စုစုပေါင်းငွေကျပ်သိန်း ၆၃၀ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## နယ်စပ်ရေးရာဝန်ကြီးဌာနက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရေဘေးသင့်ပြည်သူများအား စားနပ်ရိက္ခာနှင့် မီးဖိုချောင်သုံးပစ္စည်းများ ထောက်ပံ့လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၉**

နယ်စပ်ရေးရာဝန်ကြီးဌာနသည် ရေနစ်မြုပ်ပျက်စီးခဲ့သော ဒေသများဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် သနပ်ပင်ဆိပ်(အရှေ့)ကျေးရွာရှိ ရေဘေးသင့်အိမ်ထောင်စုများ၊ တပ်ကုန်းမြို့နယ် ရှောက်ကုန်းရွာ၊ ကျို့ပင်ကုန်းရွာ၊ ကံကြီးကျေးရွာတို့ရှိ ရေဘေးသင့်အိမ်ထောင်စုများအတွက် ဆန်တစ်တင်းခွဲအိတ် ၄၂ အိတ်၊ ဆီပိဿာ ၂၀၀၊ မီးဖိုချောင်သုံးပစ္စည်းများဖြစ်သည့်ဒန်အိုးအစုံ ၃၀ ကိုလည်းကောင်း၊ ပျဉ်းမနားမြို့နယ် မနှင်းဆီကျောင်း ရေဘေးကယ်ဆယ်ရေးစခန်း၊ တပ်ကုန်းမြို့နယ် ဘုရင့်နောင်ဘိုးဘွားရိပ်သာရေဘေးကယ်ဆယ်ရေးစခန်းနှင့် မဟာဇနကကျောင်း ရေဘေးကယ်ဆယ်ရေးစခန်းတို့ရှိ ရေဘေးသင့်ပြည်သူများအတွက် ဆန်တစ်တင်းခွဲအိတ် ၃၅ အိတ်၊ ဆီ ၄၇ ပိဿာ၊ ဆား ၁၅ ပိဿာ၊ စည်သွတ်ဘူး ၂၁၀၀၊ အဝတ်အထည် ၁၂၈ ထည်နှင့် ခြုံစောင် ၁၅၀ တို့ကိုလည်းကောင်း ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းမိသားစုများက ယမန်နေ့ နံနက်ပိုင်းက လက်ဝယ်အရောက် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တောင်ငူနည်းပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ကြည့်ရှုလေ့လာ

**နေပြည်တော် အောက်တိုဘာ ၉**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန တောင်ငူနည်းပညာတက္ကသိုလ် သုတနည်းပညာဘာသာရပ်မှ ပထမနှစ်နှင့် တတိယနှစ် ကျောင်းသားကျောင်းသူ ၄၁ ဦးနှင့် ကြီးကြပ်သူ ဆရာမ နှစ်ဦး စုစုပေါင်း ၄၃ ဦးတို့သည် ယနေ့နံနက်ပိုင်းက နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ကြည့်ရှုလေ့လာကြသည်။

ဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပင်မအဆောက်အဦရှိ Auditorium ခန်းမ၌ "နှုပျို ဆန်းသစ် (၇၈) နှစ်မှသည် ပြည်သူ့အတွက် MRTV" Video Clip အားပြသပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများက "အားလုံးချစ်သည် MRTV" တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်သည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားရှိ News Channel Studio တွင် သတင်းထုတ်လွှင့်မှုများ၊ Central Equiment Roomများ၊ 9Meter Earth Station များနှင့် Air-con Chiller System တို့ကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် လေ့လာရေးအဖွဲ့များသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်မှုများတွင် အသုံးပြုခဲ့သည့် စက်ပစ္စည်းများ၊ တိုက်ရိုက်ထုတ်လွှင့်ရေး မော်တော်ယာဉ်များ၊ သတင်းတင်ဆက်မှုပုံစံငယ်များ၊ ခေတ်အဆက်ဆက် ထုတ်လွှင့်တင်ဆက်ခဲ့သည့်အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊ တူရိယာပစ္စည်းများ၊ သတင်းစတူဒီယိုခန်းများ၊ ရေဒီယိုအစီအစဉ်တွင် အသုံးပြုခဲ့သည့် ခေတ်ဟောင်းဓာတ်ပြားများနှင့် အခြားအသုံးအဆောင် ပစ္စည်းများ စသည့် စုစုပေါင်းပြခန်း ၄၀ တွင် ခင်းကျင်း ပြသထားရှိမှုများအား လေ့လာကြပြီး သိရှိလိုသည်များ မေးမြန်းမှုအပေါ် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သိရသည်။



**သတင်းစဉ်**

## မိတ္ထီလာမြို့နယ်၌ မိုးနှောင်းချည်မျှင်ရှည်ဝါ ၅၁၇၈ ဧက စိုက်ပျိုးပြီးစီး

**မိတ္ထီလာ အောက်တိုဘာ ၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မိုးနှောင်းချည်မျှင်ရှည်ဝါစိုက်ဧက ၇၉၈၆ ဧက စိုက်ပျိုးသွားရန် သတ်မှတ်လျာထားရာမှ ၅၁၇၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်တွင် မိတ္ထီလာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၏ ကြီးကြပ်မှုဖြင့် မြို့နယ်အတွင်း၌ မိုးနှောင်းချည်မျှင်ရှည်ဝါစိုက်ဧက ၇၉၈၆ ဧက စိုက်ပျိုးသွားရန် လျာထားပြီး ဇူလိုင်လမှစတင်၍ စိုက်ပျိုးလျက်ရှိရာ စိုက်ဧက ၅၁၇၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်းနှင့် ဒေသနှင့်ကိုက်ညီသည့် ရွှေတောင်-၈၊ ရွှေတောင်-၁၀နှင့် B-31 ဝါမျိုးများကို စိုက်ပျိုးထားရှိကြောင်း သိရသည်။

အဆိုပါမိုးနှောင်းချည်မျှင်ရှည်ဝါစိုက်ဧကများအနက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မြို့နယ်အတွင်းရှိ အင်းကျေးရွာအုပ်စုနှင့် ရေချိုကျေးရွာအုပ်စုတို့တွင် မိုးနှောင်းချည်မျှင်ရှည်ဝါ (B-31 ) စိုက်ဧက ၁၀၀ကို စိုက်ပျိုးထားရှိကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

# အမေရိကန် ပရန်စတန်တက္ကသိုလ်မှ ပါမောက္ခဂျွန်ဟော့ဖီးနှင့် ကနေဒါနိုင်ငံ တိုရန်တိုတက္ကသိုလ်မှ ပါမောက္ခဂျီရိုဖရီဟင်တန်တို့ ရူပဗေဒဆိုင်ရာ နိုဘယ်ဆုရရှိ

**စတော့ဟုမ်း အောက်တိုဘာ ၉**

ယခုနှစ်အတွက် ရူပဗေဒဆိုင်ရာ နိုဘယ်ဆုကို အမေရိကန်ပရန်စတန်တက္ကသိုလ်မှ ဂျွန်ဟော့ဖီးနှင့် ကနေဒါနိုင်ငံ တိုရန်တိုတက္ကသိုလ်မှ ဂျီရိုဖရီဟင်တန်တို့အား ရွေးချယ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

တော်ဝင်ဆွီဒင်သိပ္ပံအကယ်ဒမီက ဉာဏ်ရည်တုနယ်ပယ်တွင် ၎င်းတို့၏ ရှာဖွေတွေ့ရှိမှုနှင့် တီထွင်ဖန်တီးမှုများကို ယခုနှစ်အတွက် ရူပဗေဒဆိုင်ရာ နိုဘယ်ဆု ပေးအပ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အမေရိကန် ပရန်စတန်တက္ကသိုလ်မှ ဂျွန်ဟော့ဖီးသည် ဒီဇိုင်းပုံစံများကို သိမ်းဆည်းခြင်းနှင့် ပြန်လည်ဖန်တီးခြင်းအတွက် ကွန်ရက်တစ်ခုကို တီထွင်ခဲ့ကြောင်း တော်ဝင်ဆွီဒင်သိပ္ပံအကယ်ဒမီက ပြောသည်။

ကနေဒါနိုင်ငံ တိုရန်တိုတက္ကသိုလ်မှ ဂျီရိုဖရီဟင်တန်သည် ဆုံးဖြတ်ချက်များချနိုင်သည့် နျူရွန်များ (အာရုံကြောစနစ်များ) ဖြင့် အပြန်အလှန်ချိတ်ဆက်ထားသော ကွန်ရက်အမျိုးအစားတစ်ခုကို တီထွင်ခဲ့သည်။

၎င်းတို့၏ ရှာဖွေတွေ့ရှိချက်များသည် ဘာသာပြန်ခြင်းနှင့် မျက်နှာပုံဖတ်ခြင်းအပါအဝင် ယနေ့အသုံးပြုသည့် နည်းပညာသုံးသင်ယူမှုအမျိုးအစားများအတွက် အထောက်အကူဖြစ်စေကြောင်း သိရသည်။

ရူပဗေဒ နိုဘယ်ဆုရှင်များကို ၎င်းတို့၏လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန်အတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ သန်းခန့် ချီးမြှင့်မည်ဖြစ်သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**







# အစ္စရေးလေတပ်က လက်ဘနွန်နိုင်ငံနှင့်ဂါဇာဒေသတွင် လေကြောင်းတိုက်ခိုက်မှုများ ဆောင်ရွက်

**ဂျေရုဆလင် အောက်တိုဘာ ၉**

အစ္စရေးလေတပ်သည် လက်ဘနွန်နိုင်ငံနှင့် ဂါဇာဒေသတွင် ပြီးခဲ့သည့်တစ်ရက်အတွင်း လေကြောင်းတိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ကြောင်း အစ္စရေးတပ်မတော်က ပြောကြားသည်။

လက်ဘနွန်ရှိ ဟစ်ဇ်ဘိုလာအဖွဲ့၏ ပစ်မှတ် ၁၈၅ ခုနှင့် ဂါဇာဒေသရှိ ဟားမတ်စ်အဖွဲ့၏ ပစ်မှတ် ၄၅ ခုကို လေကြောင်းမှ တိုက်ခိုက်ခဲ့ရာတွင် စစ်သွေးကြွအများအပြား သေဆုံးပြီး လက်နက်သိုလှောင်ရုံများကို ဖျက်ဆီးနိုင်ခဲ့ကြောင်း အစ္စရေးတပ်မတော်က ထပ်လောင်းပြောကြားသည်။

အစ္စရေးတပ်မတော်သားများနှင့် ဟစ်ဇ်ဘိုလာစစ်သွေးကြွအဖွဲ့များအကြား မြေပြင်တိုက်ပွဲများ ဖြစ်ပွားခဲ့ကြောင်း၊ အစ္စရေးတပ်မတော်သည် စစ်သွေးကြွအဖွဲ့ဝင်များကို ချေမှုန်းရန်အတွက် အသင့်ပြင်ဆင် ထားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အစ္စရေးတပ်မတော်က လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့ ဆင်ခြေဖုံးတွင် အောက်တိုဘာ ၈ ရက်က တိုက်ခိုက်မှုများဆောင်ရွက်ခဲ့ကြောင်း လက်ဘနွန်အမျိုးသား သတင်းအေဂျင်စီက ပြောကြားသည်။

လက်ဘနွန်နိုင်ငံတောင်ပိုင်းရှိ ဟစ်ဇ်ဘိုလာအဖွဲ့၏ မြေအောက်ဥမင်အတွင်းရှိ စစ်ဆင်ရေးဌာနချုပ်ကို အောက်တိုဘာ ၈ ရက်တွင် အစ္စရေးက တိုက်ခိုက်ခဲ့ရာ စစ်သွေးကြွ ၅၀ ခန့် သေဆုံးခဲ့ကြောင်း အစ္စရေးတပ်မတော်က ပြောကြားသည်။ ယင်းတိုက်ခိုက်မှုများအတွင်း ဟစ်ဇ်ဘိုလာအဖွဲ့၏ ခေါင်းဆောင်အချို့ သေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- စိုးသူရ**

# ပါကစ္စတန်နိုင်ငံသား ၇၁ ဦး လက်ဘနွန်နှင့် ဆီးရီးယားနိုင်ငံတို့မှ ပြန်လည်ခေါ်ဆောင်ခဲ့

**အစ္စလာမ်မာဘတ် အောက်တိုဘာ ၉**

ပါကစ္စတန် နိုင်ငံတကာလေကြောင်းလိုင်းမှ အထူးလေယာဉ်ဖြင့် နိုင်ငံသား ၇၁ ဦးကို လက်ဘနွန်နှင့် ဆီးရီးယားနိုင်ငံတို့မှ ပြန်လည်ခေါ်ဆောင်ခဲ့ကြောင်း ပါကစ္စတန်အစိုးရက ယနေ့ပြောကြားသည်။

ပါကစ္စတန်နိုင်ငံသား ၇၁ ဦး တင်ဆောင်လာသည့် အဆိုပါ အထူးလေယာဉ်သည် ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဆင်းပြည်နယ်သို့ ယနေ့ပြန်လည်ရောက်ရှိခဲ့သည်။

အဆိုပါလေယာဉ်သည် ဆီးရီးယားနိုင်ငံမှ ပါကစ္စတန်နိုင်ငံသားလေးဦးနှင့် လက်ဘနွန်နိုင်ငံမှ ပါကစ္စတန် နိုင်ငံသား ၆၇ ဦးတို့ကို သယ်ဆောင်ကာ ပါကစ္စတန်နိုင်ငံသို့ ပျံသန်းရောက်ရှိခဲ့ကြောင်း ပါကစ္စတန်နိုင်ငံခြားရေးရုံး၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လက်ဘနွန်နိုင်ငံမှ ဘေးလွတ်ရာသို့ ချောမွေ့စွာ ရွှေ့ပြောင်းနိုင်ရေးအတွက် လက်ဘနွန်နှင့် ဆီးရီးယားရှိ ပါကစ္စတန်သံရုံးများက လုံခြုံရေး၊ သယ်ယူပို့ဆောင်ရေးနှင့် အစားအသောက်များ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

အစ္စရေးတပ်ဖွဲ့သည် လက်ဘနွန်ရှိ ဟစ်ဇ်ဘိုလာ ပစ်မှတ်များနှင့် မြို့တော်ဘေရွတ်ရှိ နေရာအများအပြားကို ပစ်မှတ်ထားတိုက်ခိုက်လျက်ရှိသည့်အတွက် စက်တင်ဘာ ၂၇ ရက်မှစပြီး သက်ဆိုင်ရာနိုင်ငံအသီးသီးက ၎င်းတို့၏နိုင်ငံသားများကို လက်ဘနွန်နိုင်ငံမှ ပြန်လည်ခေါ်ဆောင်လျက်ရှိကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# ဘရာဇီးနိုင်ငံ၌ လူမှုမီဒီယာပလက်ဖောင်း X ပြန်လည်အသုံးပြုခွင့် ရရှိ

**ရီယိုဒီဂျနေးရိုး အောက်တိုဘာ ၉**

ဘရာဇီးနိုင်ငံတရားရုံးချုပ်က လူမှုမီဒီယာပလက်ဖောင်း X ကို နိုင်ငံအတွင်း၌ ပြန်လည်အသုံးပြုရန် ခွင့်ပြုခဲ့ကြောင်း သိရသည်။

လူမှုမီဒီယာပလက်ဖောင်း X သည် တရားရုံး၏ စီရင်ချက်များကို လိုက်နာခြင်းမရှိသည့်အတွက် တစ်လကျော်ကြာ ပိတ်ပင်ခံခဲ့ရပြီးနောက် အောက်တိုဘာ ၈ ရက်မှစပြီး နိုင်ငံတွင်း၌ ပြန်လည်စတင်ခွင့်ပြုခြင်းဖြစ်သည်။

လူမှုမီဒီယာပလက်ဖောင်း X က ဘရာဇီးအစိုးရထံ ဒဏ်ငွေ ၂၈ ဒသမ ၆ သန်း (အမေရိကန်ဒေါ်လာ ၅ ဒသမ ၁၇ သန်းခန့်) ပေးဆောင်ပြီးနောက် တရားသူကြီး အလက်ဇန္ဒားဒီမိုရေးစ်က တားမြစ်ပိတ်ပင်မှုများကို ရုပ်သိမ်းပေးခဲ့ကြောင်း ပြည်တွင်းမီဒီယာများက ဖော်ပြခဲ့သည်။

လူမှုမီဒီယာပလက်ဖောင်း X ကို ဘရာဇီးနိုင်ငံ၌ တရားဝင်ကိုယ်စားလှယ် ခန့်အပ်ရန် ငြင်းဆိုခြင်း၊ တရားရုံးအမိန့်ကို လျစ်လျူရှုခြင်းအပါအဝင် ဒဏ်ငွေပေးဆောင်ခြင်း မရှိသည့်အတွက် ဩဂုတ် ၃၀ ရက်တွင် နိုင်ငံအတွင်း၌ အသုံးပြုမှုကို စတင်ပိတ်ပင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ပလက်ဖောင်းသည် လက်ရှိတွင် တရားဝင်ကိုယ်စားလှယ်တစ်ဦးကို ခန့်အပ်ခဲ့ပြီး ဘရာဇီးနိုင်ငံ၌ အာဏာသိမ်းရန် လှုံ့ဆော်မှုအတွက် စုံစမ်းစစ်ဆေးခံနေရသူများ၏ အကောင့်များကို ပိတ်ပစ်ရန် တရားရုံးအမိန့်ကို လိုက်နာခဲ့ကြောင်းလည်း သိရသည်။ **ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်သို့ အဆင့် (၅) အဆင့်ရှိ ဟာရီကိန်းမုန်တိုင်း မီတန် ဦးတည်ချဉ်းကပ်လာ

**ဝါရှင်တန် အောက်တိုဘာ ၉**

ဟာရီကိန်းမုန်တိုင်း မီတန်သည် အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်သို့ အဆင့် (၅) အဆင့်ရှိ မုန်တိုင်းအဖြစ် ဦးတည်ချဉ်းကပ်လာနေကြောင်း ယနေ့အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

မီတန်မုန်တိုင်းသည် နှစ် ၁၀၀ အတွင်း ဖလော်ရီဒါပြည်နယ်သို့ တိုက်ခတ်သည့်မုန်တိုင်းများတွင် အဆိုးရွားဆုံးမုန်တိုင်းတစ်ခု ဖြစ်လာနိုင်သည်ဟု သမ္မတဘိုင်ဒင်က သတိပေးပြောကြားသည်။ ယင်းဟာရီကိန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် အောက်တိုဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် မြေပြိုမှုများ ဖြစ်ပွားနိုင်ကြောင်း ပညာရှင်များက ခန့်မှန်းထားသည်။ မုန်တိုင်းကြောင့် ရေလှိုင်းများ မြင့်တက်လာနိုင်သဖြင့် ကမ်းရိုးတန်းရှိ ဒေသခံများအား သတိပြုနေထိုင်ရန် တာဝန်ရှိသူများက ညွှန်ကြားထားသည်။

ဒေသခံတစ်သန်းကျော်အား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် ညွှန်ကြားထားသည်။ ဒေသခံများအနေဖြင့် ယနေ့တွင် မုန်တိုင်းဆိုင်ရာ ကြိုတင်သတိပေးချက်များကို သတိပြုဆောင်ရွက်ပြီး ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် အချိန်ရသေးကြောင်း ဖလော်ရီဒါပြည်နယ်အုပ်ချုပ်ရေးမှူး ရွန်ဒီဆန်းတစ်က ပြောကြားသည်။

သမ္မတဘိုင်ဒင်သည် အန်ဂိုလာနှင့်ဂျာမနီနိုင်ငံတို့သို့ သွားရောက်မည့် ခရီးစဉ်ကို ရွှေ့ဆိုင်းခဲ့ပြီး မုန်တိုင်းကြိုတင်ကာကွယ်ရေး အစီအစဉ်များကို ဆောင်ရွက်ခဲ့သည်။ **ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - စိုးသူရ**



## နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်၌ မိသားစုသုံးဦးကို သတ်ဖြတ်ကာ လက်ကိုင်ဖုန်းများနှင့် ယာဉ်တစ်စီး လုယက်ယူဆောင်သွားသူ၊ ပါဝင်ပတ်သက်သူ တရားခံများအပေါ် သေဒဏ်၊ ထောင်ဒဏ်များ အသီးသီးကျခံစေရန် တရားရုံးက အမိန့်ချမှတ်

နေပြည်တော် အောက်တိုဘာ ၉

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ဇဝနသိဒ္ဓိရပ်ကွက် မြတ်လေးလမ်းတွင် နေထိုင်သော ဦးသန်းနိုင်ထွန်း၊ ဇနီးဖြစ်သူ ဒေါ်စောသန္တာဦးနှင့် သားဖြစ်သူ ရွှေအုပ်စိုးတို့မှာ နေအိမ်အတွင်း၌ ဒဏ်ရာများဖြင့် သွေးအိုင်ထဲတွင် လဲကျသေဆုံးနေပြီး ၎င်းတို့ကိုင်ဆောင်သည့် လက်ကိုင်ဖုန်း သုံးလုံးနှင့် ယာဉ်တစ်စီးတို့မှာလည်း ပျောက်ဆုံးနေသောအမှု ၂၀၂၄ ခုနှစ် ဩဂုတ် ၁၀ ရက်က ဖြစ်ပွားခဲ့သည်။

အဆိုပါအမှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ ဘုရားကုန်းမြို့မရဲစခန်း၌ အမှုဖွင့်လှစ်စုံစမ်းစစ်ဆေးခဲ့ပြီး တရားခံ ရဲထက်ကျော်(ခ)ကိုချစ်၊ ကျော်အေး(ခ)ပသိုင်း၊ ကျော်သူနှင့် နန်းကိုသူ(ခ)နန်းမောင်တို့ လေးဦးအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၂၊ ၃၉၄/၃၄၊ ၂၀၁၊ ၂၀၂/၁၀၉ တို့ဖြင့် ဥတ္တရခရိုင်တရားရုံးသို့လည်းကောင်း၊ ကလေးသူငယ်တရားခံ ဖိုးလပြည့်(ခ) ဝင်းမင်းသူ(ခ)ဇော်ဇော်အပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၂၊ ၃၉၄/၃၄ တို့ဖြင့် ဥတ္တရသီရိမြို့နယ်တရားရုံးသို့လည်းကောင်း တရားစွဲတင်ပို့ခဲ့သည်။

ထိုအမှုများကို ဥတ္တရခရိုင်တရားရုံးက ရာဇဝတ်ကြီးမှုအမှတ် ၃၃/၂၀၂၄ ဖြင့်လည်းကောင်း၊ ဥတ္တရသီရိမြို့နယ်တရားရုံးက ကလေးသူငယ်ရာဇဝတ်ကြီးမှုအမှတ် ၅/၂၀၂၄ ဖြင့်လည်းကောင်း လက်ခံစစ်ဆေးပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာ ၈ ရက်တွင် တရားခံရဲထက်ကျော်(ခ)ကိုချစ်အပေါ် ဦးသန်းနိုင်ထွန်းကို ကြိုတင်ကြံရွယ်ချက်ဖြင့် သတ်ဖြတ်ပြီး သေစေသည့်အတွက် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ခ) အရ သေဒဏ်၊ ဒေါ်စောသန္တာဦးကို ကြိုတင်ကြံရွယ်ချက်ဖြင့် သတ်ဖြတ်ပြီး သေစေသည့်အတွက် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ခ) အရ သေဒဏ်၊ ရွှေအုပ်စိုးကို ကြိုတင်ကြံရွယ်ချက်ဖြင့် သတ်ဖြတ်ပြီး သေစေသည့်အတွက် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁)(ခ) အရ သေဒဏ်နှင့် ရာဇသတ်ကြီးပုဒ်မ ၃၉၄ အရ ထောင်ဒဏ် ၂၀ နှစ်၊ တရားခံ နန်းကိုသူ (ခ)နန်းမောင်အပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ခ)/၁၀၉ အရ သေဒဏ်နှင့် ရာဇသတ်ကြီးပုဒ်မ ၃၉၄/၁၀၉ အရ ထောင်ဒဏ် ၁၀ နှစ်၊ တရားခံကျော်အေး(ခ)ပသိုင်းအပေါ် ရာဇသတ်ကြီးပုဒ်မ ၂၀၁ အရ အလုပ်နှင့် ထောင်ဒဏ် ခုနစ်နှစ်နှင့် ရာဇသတ်ကြီးပုဒ်မ ၂၀၂ အရ အလုပ်နှင့်ထောင်ဒဏ် ခြောက်လ၊ တရားခံကျော်သူအပေါ် ရာဇသတ်ကြီးပုဒ်မ ၂၀၂ အရ အလုပ်နှင့်ထောင်ဒဏ် ခြောက်လ အသီးသီးကျခံစေရန် ဥတ္တရခရိုင်တရားရုံးမှ လည်းကောင်း၊ ကလေးသူငယ်တရားခံ ဖိုးလပြည့် (ခ) ဝင်းမင်းသူ (ခ) ဇော်ဇော်အပေါ် ဦးသန်းနိုင်ထွန်း၊ ဒေါ်စောသန္တာဦး၊ ရွှေအုပ်စိုးတို့ကို သေစေသည့်အတွက် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ခ) အရ ထောင်ဒဏ် ခုနစ်နှစ်စီ ချမှတ်သော ပြစ်ဒဏ် သုံးရပ်ကို တစ်ပြိုင်တည်း ကျခံစေရန်နှင့် ရာဇသတ်ကြီးပုဒ်မ ၃၉၄ အရ ထောင်ဒဏ် သုံးနှစ်ကို သီးခြားကျခံစေရန် ဥတ္တရသီရိမြို့နယ်တရားရုံးမှလည်းကောင်း အသီးသီး အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## တရားမဝင်သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် လိုင်စင်မဲ့ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၉

အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက အောက်တိုဘာ ၈ ရက်တွင် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေး စခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ ခြောက်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၃၉၂၅၈၀)ကို လည်းကောင်း၊ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၁၀ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေ ၁၈၀၃၃၂၃၄ ကျပ်)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၃၅၆၆၂၄၉၁၄ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ လိုင်စင်မဲ့ Honda Insight ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပြင်ဦးလွင်-မန္တလေးလမ်း၊ ၂၁ မိုင်အနီး၌ ရပ်တန့်ထားသော ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၁၀၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace Mini Bus နှစ်စီး၊ Kyaw Kyar Micro Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၅၁၀၅၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့နယ် ဟသ်ာအဝိုင်း ပူးပေါင်းစစ်ဆေးရေး ဂိတ်နှင့် မင်းရွာကျေးရွာတို့၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၅၈၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Ranger Truck တစ်စီး၊ Chin Dwin Star Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၅၈၅၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အောက်တိုဘာ ၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၉၉၀ တန် (ခန့်မှန်းတန်ဖိုးငွေ ၁၇၅၁၇၂၈ ကျပ်) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၉ မှု(ခန့်မှန်းတန်ဖိုးငွေ ၅၅၄၄၇၂၁၄၂ ကျပ်) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၀-၁၀-၂၀၂၄ ကြာသပတေးနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ မောရသုတ်) |
| ၀၆:၄၀ | စုဒ္ဓသမတိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝီရိယာနန္ဒ(ကမ္ဘောဇဆရာတော်)၏ ထေရုပ္ပတ္တိမှတ်တမ်း(အပိုင်း-၆) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၄၀ | စာပေအတိတ်၊ စာပေနိမိတ် ဖော်ညွှန်းမည့် စာဆိုပိမာန် |
| ၀၉:၁၅ | နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း |
| ၀၉:၄၀ | ကရင်တိုင်းရင်းသားတို့၏ရိုးရာလက်မှုပညာ |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၀:၃၀ | လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းတေး |
| ၁၁:၃၀ | NEXT LEVEL |
| ၁၂:၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်သူအနားကချစ်လိပ်ပြာ' (အပိုင်း-၈) |
| ၁၃:၀၅ | လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းတေး |
| ၁၃:၃၀ | MRTV National News |
| ၁၅:၀၅ | မျိုးဝင်္ကတင့်စေဆိုကရေးတီးအငွေ |
| ၁၅:၂၀ | (၂၅)ကြိမ်မြောက်ငွေရတုအထိမ်းအမှတ်ဆိုကတေး၊ ရေးတီးပြိုင်ပွဲ 'ဇာတ်သဘင်ပြိုင်ပွဲ' အကဲဖြတ် လုပ်ငန်းအဖွဲ့ စကားဝိုင်းဆွေးနွေးပွဲအစီအစဉ် |
| ၁၆:၄၅ | (၂၅)ကြိမ်မြောက်ငွေရတုအထိမ်းအမှတ်ဆိုကတေး၊ ရေးတီးပြိုင်ပွဲ 'ရုပ်သေးပြိုင်ပွဲ' အကဲဖြတ် လုပ်ငန်းအဖွဲ့ စကားဝိုင်းဆွေးနွေးပွဲအစီအစဉ် |
| ၁၇:၁၀ | Soccer View |
| ၁၇:၂၅ | လူမှုစီးပွားသတင်းများ |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၄၀ | ပြည်ချစ်သားမွန်တေးသဝဏ် |
| ၁၉:၀၅ | လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းတေး |
| ၁၉:၄၀ | သဘာဝဘေးအန္တရာယ်ကိုရင်ဆိုင်ကျော်လွှား မွန်မြတ်စိတ်ထားတွဲလက်များနဲ့ကူညီထမ်းဆောင် |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | ပြည်ချစ်သားမွန်တေးသဝဏ် |
| ၂၁:၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ယုံကြည်ရာလမ်း' (အပိုင်း-၁၀) |

### mitv

| | |
|---|---|
| 07:01 | Evergreen Classic: Aung Chin Shit Par (Tekkatho Lei Lei, Sein Lei Lei, Thae Nu Wah, Nyo Win Pe) |
| 07:13 | Thatbyinnyu Temple |
| 07:27 | Three Beautiful Islands |
| 07:46 | A Traditional Food in Bagan: Pone Ye Gyi |
| 08:01 | News |
| 08:26 | Topics Potpourri; Corcodile Paradise in Australia |
| 08:32 | Healthy Diet: Fasting Diet |
| 08:40 | Swiftlet BirdS (Aerodramus Fuciphagus) (Part-I) |
| 09:01 | Danu Food: Pounded Crab Apple Salad |
| 09:07 | Mahavihara: From Forest Monastery to Dhamma-Vinnya University |
| 09:41 | Star Bean Production |
| 10:01 | News |

### MRTV NRC

**ဝ (၀၆:၀၀ မှ ၀၈:၀၀)**
ငါးပေါင်းဖြုံလုပ်နည်း

**ကချင် (၀၈:၀၀ မှ ၁၀:၀၀)**
ခြင်းတောင်းရက်လုပ်ခြင်းလက်မှုပညာ

**ကယား (၁၀:၀၀ မှ ၁၂:၀၀)**
ပြောင်းဖူးရဲ့ကျန်းမာရေးအကျိုးကျေးဇူး

**ဝကောကရင် (၁၂:၀၀ မှ ၁၃:၀၀)**
သွားပိုးစားခြင်း

**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)**
ရွှေကရင်ရဲ့ပိန်းရှက်ခြောက်သုပ်

**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ (လူ့ခန္ဓာကိုယ်အစိတ်အပိုင်း)

**ချင်း (လိုင်ဇိုး) (၁၅:၀၀ မှ ၁၆:၀၀)**
ရာဇဂြိုဟ်မြို့သို့အလည်တစ်ခေါက်

**ချင်း (ချိုး) (၁၆:၀၀ မှ ၁၇:၀၀)**
ချင်း(ချိုး)ဘာသာစကားပြောကြရအောင် (အပိုင်း-၂)

**မွန် (၁၇:၀၀ မှ ၁၉:၀၀)**
တောင်သူတို့အတွက်အရိပ်ပေးနိုင်လုံ့လက်ရာ ဒမောက်လေး

**ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)**
နည်းပညာနှင့်သုတကမ္ဘာ(စက်ဘီးတီထွင်သူများ)

**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)**
ရှမ်းဘာသာစကားပြောကြရအောင်နော် (ဆွေမျိုးတော်စပ်ပုံ)(အပိုင်း-၃)

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၁၁:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၁၆:၀၀ | သတင်းမှန်ကမ္ဘာ(LIVE) |
| ၁၈:၄၅ | ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင် |
| ၁၉:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၂၀:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၂၁:၀၀ | ပြည်တွင်းသတင်း(LIVE) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၁၅ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ကိုရီးယားနိုင်ငံ) |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အကျိုးဖျက်ဆီးမှုအကြောင်း သိမှတ်စရာဥပဒေမှာ' |
| ၁၀:၀၀ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (စင်ကာပူနိုင်ငံ) |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ)(အပိုင်း-၁) |
| ၁၁:၃၀ | ရှေ့သို့ချီမည်...ပန်းတိုင်ဆီ(အပိုင်း-၄၂) |

### MRTV FARMERS' / HTV Channel

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၂၅ | ဆည်ရေစနစ်တကျသုံးစွဲပို့ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်ထူထောင်ကြပါစို့ |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ |
| ၀၇:၄၀ | The Flood (Full Episode)/ SPECIAL |
| ၁၉:၃၀ | International Music Hits |
| ၂၂:၀၀ | ကျောက်သင်ပုန်းတွေမိုးထားတဲ့အိမ် (ဇာတ်လမ်း) |

### MRTV SPORTS / HTV Sports

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက်လမ်းပြကြယ် |
| ၀၆:၄၅ | Sports Diary |
| ၀၇:၄၀ | Weekly Soccer Preview |
| ၁၇:၀၀ | အားကစားသတင်း |
| ၁၈:၀၀ | E Sports |

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန် အင်းစိန်ဗဟိုအကျဉ်းထောင်ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၉**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန် ဦးဆောင်သောကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်နှင့်အညီ အောက်တိုဘာ ၇ ရက်မှ ၉ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိအင်းစိန်ဗဟိုအကျဉ်းထောင်ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသားများ၏ အိပ်ဆောင်များ၊ အကျဉ်းထောင်ဆေးရုံ၊ စာကြည့်တိုက်၊ သက်မွေးဝမ်းကျောင်း ပညာသင်ကြားပေးနေမှုများ၊ ထောင်တွင်းစာသင်ကျောင်း၊ စားဖိုကြီး၊ ရိက္ခာဂိုဒေါင်၊ ရေသန့်စက်များ၊ သုံးရေကန်များနှင့် အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှုရှိ၊ မရှိ စသည်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အကျဉ်းသားများကို အိပ်ဆောင်များတွင် တွေ့ဆုံပြီး သက်နှင်းအောင် အပါအဝင် သီးခြားလွတ်လပ်စွာ တွေ့ဆုံခွင့် တောင်းခံသူ အကျဉ်းသား အကျဉ်းသူ ၉၆ ဦးကိုလည်း တွေ့ဆုံကာ ယင်းတို့၏ တင်ပြချက်များကို မေးမြန်းမှတ်တမ်းတင်ခဲ့သည်။



မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အင်းစိန်ဗဟိုအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေးစဉ် လွတ်လပ်စွာတွေ့ဆုံတင်ပြခွင့် တောင်းခံသူ အကျဉ်းသားအား လက်ခံတွေ့ဆုံစဉ်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေရရှိစေရန် ဆောင်ရွက်ပေးနေမှု၊ မိသားစု လာရောက်တွေ့ဆုံနိုင်မှု၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာလက်ခံရရှိမှု၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများရရှိမှု၊ ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှားအားကစားဆောင်ရွက်ပေးမှု၊ အတန်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးနေမှုအခြေအနေများ၊ အကျဉ်းသား အကျဉ်းသူများကို အကျဉ်းထောင်ဝန်ထမ်းများက လည်းကောင်း၊ အကျဉ်းသားအချင်းချင်းကလည်းကောင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိကို မေးမြန်းသည်။

အကျဉ်းသား အကျဉ်းသူ ဗုဒ္ဓဘာသာဝင်များ၊ ခရစ်ယာန်ဘာသာဝင်များ၊ အစ္စလာမ်ဘာသာဝင်များနှင့် ဟိန္ဒူဘာသာဝင်များအပါအဝင် လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ဆိုင်ရာ စီစဉ်ဆောင်ရွက်ပေးထားမှုအခြေအနေများနှင့် ဝတ်ပြုကိုးကွယ်နေမှုတို့ကို ကြည့်ရှုမေးမြန်းပြီး အကျဉ်းသားများ လေ့လာဖတ်ရှုနိုင်ရန်အတွက် သုတ၊ ရသနှင့် ဘာသာရေးဆိုင်ရာ စာအုပ်စာပေများကိုလည်း ကော်မရှင်က လှူဒါန်းသည်။

အဆိုပါအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်း လူမှုရေးဝန်ကြီးဟောင်း ဦးနိုင်ငံလင်း ထောင်ထဲတွင် ခြေထောက်ကျိုး၍ ဆေးကုသမှုခံယူရသည်ဟု မဟုတ်မမှန် လုပ်ကြံရေးသားဖော်ပြ

**နေပြည်တော် အောက်တိုဘာ ၉**

Mizzima–News in Burmese အမည်ခံ FaceBook Page တွင် အောက်တိုဘာ ၃ ရက်က ရန်ကုန်တိုင်း လူမှုရေးဝန်ကြီးဟောင်း ဦးနိုင်ငံလင်း ထောင်ထဲတွင် ခြေထောက်ကျိုး၍ ဆေးကုသမှုခံယူ ခေါင်းစဉ်ဖြင့် သတင်းတု၊ သတင်းမှား မဟုတ်မမှန် လုပ်ကြံရေးသားဖော်ပြခဲ့ကြောင်း တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်အားစိစစ်ရာ ရန်ကုန်တိုင်း လူမှုရေးဝန်ကြီးဟောင်း အကျဉ်းသား နိုင်ငံလင်းအား အကျဉ်းထောင်သို့ ရောက်ရှိသည်မှစ၍ အဆောင်တာဝန်ကျ အရာရှိနှင့် ဝန်ထမ်းများက စည်းကမ်းတကျစောင့်ကြပ်ထိန်းသိမ်းထားရှိကြောင်း၊ ၎င်းသည် ကျန်းမာရေးကောင်းမွန်လျက်ရှိပြီး ထောင်အတွင်း ချော်လဲခြင်း၊ ခြေထောက်ကျိုးခြင်း၊ စတီးချောင်း ထည့်ထားသည်ဆိုခြင်းမှာ မှန်ကန်မှုမရှိကြောင်း သိရသည်။

ထို့ကြောင့် Mizzma Media အမည်ခံ FaceBook Page က ဖော်ပြမှုသည် ပြည်သူအများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းဖြစ်ပြီး အကျဉ်းထောင်၏ လုပ်ရိုးလုပ်စဉ် လုပ်ငန်းများကို ထင်ယောင်ထင်မှားဖြစ်စေလိုသော ရည်ရွယ်ချက်ဖြင့် သတင်းတု သတင်းမှား ဖော်ပြခြင်းသာဖြစ်သည်။

**သစ္စာ**

# မြိုင်မြို့နယ်၌ ယာခင်းထဲအလုပ်လုပ်ကိုင်နေသည့် အမျိုးသမီးငါးဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းမှားများ လုပ်ကြံရေးသား ဖြန့်ဝေ

**နေပြည်တော် အောက်တိုဘာ ၉**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်တွင် ယာခင်းထဲ အလုပ်လုပ်ကိုင်နေသည့် အမျိုးသမီးငါးဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခေါ်ဆောင်သွားကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းမှားများကို ပြည်သူများ အထင်အမြင် လွဲမှားစေရန်အတွက် လုပ်ကြံရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်ပြီး သက်ဆိုင်ရာလုံခြုံရေး တာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မြိုင်မြို့နယ်အတွင်း နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ဆောင်ရွက်လျက်ရှိပြီး ဒေသခံပြည်သူများအား မည်သည့်အကြောင်းနှင့်မျှ ဥပဒေမဲ့ဖမ်းဆီးခေါ်ဆောင်ခြင်း မရှိကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို အားပေးထောက်ခံမှုမရှိသူများအား ဥပဒေမဲ့ ဖမ်းဆီးခေါ်ဆောင်ခြင်း၊ သတ်ပစ်ခြင်းများ လုပ်ဆောင်လျက်ရှိရာ တရားမဝင် ပြည်ဖျက်မီဒီယာများက နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင် လွဲမှားစေရန်အတွက် ယခုကဲ့သို့ သတင်းမှားများဖြင့် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။




**သတင်းစဉ်**

# နိုင်ငံတစ်ဝန်း အကျဉ်းထောင်များတွင် ဆေးကုသခွင့်မရရှိ၍ နိုင်ငံရေးအကျဉ်းသားနှင့် အကျဉ်းသူ ၁၁ ဦး၊ CDM ရဲတစ်ဦး စုစုပေါင်း ၁၂ ဦးသေဆုံးဟု ခေတ်သစ်သတင်းဌာနက မဟုတ်မမှန်လုပ်ကြံသတင်းဖော်ပြ

**နေပြည်တော် အောက်တိုဘာ ၉**

Khit Thit Media အမည် Facebook Page တွင် အောက်တိုဘာ ၁ ရက်က နိုင်ငံတစ်ဝန်းအကျဉ်းထောင်များတွင် ဆေးကုသခွင့်မရရှိ၍ နိုင်ငံရေး အကျဉ်းသားနှင့် အကျဉ်းသူ ၁၁ ဦး၊ CDM ရဲတစ်ဦး စုစုပေါင်း ၁၂ ဦး သေဆုံးခေါင်းစဉ်ဖြင့် သတင်းတု၊ သတင်းမှား ရေးသားဖော်ပြခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

ဖြစ်စဉ်အား စိစစ်ရာတွင် အကျဉ်းထောင်၌ နိုင်ငံရေးအကျဉ်းသားဟူ၍မရှိဘဲ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ကျူးလွန်၍ ပြစ်ဒဏ်ကျခံနေရသူများသာဖြစ်ပြီး သေဆုံးအကျဉ်းသား အကျဉ်းသူ ၁၂ ဦးမှာလည်း ၎င်းတို့ပါရှိလာသည့် ရောဂါဝေဒနာများ ခံစားနေရသဖြင့် အကျဉ်းထောင်ဆရာဝန်နှင့် ပြင်ပပြည်သူ့ဆေးရုံကြီးများရှိ ဆရာဝန်များဖြင့် ဆေးဝါး ကုသပေးခဲ့သော်လည်း ရောဂါအခြေအနေများ ဆိုးရွားသောကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

ကျိုက်မရော ဗဟိုအကျဉ်းထောင်မှ အကျဉ်းသားရာရှင်(ခ) ဟာရှင်သည် နှလုံးသွေးကြောကျဉ်းရောဂါ၊ အကျဉ်းသား ပြည့်ဖြိုးအောင်သည် နှလုံးကြွက်သား အားနည်းရောဂါ၊ မကွေးဗဟို အကျဉ်းထောင်မှ အကျဉ်းသူ မစုမေအောင်သည် စိတ်ကျန်းမာရေးနှင့် အရေပြားလေးဘက်နာရောဂါ၊ ကျောက်ကပ်ရောင်ရောဂါ၊ အဆုတ်ရောင်ရောဂါ၊ ကလေးအကျဉ်းထောင်မှ အကျဉ်းသား ကြည်ရအောင်သည် ခုခံအားကျဆင်းမှုရောဂါ၊ အဆုတ်တီဘီရောဂါ၊ သွေးအားနည်းရောဂါ၊ မြင်းခြံဗဟို အကျဉ်းထောင်မှ အကျဉ်းသူ မရင်မိုးသည် နာတာရှည်ကျောက်ကပ် ပျက်စီးခြင်းရောဂါနှင့် သွေးအဆိပ်တက်ခြင်းရောဂါ၊ ဒိုက်ဦးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား အေးဝင်းသည် နှလုံးကြီးခြင်းနှင့် နှလုံးကြွက်သားအားနည်းရောဂါ၊ အကျဉ်းသား ခင်စိုးသည် အစာအိမ်သွေးကြောပေါက်၍ သွေးတွင်း အဆိပ်တက်ခြင်းရောဂါ၊ အကျဉ်းသား လင်းလင်းထွန်းသည် နှလုံးကြွက်သား ပျက်စီးခြင်းရောဂါ၊ တီဘီရောဂါနှင့် အသည်းကြီးရောဂါ၊ သရက်အကျဉ်းထောင်မှ အကျဉ်းသား ညီညီသည် သွေးတိုးရောဂါကြောင့် ဦးနှောက်သွေးကြောပေါက်ခြင်း ရောဂါ၊ ပြည်အကျဉ်းထောင်မှ အကျဉ်းသား မျိုးသူသည် နှလုံးကြွက်သားအားနည်းရောဂါ၊ အဆုတ်အတွင်းသို့ ရေဝင်ခြင်းရောဂါ၊ အင်းစိန်ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား နေလင်းထိုက်သည် ပါးစောင်ကင်ဆာရောဂါကြောင့် အဆုတ်သို့ ကင်ဆာဆဲလ်များ ပျံ့နှံ့ခြင်းရောဂါ၊ သထုံအကျဉ်းထောင်မှအကျဉ်းသား သန့်ဇင်သည် နှလုံးသွေးကြောကျဉ်းရောဂါတို့ဖြင့် သေဆုံးသွားခဲ့ကြခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

ပြည်ထဲရေး ဝန်ကြီးဌာန အကျဉ်းဦးစီးဌာနသည် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုအား အကျဉ်းထောင် ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများ (SOP)နှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုကို လူမျိုး၊ လိင်၊ ကိုးကွယ်ရာဘာသာ၊ နိုင်ငံသားဖြစ်မှု အစရှိသည်တို့ကြောင့် ခွဲခြားမှုမရှိဘဲ တန်းတူညီမျှရရှိစေကာ အကျဉ်းထောင်များတွင် ဆေးရုံအုပ်၊ ဆရာဝန်၊ သွားဘက်ဆိုင်ရာ ဆရာဝန်၊ ကျန်းမာရေးမှူး၊ သူနာပြု၊ သားဖွားဆရာမ စသည်ဖြင့် ကျန်းမာရေးဝန်ထမ်းများ တာဝန်ချထားပြီး ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် လိုအပ်သော ဆေးဝါးများကို ဦးစီးရန်ပုံငွေမှ လစဉ်ဝယ်ယူခွင့် ပေးလျက်ရှိကာ ကျန်းမာရေး အခြေအနေပေါ်မူတည်၍ အကျဉ်းထောင်ဆေးရုံ၊ ဆေးပေးခန်းများ၌ ကုသမှုပေးပြီး ပြည်သူ့ဆေးရုံသို့ တင်ပို့လွှဲပြောင်းကုသရန် လိုအပ်ပါက လုပ်ထုံးလုပ်နည်းနှင့် အညီ လွှဲပြောင်း ပို့ဆောင်ကုသပေးကြောင်း၊ လုံခြုံရေးမထိခိုက်စေရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်သို့ တင်ပြခွင့်ပြုချက်တောင်းခံရယူကာ အထောက်အထား မှတ်တမ်းများထားရှိကြောင်း၊ အကျဉ်းထောင်တွင် နိုင်ငံရေး အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူဟူ၍ ခွဲခြားသုံးနှုန်းခြင်း မရှိသကဲ့သို့ အခွင့်အရေးချိုးဖောက်ခံရမှု မရှိကြောင်း၊ အကျဉ်းသားအားလုံးသည် အကျဉ်းထောင်ဥပဒေ၊ နည်းဥပဒေပါအတိုင်း လိုက်နာနေထိုင်ရမည်ဖြစ်သကဲ့သို့ အကျဉ်းဦးစီးဌာန ဝန်ထမ်းများသည်လည်း အကျဉ်းထောင်ဥပဒေ၊ နည်းဥပဒေပါအတိုင်း လိုက်နာအုပ်ချုပ်ရကြောင်း၊ ဥပဒေ၊ နည်းဥပဒေကို ကျော်လွန်၍ အုပ်ချုပ်ဆောင်ရွက်ခွင့်မရှိကြောင်း သိရသည်။

ထို့ကြောင့် Khit Thit Media အမည်ခံ Facebook Page က ဖော်ပြမှုသည် ပြည်သူအများ အထင်အမြင် လွဲမှားစေရန် သတင်းတု၊ သတင်းမှား ရေးသားထားခြင်းသာဖြစ်ပြီး အကျဉ်းထောင်၏ လုပ်ရိုးလုပ်စဉ်လုပ်ငန်းများကို ထင်ယောင်ထင်မှားဖြစ်စေလိုသော ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန်လုပ်ကြံ သတင်းဖော်ပြခြင်းသာဖြစ်သည်။

**သစ္စာ**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပြည်မြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

ပြည် အောက်တိုဘာ ၉

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ အောက်တိုဘာ ၈ ရက် နံနက်ပိုင်းက ပြည်မြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုသည်။

### ကွင်းဆင်းကြည့်ရှုအားပေး

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပြည်မြို့နယ် ငါးရွာကျေးရွာအုပ်စု တောင်သူဦးနေအောင်၏ ဗီယက်နမ်မျိုး မိုးစပါးမျိုးစေ့ထုတ် စိုက်ခင်းရိတ်သိမ်းနေမှုအား ကွင်းဆင်းကြည့်ရှုအားပေးခဲ့ရာ တစ်ဧကလျှင် အစိုတင်း ၁၆၉ ဒသမ ၆၂ တင်း ထွက်ရှိခဲ့သည်။ ယင်းနောက် ရေသွင်းစိုက်ပျိုးသည့် လယ်မြေများအတွက် ရေပေးမြောင်းများ ပြန်လည်အဆင့်မြှင့်တင်ပေးရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပြည်မြို့ မော်ဇာကျေးရွာ၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူနေမှုကို ကွင်းဆင်းကြည့်ရှုအားပေးသည်။ ၎င်းနောက် မော်ဇာကျေးရွာရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးတင်ထွန်းအောင်၏ ဒေသကြက်ကောင်ရေ တစ်သောင်း မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုအားပေးပြီး ဒေသထွက်ကုန်ကြမ်းပစ္စည်းများဖြင့် တိရစ္ဆာန်အစာပြုလုပ်ကျွေးမွေးနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်မြို့ ရွာဘဲရပ်ကွက်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူနေမှုကို ကွင်းဆင်းကြည့်ရှုအားပေးပြီး သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် စာရင်းကောက်ကွက်များအလိုက် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအတွက် စားသောက်ရေးစနစ်အဆင်ပြေစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် ပြည်မြို့ ကမ်းနားလမ်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှုနှင့် ခေတ္တရာပန်းခြံ ဘက်စုံအဆင့်မြှင့်တင်ပေးနိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

### လမ်းညွှန်မှာကြား

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်မြို့ ရွာဘဲရပ်ကွက်၌ ဒေသခံလူငယ်များ ကျန်းမာကြံ့ခိုင်စေရေးနှင့် အားကစားကဏ္ဍ ပိုမိုစိတ်ဝင်စားလာစေရေး ဖူဆယ်ကွင်းတည်ဆောက်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဖူဆယ်ကွင်းရေရှည်စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် ကော်မတီဖွဲ့စည်းဆောင်ရွက်သွားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားပြီး ရွှေဝါထွန်းကောက်စိုက်စက် ထုတ်လုပ်ရေးအလုပ်ရုံသို့ရောက်ရှိကာ ကောက်စိုက်စက် တီထွင်ထုတ်လုပ်နေမှုအား သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

### အမှုဖွင့်လှစ်အရေးယူ

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၊ တာကောက်ကျေးရွာနေ "Min Thant May May" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ အောင်စုတင်နှင့် "Mgtoo Mgtoo" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မောင်တူးတို့နှစ်ဦးအား နံနက် ၈ နာရီ ၁၅ မိနစ်တွင် ကျောင်းကုန်းမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၁၀-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၅၅ | ၃၀၃၅ | ၃၀၁၀ | ၂၉၆၅ | ၃၀၃၅ | ၃၀၅၀ | ၃၀၆၀ | ၃၀၁၅ | ၃၁၄၀ | ၃၁၇၀ | ၃၀၂၅ | ၃၀၄၀ | ၃၀၇၀ | ၃၀၆၀ | ၃၀၇၅ | ၃၄၇၅ | ၄၄၅၀ |
| 95 Ron | ၃၁၅၀ | ၃၂၃၀ | ၃၂၀၅ | ၃၁၆၀ | ၃၂၃၀ | ၃၂၄၅ | ၃၂၅၅ | ၃၂၁၀ | ၃၃၃၅ | ၃၃၆၅ | ၃၂၂၀ | ၃၂၃၅ | ၃၂၆၅ | ၃၂၅၅ | ၃၂၆၅ | ၃၆၇၀ | ၄၆၅၀ |
| HSD (500 ppm) | ၂၅၇၀ | ၂၆၅၀ | ၂၆၂၅ | ၂၅၈၀ | ၂၆၅၅ | ၂၆၆၅ | ၂၆၈၀ | ၂၆၃၅ | ၂၇၆၀ | ၂၇၉၀ | ၂၆၄၀ | ၂၆၅၅ | ၂၆၉၀ | ၂၆၇၅ | ၂၆၉၀ | ၃၀၉၅ | ၄၄၅၀ |
| HSD (50 ppm) | ၃၁၉၀ | ၃၂၇၀ | ၃၂၄၅ | ၃၂၀၀ | ၃၂၇၀ | ၃၂၈၅ | ၃၂၉၅ | ၃၂၅၀ | ၃၃၇၅ | ၃၄၀၅ | ၃၂၆၀ | ၃၂၇၅ | ၃၃၀၅ | ၃၂၉၅ | ၃၃၀၅ | ၃၇၁၀ | ၄၄၅၀ |
| HSD (10 ppm) | ၃၁၉၀ | ၃၂၇၀ | ၃၂၄၅ | ၃၂၀၀ | ၃၂၇၀ | ၃၂၈၅ | ၃၂၉၅ | ၃၂၅၀ | ၃၃၇၅ | ၃၄၀၅ | ၃၂၆၀ | ၃၂၇၅ | ၃၃၀၅ | ၃၂၉၅ | ၃၃၀၅ | ၃၇၁၀ | ၄၄၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၉၉ | ၂၈၈၈ |
| 95 Ron | ၂၉၈၇ | ၃၀၈၁ |
| HSD (500 ppm) | ၂၄၂၇ | ၂၅၀၅ |
| HSD (50 ppm) | ၃၀၂၆ | ၃၁၁၆ |
| HSD (10 ppm) | ၃၀၂၆ | ၃၁၁၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



# တနင်္သာရီမြို့နယ်၌ သန်းခေါင်စာရင်း အချက်အလက်များ အောင်မြင်စွာကောက်ယူပြီးစီး

တနင်္သာရီ အောက်တိုဘာ ၉

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် သန်းခေါင်စာရင်းကော်မတီ၏ကြီးကြပ်မှုဖြင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းများကို တနင်္သာရီမြို့နယ် နယ်နိမိတ်အတွင်း နေထိုင်သူများအား အိမ်တိုင်ရာရောက် ကွင်းဆင်းကောက်ယူလျက်ရှိရာ အောက်တိုဘာ ၈ ရက် ညနေပိုင်းအချိန်တွင် အောင်မြင်စွာ စာရင်းကောက်ယူမှုပြီးစီးပြီဖြစ်ကြောင်း သိရသည်။

စာရင်းကောက်ယူနေမှုကို မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးကျော်ခေါင်၊ အတွင်းရေးမှူး ဦးညွန့်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းအောင်နှင့် ကော်မတီအဖွဲ့ဝင်များက လိုက်လံကြည့်ရှု၍ လိုအပ်သည်များပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

တနင်္သာရီမြို့နယ်တွင် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို စာရင်းစစ်သုံးဦးနှင့် စာရင်းကောက် ၁၂ ဦး စုစုပေါင်း ၁၅ ဦးတို့က အောက်တိုဘာ ၁ ရက်မှစ၍ ပြီးဆုံးသည်အထိ စာရင်းများ ကောက်ယူပေးခဲ့ကြကြောင်း သိရသည်။ **နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

နေပြည်တော် အောက်တိုဘာ ၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံ စုစုပေါင်း ၁၂ ခု ရှိရာ ယနေ့တွင် ပေါင်းလောင်းရေလှောင်တမံ၌ ၃ ဒသမ ၈၇ ပေ ကန်ရေပြည့်အမှတ်အထက် ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်စီးဆင်းနေပြီး ယခင်နေ့နှင့် နှိုင်းယှဉ်ပါက ရေကျော်စီးဆင်းမှုအခြေအနေမှာ သုည ဒသမ ၁၀ ပေ တိုးလာခြင်းဖြစ်သည်။ ရေပိုလွှဲ၏ ကန်ရေပြည့် ရေမှတ်အထက်တွင် HED ရေတံခါးလေးချပ်ထောင်ထားသည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျ ဝန်ထမ်းများကို ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိပြီး စိုးရိမ်ရန်မရှိကြောင်း သိရသည်။

**သတင်းစဉ်**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

ရက်စွဲ ၉-၁၀-၂၀၂၄
(၆:၀၀)နာရီ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

**အကြောင်းအရာ ။** ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၉.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၃၁၂၇၃ | ၆၂၇.၂၆ | ၅၆၅၉၇၂ | ၁၃၉၄၈ (လျှပ်စစ်) ထုတ်ရေ) | - | - | ၃.၈၇ | ၁၆၈၅၆ | - | ၆၂၇.၁၆ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | - | ၆၂၅.၅၀ | ၂၆၈၀၅ | ၁၂၄ | ၉.၅၀ | ၉၆၉၅ | - | - | | ၆၂၅.၆၅ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၂၂၄ | ၅၁၉.၁၀ | ၈၉၃၁၃ | ၃၂၁ | ၀.၉၀ | ၂၄၅၇ | - | - | ၀.၀၂ | ၅၁၉.၁၅ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၀၉.၆၅ | ၁၀၅၃၀ | ၇ | ၂.၃၅ | ၁၇၂၇ | - | - | - | ၅၀၉.၇၅ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၁၂၆၃ | ၄၃၈.၈၀ | ၇၂၄၀၀ | ၃၁၅ | ၀.၂၀ | ၆၀၀ | - | - | ၀.၅၉ | ၄၃၈.၅၀ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၃၉ | ၅၃၄.၉၅ | ၇၄၇၉၉ | - | ၀.၀၅ | ၂၀၁ | - | - | - | ၅၃၄.၉၅ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၁ | ၄၁၆.၃၅ | ၇၇၈၆ | ၈ | ၁.၆၅ | ၉၃၂ | - | - | - | ၄၁၆.၃၈ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၁၆၇၀ | ၇၀၃.၆၀ | ၁၀၇၉၇၃ | - | ၆.၄၀ | ၃၅၁၁၇ | - | - | ၀.၄၇ | ၇၀၃.၃၀ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | ၀.၁၅ | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၉၄ | ၆၀၁.၉၀ | ၄၉၅ | ၄၁ | ၀.၁၀ | ၅ | - | - | ၀.၁၃ | ၆၀၁.၉၀ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၇၉ | ၈၆၄.၃၀ | ၁၀၅၈၉ | ၇၂ | ၅.၇၀ | ၄၀၁၁ | - | - | - | ၈၆၄.၃၀ |
| ၁၂ | တောက်ပြုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

မှတ်ချက် - ပေါင်းလောင်းတမံတွင် HED ရေတံခါးရွက် (၄) ချပ်ထောင်ထားပါသည်။

# မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား အမျိုးသား၊ အမျိုးသမီး မြန်မာ့သိုင်းနှင့် ဗိုဗီနမ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

မော်လမြိုင် အောက်တိုဘာ ၉

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ပါဝင်ယှဉ်ပြိုင်နိုင်ရေး မွန်ပြည်နယ်ဝန်ကြီးချုပ်ဖလား အမျိုးသား၊ အမျိုးသမီး မြန်မာ့သိုင်းနှင့် ဗိုဗီနမ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်အားကစားခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် တာဝန်ရှိသူများ တက်ရောက်၍ သရုပ်ပြသခြင်းနှင့် ဗိုဗီနမ်ပြိုင်ပွဲ ဗိုလ်လုပွဲ ဝင်ရောက်ယှဉ်ပြိုင်နေမှုတို့ကို ကြည့်ရှုအားပေးသည်။



ထို့နောက်ဆုပေးပွဲအခမ်းအနားတွင် ပြည်နယ်ဝန်ကြီးများက မြန်မာ့သိုင်း ဓားတစ်လက် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသော အားကစားသမားများ၊ ဗိုဗီနမ် အမျိုးသား (၆၀/၆၅ ကီလိုတန်း)နှင့် (၅၅/၆၀ ကီလိုတန်း) ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ ပူးတွဲ တတိယဆုရရှိသော အားကစားသမားများအား ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်က ဗိုဗီနမ် အမျိုးသမီး (၅၀/၅၅ ကီလိုတန်း) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ ပူးတွဲ တတိယဆုရရှိသော အားကစားသမားများအား ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား အမျိုးသား၊ အမျိုးသမီး မြန်မာ့သိုင်းနှင့် ဗိုဗီနမ်ပြိုင်ပွဲ၊ ဗိုဗီနမ် အမျိုးသား (၅၀/၅၅ ကီလိုတန်း) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ ပူးတွဲ တတိယဆုရရှိသော အားကစားသမားများအား ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ပါဝင်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင် အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယှဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲသို့ မွန်ပြည်နယ်မှ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်များ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကာ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သက်နိုင်(မော်လမြိုင်)**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# မြင့်မားသည့် ပညာရေးဖြင့်သာ နိုင်ငံဖွံ့ဖြိုးသာယာအောင် စွမ်းဆောင်နိုင်မှာပါ

ဒေါက်တာမောင်သင်း

**ကမ္ဘာကြီးကိုပြောင်းလဲဖို့ အစွမ်းထက်ဆုံးလက်နက်ဟာ ပညာရေးပါပဲ။**

**နယ်လ်ဆင်မန်ဒဲလား**
**(တောင်အာဖရိကနိုင်ငံသမ္မတ)**

### မြင့်မားသည့် ပညာရေး၏ သဘော

ပညာရေးဟုဆိုလိုက်လျှင် ကျောင်းအမျိုးမျိုးနှင့် စာသင်ခန်း၊ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများကိုသာ ပြေးမြင်နေကြသည်။ ကျောင်းမှာ ပညာသင်ခြင်းသည် ပညာရေးကို အကောင်အထည်ဖော်သည့် နည်းလမ်းသုံးသွယ်အနက်မှ တစ်နည်းသာ ဖြစ်ပါသည်။ ယင်းနည်းလမ်းသုံးသွယ်မှာ

(က) ကျောင်းသင်ပညာရေး (Formal Education)၊

(ခ) ကျောင်းပြင်ပ ပညာရေး (Non-formal Education)၊

(ဂ) တစ်သက်တာကိုယ်တိုင်သင်ယူပညာရေး (Informal Education) တို့ ဖြစ်ပါသည်။

ကျောင်းသင်ပညာရေးမှာ စနစ်ကျ၏။ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ၊ ကျောင်းနှင့် စာသင်ခန်းအတိအကျရှိ၏။ လူသား၏ အသက်အရွယ်နှင့်အညီ သင်ရိုးညွှန်းတမ်း၊ အချိန်ကာလ၊ အတန်းအဆင့် အရည်အသွေးဆန်းစစ်မှုများဖြင့် **"နိမ့်သောအသိမှ မြင့်ရာအသိအမြင်သို့၊ ကျဉ်းမြောင်းမှုအမြင်မှ ကျယ်ပြန့်မှုဆီ၊ လွယ်ကူရာမှ နက်နဲသည့် ဆင်ခြင်သုံးသပ်နိုင်စွမ်းသို့ သွား၏"** ဖတ်စာအုပ်ထဲမှ စာလောက်ကိုသာ အလွတ်ကျက်ရုံမျှလောက်ဖြင့် ဤကဲ့သို့ ဉာဏ်ရည်မြင့်သည့်အဆင့်ကို မရနိုင်၊ မတက်လှမ်းနိုင်ပေ။

ကျောင်းထွက်သွားလျှင်လည်း မိမိကိုယ်တိုင် တစ်သက်တာလေ့လာခြင်းဖြင့် ဆက်လက်ဖြည့်ဆည်းနေသူဖြစ်ရပါမည်။ သို့မှသာ တွေးခေါ်သုံးသပ်နိုင်မှုမြင့်မားသူ ဉာဏ်ရည်မြင့်လူသားအဖြစ် ဘဝတစ်လျှောက်လုံး ဆက်လက်ရပ်တည်နိုင်ပေမည်။ ပတ်ဝန်းကျင်ရှိ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများထံမှ သင်ယူခြင်းနှင့် စာဖတ်ခြင်းမှ တစ်ဆင့် ရယူခြင်းသည် တစ်သက်တာ ကိုယ်တိုင်သင်ယူသည့် ပညာရေးအမျိုးအစားဖြစ်ပါသည်။

မြင့်မားသည့် ပညာရေးဆိုသည်မှာ ကျောင်းမှ ထွက်သွားလျှင် **"ဆက်လက်သင်ယူလိုစိတ် ပြင်းပြသူ"** များ မွေးထုတ်ခြင်း (သို့) အထက်ပါအပိုဒ် (က) ကျောင်းသင်ပညာရေးမှသည် အပိုဒ်(ဂ) ဘဝတစ်သက်တာ ကိုယ်တိုင်သင်ယူပညာရေးသို့ တစ်သက်လုံး ကူးပြောင်းလေ့လာနိုင်သူများ၊ တစ်နည်းအားဖြင့် ပညာနောက်သို့လိုက်၍ ကိုယ့်ကိုယ်ကိုယ် ဖြည့်ဆည်းနေသူများ ပေါ်ထွန်းလာရေးပါ။

**"မြင့်မားသည့်ပညာရေး၏ ရလဒ်မှာ ကျောင်းက ထွက်သွားသူတိုင်းသည် ငါတို့မှာ ပညာပြီးဆုံးခြင်းမရှိသေးဟုခံယူကာ တစ်သက်တာ ဆက်လက်သင်ယူမှုကို ပြုလုပ်နေရမည်ဟု ခံယူသွားသူများ ပွားများလာအောင် လေ့ကျင့်ပေးခြင်း"**ပင် ဖြစ်ပါသည်။

နိုင်ငံတကာ၌ ထင်သာမြင်သာသည့် ဆက်လက်လေ့လာမှုမှာ **"စာဖတ်နာခြင်း" "စာဖတ်သည့် အထုံပါရမီ"** ပါရှိသည့်လူများ ပေါ်ကြွယ်ဝခြင်းပါ။ အပိုဒ်(ခ) ပညာရေးမှာ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းသို့ မရောက်လာနိုင်သူများ၊ ကျောင်းမပြီးမီ ကျောင်းထွက်သွားသူများ ကျောင်းသင်ပညာရေး သင်ကြားမှု အခွင့်အရေးမဆုံးရှုံးရအောင် ကျောင်းပြင်ပတွင် သင်ကြားနိုင်ရန် စီစဉ်ထားသည့် ပညာရေးဖြစ်ပါသည်။

### ပညာရေးအခြေမြင့်မှသာ လူ့အဖွဲ့အစည်းဝင့်ထည်နိုင်မှာ

ကမ္ဘာကြီးကို ပြောင်းလဲရန် ပညာရေးသည် အဓိကဆိုသော်ငြားလည်း နိမ့်ကျသည့် ပညာရေးဖြင့် အရာမထင်နိုင်ပါ။ မြင့်မားသည့် ပညာရေးကသာ စွမ်းဆောင်နိုင်ပါလိမ့်မည်။ အကြမ်းဖျင်းအားဖြင့် **"စာသင်တာ" "စာမေးပွဲရမှတ်ပြိုင်တာ"** လောက်သာ ဦးစားပေးနေသော ပညာရေးမျိုးသည် မြင့်မားသည့် ပညာရေးမဟုတ်သည်မှာ သေချာသည်။ ထိုပညာရေးမျိုးသည် **"စာမေးပွဲတွင် အဆုံးသတ်၏"**။ ဘဝတစ်သက်တာသင်ယူမှု (life long learning) အထိ ပါမသွားပေ။ ကျောင်းသင်စာလောက်သာ ဖတ်၏၊ ဘဝတစ်သက်တာသင်ယူမှု ဖြည့်ဆည်းလေ့လာမှုဖြစ်သည့် **"စာဖတ်ခြင်း"** အလုပ်ကို ဆက်မလုပ်ကြသည်က များ၏။

မြင့်မားသည့် ပညာရေးဆိုသည်မှာ ကျောင်းထွက်သွားလျှင် ကိုယ်တိုင်တစ်သက်တာ သင်ယူမှုကို ဆက်လုပ်နေသူများ၊ ဖြည့်ဆည်းနေသူများ နိုင်ငံမှာ ပေါကြွယ်ဝနေသည့် ပညာရေးမျိုးဖြစ်ပေသည်။ ထိုပညာရေးမျိုးကသာ **"ပညာတတ်နိုင်ငံတော်"** (Educated Nation) ဖြစ်ထွန်းစေသည်။ နိမ့်ကျသည့် ပညာရေးတွင် သင်ယူသူသည် မိမိ၏ အကျိုးစီးပွားလောက်သာ အလေးထား၏။ နိုင်ငံနှင့် လူ့အဖွဲ့အစည်းအကျိုးစီးပွားကို ဆောင်ရွက်လိုစိတ် ပွားများအောင် လေ့ကျင့်ပေးမှုအားနည်း၏။ မြင့်မားသည့်ပညာရေးမှာ လူတစ်ဦးချင်း ထူးချွန်မှုမှသည် လူ့အဖွဲ့အစည်းတစ်ခုလုံး အရည်အသွေးပြည့်ဝမှုဆီကို ဦးတည်၏၊ ရမှတ်ကောင်းမှုထက် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်မှု၊ မြင့်မားမှုကို ဦးစားပေးသည်။

❖ **ကျောင်းထွက်သွားလျှင်လည်း မိမိကိုယ်တိုင် တစ်သက်တာလေ့လာခြင်းဖြင့် ဆက်လက်ဖြည့်ဆည်းနေသူဖြစ်ရပါမည်။ သို့မှသာ တွေးခေါ်သုံးသပ်နိုင်မှုမြင့်မားသူ ဉာဏ်ရည်မြင့်လူသားအဖြစ် ဘဝတစ်လျှောက်လုံး ဆက်လက်ရပ်တည်နိုင်ပေမည်။ ပတ်ဝန်းကျင်ရှိ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများထံမှ သင်ယူခြင်းနှင့် စာဖတ်ခြင်းမှတစ်ဆင့် ရယူခြင်းသည် တစ်သက်တာ ကိုယ်တိုင်သင်ယူသည့် ပညာရေးအမျိုးအစားဖြစ်**

❖ **ဆိုလိုသည်မှာ လူ့အဖွဲ့အစည်းဝင်များ၊ နိုင်ငံသားအားလုံး၏ "ကျိုးကြောင်းဆင်ခြင် ဝေဖန်သုံးသပ်နိုင်စွမ်း ဉာဏ်ရည်မြင့်မားမှု"ကို ဖော်ဆောင်စေသည်။ ဘဝတစ်သက်တာ သင်ယူမှုဟုဆိုသည့် စာဖတ်ခြင်းအလုပ်ကို အထုံအဖြစ်ပါလာမှ ဖြည့်ဆည်းသက်ရှိလာ၏၊ ထိုမှတစ်ဆင့် ရင့်ကျက်မှုကိုရ၏၊ သို့မှသာ နိုင်ငံသားတိုင်းသည် သူ့ဘက်ကိုယ့်ဘက် တွေးတတ်၊ စာနာတတ်မည်။ ကိုယ်ချင်းစာစိတ်ပွားမည်။ အဆိုပါစိတ်ထားများ ပြည့်လျှမ်းနေသည့် လူ့အဖွဲ့အစည်းဖြင့်သာ နိုင်ငံ၏ ငြိမ်းချမ်းမှုကို ဖော်ဆောင်နိုင်**




ဆိုလိုသည်မှာ လူ့အဖွဲ့အစည်းဝင်များ၊ နိုင်ငံသားအားလုံး၏ **"ကျိုးကြောင်းဆင်ခြင် ဝေဖန်သုံးသပ်နိုင်စွမ်း ဉာဏ်ရည်မြင့်မားမှု"**ကို ဖော်ဆောင်စေသည်။ ဘဝတစ်သက်တာသင်ယူမှုဟုဆိုသည့် စာဖတ်ခြင်းအလုပ်ကို အထုံအဖြစ်ပါလာမှ ဖြည့်ဆည်းသက်ရှိလာ၏၊ ထိုမှတစ်ဆင့် ရင့်ကျက်မှုကိုရ၏၊ သို့မှသာ နိုင်ငံသားတိုင်းသည် သူ့ဘက်ကိုယ့်ဘက် တွေးတတ်၊ စာနာတတ်မည်။ ကိုယ်ချင်းစာစိတ်ပွားမည်။ အဆိုပါစိတ်ထားများ ပြည့်လျှမ်းနေသည့် လူ့အဖွဲ့အစည်းဖြင့်သာ နိုင်ငံ၏ငြိမ်းချမ်းမှုကို ဖော်ဆောင်နိုင်ပေမည်။

ကြံစည်တွေးခေါ်မြော်မြင်မှု ရင့်သန်စေရန် လေ့ကျင့်ပေးသည့် ပညာရေးမျိုးကသာ နိမ့်ကျသည့် နိုင်ငံနှင့် လူ့အဖွဲ့အစည်းကို ငြိမ်းချမ်းသာယာအောင်၊ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ပြောင်းလဲနိုင်မည့် အစွမ်းထက်လက်နက်အဖြစ် ပေါ်ထွန်းလာနိုင်ပါသည်။ သို့ဖြစ်၍ သမ္မတကြီး နယ်လ်ဆင်မန်ဒဲလား၏ အဆိုမှာပါသည့် **"ပညာရေး"**ကို ရှေ့မှ **"မြင့်မားသည့်"** နာမဝိသေသနစကားလုံးလေး ထပ်ဖြည့်ပြီး **"မြင့်မားသည့်ပညာရေး"** ဟု ပြင်ဆင်ပါရစေ။ **"နိုင်ငံ့ပညာရေးအခြေမြင့်မှသာ မြန်မာ့လူ့အဖွဲ့အစည်းဝင့်ထည်နိုင်မှာ"** ဟူသည့် ဆောင်ပုဒ်ကလေးကိုလည်း အဆိုပြုလိုက်ချင်ပါသည်။ ပညာရေးသည် အစွမ်းထက်လက်နက်အဖြစ် အသုံးပြုနိုင်ရန် မြင့်မားသည့် ပညာရေးကို ကျွန်တော်တို့နိုင်ငံအနေဖြင့်လည်း မဖြစ်မနေ ဖော်ဆောင်သင့်သည်ဟု မြင်မိသည်။

### နိုင်ငံရေးကျိန်စာသင့်လျှင် နိုင်ငံဖွံ့ဖြိုးမှုမရှိ

ကျွန်တော်တို့နိုင်ငံ၏ ယနေ့ဖြစ်ပေါ်နေသော အခြေအနေများနှင့် နိုင်ငံဖွံ့ဖြိုးမှု၏ ခလုတ်တံသင်းများအကြောင်းကို မိတ်ဆွေများနှင့် ပညာရေးနှင့် စာပေရေးရာရှုထောင့်မှ သုံးသပ်မိသမျှ မျှဝေလိုပါသည်။ မိတ်ဆွေများက ယနေ့နိုင်ငံအတွင်းဖြစ်ပေါ်နေသည့် မငြိမ်သက်မှုများသည် **"စာပေနှင့် မီဒီယာ အဆိပ်သင့်ခြင်း"** ဒဏ် ခံရမှုပါဟု ရှုမြင်ပါကြောင်း ဆွေးနွေးကြပါသည်။

စာပေအဆိပ်သင့်ခြင်းတွင် ဝါဒ၊ အယူအဆ၊ အတွေးအခေါ်များထဲမှ တစ်မျိုးတည်းကိုသာ အကောင်းဆုံးဟု ရေးသားခြင်း (သို့) ငါ့ဝါဒ၊ ငါ့အယူအဆသည် အခြားအယူအဆနှင့် နှိုင်းစရာမရှိဟု ဝါဒဖြန့်နေခြင်းနှင့် တည်ဆဲအစိုးရ (သို့) ခိုင်မာသော နိုင်ငံတည်ဆောက်ရေး အဖွဲ့အစည်းတစ်ခုခုကို သွေးကွဲအောင် အပြစ်ပုံချနေမှုများကြောင့်ဟု ဆွေးနွေးကြပါသည်။ မှန်သင့်သလောက် မှန်ပေသည်။ တကယ့်အရင်းအမြစ်မှာ လူတစ်ဦးချင်းမှသည် လူ့အဖွဲ့အစည်းတစ်ခုလုံး ပညာကိုယ်ခံအားနည်း၍သာ စာပေနှင့် မီဒီယာကဝင်ရောက်အဆိပ်ခတ်နိုင်ခြင်းဖြစ်ကြောင်းနှင့် နောက်ဆုံးတွင် ကျွန်ဖြစ်ရသည်အထိ **"နိုင်ငံရေးကျိန်စာသင့်ခဲ့ခြင်း"** သည် နိုင်ငံ့ပညာရေးနိမ့်၍ နိုင်ငံသားများ ဉာဏ်ရည်နိမ့်ကျခြင်းကြောင့်ဖြစ်ပါသည်။

နိုင်ငံရေးကျိန်စာသင့်ခဲ့လျှင် နိုင်ငံသည်လည်း မတည်မငြိမ်ဖြစ်၊ ဆူပူမှုတွေဖြစ်လာကာ နိုင်ငံဖွံ့ဖြိုးရေးကို မလုပ်နိုင်တော့ပေ။ ပညာရေးမြင့်ခဲ့လျှင် နိုင်ငံတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးမှုလည်း ကျွဲကူးရေပါ ဖြစ်လာပါလိမ့်မည်ဟု ကျွန်တော့်အမြင်ကို ဆွေးနွေးခဲ့ပါသည်။

### မြန်မာ့သမိုင်းမှာ ပညာရေးနိမ့်၍ ကျွန်ဖြစ်ခဲ့ရခြင်း

ရင်းနှီးသည့်မိတ်ဆွေများနှင့် သမိုင်းဆရာများကို မေးကြည့်မိသည်။ မြန်မာတွေ ဘာကြောင့် ကျွန်ဘဝရောက်သလဲဆိုသည့် မေးခွန်းပါ။ စည်းလုံးညီညွတ်မှုကင်းမဲ့လို့၊ လက်နက်ခေတ်မမီလို့၊ နိုင်ငံရေးကို နိုင်ငံတကာနှင့်ယှဉ်၍ အမြင်ကင်းမှု၊ သုံးသပ်နိုင်မှုအားနည်းလို့ စသည်ဖြင့် သမားရိုးကျ ကြားနေရသည့် အဖြေများသာ ဖြေကြပါသည်။ သမိုင်းပါမောက္ခ (ငြိမ်း)တစ်ယောက်ကသာ **"ပညာရေးကွာလို့" "ပညာရေးနိမ့်ကျလို့"** ဟု ဖြေပါသည်။

ဘာကြောင့်လဲဟုမေးရာ ကျွန်တော်တို့က **"ဘုန်းတော်ကြီးသင်ပညာရေး"**ပဲ ရှိသေးတာ၊ ဥရောပတစ်ခွင်မှာက တက္ကသိုလ်ပညာရေးရှိခဲ့တာတောင် ရာစုနှစ်အတော်ကြာခဲ့ပြီ။ နိုင်ငံကာကွယ်ရေးမှာတောင် သူတို့ဆီမှာက စစ်တက္ကသိုလ်တွေ ရှိနေပြီ၊ ထင်ရှားတာက အင်္ဂလန်မှာ Royal Military Academy , Samdhurst (RMAS) (1802) ပါ။ ကျွန်တော်တို့ဆီမှာ မရှိဘူးလေတဲ့။ ယနေ့ ကျွန်တော်တို့၏ တက္ကသိုလ်များနှင့် စစ်တက္ကသိုလ်များကိုလည်း သူတို့ကပဲ အစပျိုးခဲ့တာပါတဲ့။ ဂျပန်နိုင်ငံက မေဂျီ (Meiji) ဘုရင် ခေတ်နှင့်အပြိုင် မင်းတုန်းမင်း လက်ထက်တွင် ဥရောပနိုင်ငံများသို့ ပညာတော်သင်စေလွှတ်ခဲ့သော်လည်း ပြန်လာသူများထဲတွင် အတတ်ပညာလောက်သာ သင်ယူခဲ့၏၊ ပြန်၍အသုံးချ၏၊ ကုန်းဘောင်နောက်ဆုံးခေတ်တွင် ဖန်ချက်စက်ရုံ၊ မဲနယ်စက်ရုံ၊ ဒင်္ဂါးသွန်းစက်ရုံ စသည်ဖြင့် ပေါ်ထွန်းခဲ့ပေသည်။ သို့သော် **"မြန်မာ့ပညာရေးကို ဘုန်းတော်ကြီးသင် ပညာရေးမှ အနောက်တိုင်းခေတ်မီပညာရေးသို့ မြှင့်တင်ရန် မကြိုးပမ်းခဲ့ကြပေ"**၊ ကြိုးပမ်းခွင့်လည်း ရခဲ့ဟန်မတူခဲ့ပါ။ မြန်မာ့ပညာရေးမှာ နိမ့်ကျခဲ့သည်၊ နည်းပညာမှာလည်း ကွာခဲ့ပါသည်။

ပညာရေးနိမ့်ကျ၍ ကျွန်ဘဝသို့ မြန်မာနိုင်ငံရောက်ခဲ့ရပါသည်ဆိုသည့် သုံးသပ်ချက်ကို ကျွန်တော် လက်ခံပါသည်။ ပညာရေးနိမ့်၍ နိုင်ငံသားများ၊ အုပ်ချုပ်သူများ ပညာရည်ညံ့လာသောကြောင့် ထိုအချိန်က ပြည့်ရှင်မင်း၏ နိုင်ငံအုပ်ချုပ်ခွင့်အာဏာ (မင်းအာဏာ)နှင့် နိုင်ငံတည်မြဲမှု၊ နိုင်ငံ၏နယ်နိမိတ်တည်တံ့မှု၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာခိုင်မြဲမှု ဘယ်အရာက ပိုအရေးကြီးပါသလဲ၊ ဘယ်အရာက ပိုမြင့်ပြီး အဓိကမဏ္ဍိုင်အဆင့်မှာ ရပ်တည်နေပါသလဲ၊ မင်းအာဏာဟူသည် နိုင်ငံဆိုတာရှိမှ၊ ပြီးတော့ ထိုနိုင်ငံ၏ အချုပ်အခြာအာဏာတည်မြဲနေမှ "ရနိုင်သည့်" "ရှိနိုင်သည့်" တစ်ဆင့်နိမ့်အရာပါ။

**"နိုင်ငံတစ်နိုင်ငံတွင် ရှိကိုရှိရမည့် မူလအခြေခံပကတိတရားမှာ နိုင်ငံနယ်နိမိတ်နှင့် အချုပ်အခြာအာဏာတည်မြဲမှုပါ၊ ယင်းပကတိတရားများ နိုင်ငံအတွင်း တည်မြဲရှင်သန်မှုက အဓိကပါ။"**

စာမျက်နှာ ၁၉ သို့ ☆

# ပြည်ထောင်စုရာထူးဝန်အဖွဲ့က ပြန်တမ်းဝင်အရာရှိအဆင့်စတင်ခန့် လစ်လပ်ရာထူး(၃၇၅)နေရာ [ကြော်ငြာစာအမှတ်၊(၂/ ၂၀၂၄)] ကြော်ငြာခေါ်ယူခြင်းအတွက် အသိပေးကြေညာချက်

၁။ ကြော်ငြာစာအမှတ်၊ (၂/၂၀၂၄)ဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့တွင် လစ်လပ်လျက်ရှိသော ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ရာထူး ဆရာဝန်/အလုပ်ရုံခွဲမှူး/ဆရာဝန်(သစ်လွင်)/ ဆရာဝန်(သွားနှင့်ခံတွင်း)/ ဆရာဝန်(သွားနှင့်ခံတွင်း)(သရုပ်ပြ)/ ဦးစီးအရာရှိ [အစားအသောက်/ဆေးဝါး/ဓာတ်ခွဲ)]/ တာဝန်ခံဆရာဝန် ရာထူး(၃၇၅)နေရာတို့အတွက် ၁၀- ၁၀ -၂၀၂၄ နှင့် ၁၁ - ၁၀ -၂၀၂၄ ရက်နေ့တို့တွင် မြန်မာ့အလင်း၊ ကြေးမုံနှင့် မြဝတီသတင်းစာတို့၌ ကြော်ငြာခေါ်ယူထားရှိပါသည်။

၂။ ကြော်ငြာပါရာထူးအတွက် လျှောက်ထားရာတွင် လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှတစ်ဆင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်သို့လည်းကောင်း၊ Online ဖြင့် လျှောက်ထားပါက e-Recruitment and Selection System [UCSB e-RSS Mobile Application နှင့် UCSB e-RSS Web Based] အသုံးပြု၍ Android Devices, i phone and Web Browser မှ တစ်ဆင့်လည်းကောင်း၊ လျှောက်ထားရမည်ဖြစ်ပြီး လျှောက်လွှာပိတ်ရက် ၁၀-၁၁-၂၀၂၄ ရက်နေ့ထက်ကျော်လွန်လျှောက်ထားလာသည့် လျှောက်လွှာများကို System မှ အလိုအလျောက်ပယ်ဖျက်သွားမည် ဖြစ်ပါသည်။

၃။ ရွေးချယ်ခြင်းခံရသူများကို နိုင်ငံ့ဝန်ထမ်းသစ်များအဖြစ် သက်ဆိုင်ရာဝန်ကြီးဌာနမှ ခန့်အပ် တာဝန်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

၄။ Online မှ လျှောက်ထားသူများအနေဖြင့် e-Recruitment and Selection System [UCSB e-RSS Mobile Application]ကို Google Play Store, Apple Store တို့မှတစ်ဆင့် Download ရယူ၍ အသုံးပြုရမည်ဖြစ်ပြီး စနစ်အတွင်းသို့ ဝင်ရောက်ရမည့်လုပ်ငန်းစဉ် အဆင့်ဆင့်ဖြစ်သည့်User Guide နှင့် အသုံးပြုခြင်းဆိုင်ရာ အချက်အလက်တို့ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website ဖြစ်သည့် www.ucsb.gov.mm နှင့် Myanmar National Web Portal ဖြစ်သော www. myanmar.gov.mm တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပြီး အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်(ဖုန်း၊၀၆၇-၃၄၀၉၀၅၂၊ ၀၆၇-၃၄၀၉၄၃၀၊ ၀၉-၄၂၄၄၀၈၉၅၄၊ ၀၉-၄၂၀၇၀၆၆၀၅၊ ၀၉-၇၉၇၇၂၇၆၉၆၊ ၀၉-၄၄၁၉၃၇၃၄၃၊ ၀၉-၂၆၂၅၀၂၉၈၈ ) သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

## ဇေယျာသီရိမြို့နယ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြော

**ဇေယျာသီရိ အောက်တိုဘာ ၉**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ဦးဆောင်ကျင်းပသည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ဇေယျာသီရိမြို့နယ် ကျောက်ချက် အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။



**ရှင်းလင်းဟောပြော**

အခမ်းအနားတွင် ဇေယျာသီရိခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောနိုင်က အဖွင့်အမှာစကားပြောကြားပြီး နေပြည်တော် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦးက (၂၁)ရာစုကျွန်ုပ်တို့၏ ကမ္ဘာမြေအခြေအနေ၊ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ၊ ပလတ်စတစ်အသုံးပြုမှုနှင့် ပတ်သက်၍ လိုက်နာ ဆောင်ရွက်သင့်သည့် နည်းလမ်းငါးသွယ်နှင့် သုံးစွဲမှုလျော့ကျသွားအောင် ဆောင်ရွက်ရမည့် နည်းလမ်းများအကြောင်းကို ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ နေပြည်တော် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှ တာဝန်ရှိသူများက တက်ရောက် လာသူများအား ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ Video Clip ကိုပြသခဲ့ပြီး ကျောင်းသား ကျောင်းသူများ၏ မေးမြန်းချက်ကို ပြန်လည်ဖြေကြားသည်။

ယင်းနောက် ဇေယျာသီရိခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောနိုင်က ကျောက်ချက် အခြေခံပညာ အထက်တန်းကျောင်း စာကြည့်တိုက်အတွက် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ စာအုပ်များလှူဒါန်းရာ ကျောင်းအုပ် ဆရာမကြီးက လက်ခံရယူခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ဇေယျာမြေ)**

## တီးတိန်မြို့သို့ ပြန်လည်ရောက်ရှိပြီး တာဝန်ထမ်းဆောင်နေကြသော ယာယီတိုက်ပွဲရှောင် ဝန်ထမ်းများအား ထောက်ပံ့ပေးအပ်

**တီးတိန် အောက်တိုဘာ ၉**

ချင်းပြည်နယ် တီးတိန်မြို့၌ ယာယီတိုက်ပွဲရှောင် နေရာမှ တီးတိန်မြို့သို့ ပြန်လည်ရောက်ရှိပြီး တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအား ချင်းပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ခရိုင်အထွေထွေ အုပ်ချုပ်ရေးရုံး၌ ပြုလုပ်သည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ဌာနအလိုက် ထောက်ပံ့ငွေများ ပေးအပ်သည်။

တီးတိန်မြို့၌ မေ ၂၇ ရက်တွင် ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် ဌာနဆိုင်ရာဝန်ထမ်းများ ယာယီတိုက်ပွဲရှောင်နေရာမှ စက်တင်ဘာ ၁၁ ရက်အထိ ၈၀ ရာခိုင်နှုန်းကျော် တီးတိန်မြို့သို့ ပြန်လည်ရောက်ရှိပြီး တာဝန်ထမ်းဆောင်နေကြသည့် ဌာနများမှဝန်ထမ်းများအား တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မိုးမိုး**



**ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ တမံသဘော ရေထိန်းတော**

☆ စာမျက်နှာ ၁၈ မှ

ဤအရေးကို ပညာရည်နိမ့်၍ မင်းညီမင်းသားများ မမြင်ကြ။ **“နိုင်ငံ့အခြေခံ ပကတိတရားများဖြစ်သည့် နိုင်ငံ့ နယ်နိမိတ်တည်မြဲမှုနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမှုတို့ကို ပထမဦးစားပေးထိန်းသိမ်းရန် ကြိုးပမ်းကြရမည့်အစား မင်းညီမင်းသားများနှင့် မှူးကြီး၊ မတ်ရာအစုအဖွဲ့ အသီးသီးသည် မင်းအာဏာကိုသာ စုပြုံတိုး၍ လုနေကြသည်။”** အနှစ်ကိုပယ်၍ အကာကိုသာ အလေးပေးနေကြသည်။ အဓိကနှင့်သာမည ခွဲခြားနိုင်ခြင်း အားနည်းမှု၏ရလဒ်မှာ နောက်ဆုံးတွင် ဘုရင်နှင့်မင်းညီမင်းသားများ၊ မှူးမတ်မှအစ နိုင်ငံသားအားလုံး ကျွန်ဖြစ်ခဲ့သည်။ ပို၍ဆိုးသည်မှာ ဘိုးစဉ်ဘောင်ဆက် ထိန်းသိမ်းခဲ့သည့် **“ထီးစဉ်၊ နန်းဆက်”** ပျက်သုဉ်းခဲ့ခြင်းပါ။ “**နောက်တစ်ကြိမ် ထပ်မှားခွင့်မရှိသည့် သမိုင်းသင်ခန်းစာပါ**”။ မဖြစ်မနေ သင်ခန်းစာယူရပါမည်။

နောက်မျိုးဆက်တွေ သိကိုသိရမည့် သမိုင်းသင်ခန်းစာဖြစ်ပါသည်။ ပြီးလျှင် မမှားအောင် ကျင့်ကြံနိုင်အောင် ပညာရေးက လေ့ကျင့်ပေးရပါမည်။ ဤသို့ပညာရေး နိမ့်ကျ၍သာ ကျွန်ဘဝရောက်သည်အထိ “**နိုင်ငံရေးကျိန်စာသင့်ခံရမှု**”ကို နောက်မျိုးဆက်များအားလည်း မသင်ပေးခဲ့။ ထို့အတူနိုင်ငံ၏ အချုပ်အခြာအာဏာတည်မြဲနေပါမှ မင်းအာဏာရှိမည်ဆိုသည့်အသိကို ယနေ့အထိ ကျောင်းသင်ခန်းစာများတွင်လည်း ထည့်သွင်း၍ သင်မပေးခဲ့ပါ။ ကျွန်တော့်အမြင်အားဖြင့် ကျွန်တော်တို့ နိုင်ငံသားတွေ ပညာရေးနိမ့်ကျ၍သာ ကျွန်လည်းဖြစ်ခဲ့၊ ပြီးတော့ အဆိုပါသင်ခန်းစာကို ယူတတ်အောင် နောက်မျိုးဆက်များကိုလည်း မသင်ပေးခဲ့၍သာ ယနေ့တိုင်လည်း နိုင်ငံသားများကို ခေတ်သစ်ကိုလိုနီနယ်ချဲ့သမားများက အဝေးထိန်းနည်းဖြင့် **“ကျွန်ဇာတ်သွင်း၊ အဆိပ်ခတ်နိုင်မှုကြောင့် နိုင်ငံရေးကျိန်စာသင့်သည့်ဒဏ်ခံနေရခြင်း”** ဟု မြင်မိပါသည်။

**စာပေအဆိပ်သင့်နိုင်ကြောင်း သတိပေးခဲ့မှုရှိခဲ့သော်လည်း**

နဂါးနီစာအုပ်အသင်းကို ၁၉၃၇ ခုနှစ်တွင် ဦးနုနှင့် ဦးထွန်းအေးတို့က တည်ထောင်ခဲ့သည်။ ထိုစာအုပ်အသင်းက တော်လှန်ရေးနှင့် လက်ဝဲစာပေများကိုသာ သာသာထိုးထိုး ဘာသာပြန်ခဲ့ကြသည်။ ဤသည်ကို ဆရာကြီးဂျာနယ်ကျော် ဦးချစ်မောင်က **“စာပေတစ်မျိုးတည်း ဘာသာပြန်ရန်မသင့်၊ သုတ၊ ရသနှင့် အခြားစာမျိုးစုံကိုပါ ဘာသာပြန်သင့်ကြောင်း”** သို့မဟုတ်လျှင် **“စာပေအဆိပ်သင့်နိုင်ကြောင်း”** သတိပေးခဲ့သည်ဟု မှတ်သားဖူးပါသည်။ သို့သော်လည်း တော်လှန်ရေးနှင့် လက်ဝဲစာပေများကိုသာ အလေးထားဘာသာပြန်ခဲ့ကြပါသည်။ နဂါးနီစာအုပ်အသင်းကို ပံ့ပိုးသူများမှာ သခင်သန်းထွန်း၊ သခင်စိုး၊ သခင်ဗဟိန်းတို့ ဖြစ်ကြသည်။ သူတို့သည် နောင်တွင် ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ)၏ ထိပ်တန်းခေါင်းဆောင်များအဖြစ် ထင်ရှားလာသူများ ဖြစ်ပေသည်။

စာရေးဆရာ တော်တော်များများကလည်း “လက်ဝဲစာပေ”ကို အလေးထားညွှန်းဆိုခဲ့သည်။ ထင်ရှားသည့် သာဓကတစ်ခုမှာ **“လက်ဝဲဝါဒလွှမ်းမိုးလျှင် ကမ္ဘာကြီး အမှန်အကျိုးများမည်”** ဟူ၍ပင် စကားရည်လုပွဲကျင်းပခဲ့သည်။ ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့ကပါ။ မန္တလေးတက္ကသိုလ် အခန်း (၁-က) တွင် မန္တလေးတက္ကသိုလ် ရာဇဝင်အသင်းက ကြီးမှူးကျင်းပခဲ့ခြင်းဖြစ်သည်။ အဆိုဘက်မှ ပါဝင်သူများမှာ လူထုဦးလှ၊ လူထုဒေါ်အမာနှင့် သူရိယ ဦးသန်းမောင်တို့ ဖြစ်ကြပါသည်။ အဆိုပါအဆိုရှင်များမှာ ယနေ့အထိ နိုင်ငံကျော်စာရေးဆရာများစာရင်း၌ ထိပ်ဆုံးတွင် ပါဝင်နေဆဲဖြစ်ပါသည်။ အချေဘက်မှ ပါဝင်သူများမှာ ဘီအိုင်အေ ဦးမောင်ကြီး၊ အထက်တန်း ရှေ့နေကြီး ဦးခင်မောင်ဒွေးနှင့် စီအီးအို ဦးဘကြည်ဆိုသူများ ဖြစ်ကြပါသည်။ အချေအတင် ဆွေးနွေးပြီးနောက် မဲခွဲဆုံးဖြတ်ရာ အဆိုဘက်မှ မဲ ၂၇၀ ၊ အချေဘက်မှ ၁၆၅ မဲ ရသဖြင့် **“လက်ဝဲဝါဒလွှမ်းမိုးလျှင် ကမ္ဘာကြီး အမှန်အကျိုးများမည်”** ဆိုသည့် အဆိုနိုင်သွားခဲ့သည်။ ယနေ့ကမ္ဘာမှာ ကွန်မြူနစ်ဝါဒ မှေးမှိန်ခဲ့ပါပြီ။ **“မဲများ၍ နိုင်တိုင်းလည်း အမှန်တရားမဟုတ်”** ဟု သမိုင်းသင်ခန်းစာထားခဲ့ခြင်းဖြစ်ပါသည်။

**“နဂါးနီစာအုပ်အသင်းသည် ထိုအချိန်က ကျွန်ဘဝရောက်နေသည့် မြန်မာနိုင်ငံသူ နိုင်ငံသားများကို နိုင်ငံရေးအမြင်ကျယ်လာအောင်၊ ကျွန်ဘဝက လွတ်မြောက်လိုစိတ် မြင့်မားအောင်၊ ဇာတိသွေး ဇာတိမာန်များ တက်ကြွလာအောင်၊ နိုးကြားလာအောင် လှုံ့ဆော်ပေးနိုင်ခဲ့ပါသည်”**။ သို့သော်လည်း **“လက်ဝဲစာပေဦးစားပေးမှု”** ၏ ဘေးထွက်ဆိုးကျိုးအဖြစ် လွတ်လပ်ရေးရအပြီးတွင် ဝါဒစွဲကြီးမားကာ ဗမာပြည်ကွန်မြူနစ်များ ၁၉၄၈ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် တောခို၍ ပြည်တွင်းသောင်းကျန်းမှုများ ကြီးထွားခဲ့ပါသည်။ ထိုအချိန်က မြန်မာနိုင်ငံတွင် **“ကိုလိုနီပညာရေးကြောင့် စာတတ်မြောက်မှုရာနှုန်းသည် ၃၇ ရာခိုင်နှုန်းခန့်”**သာ ရှိခဲ့သည်။ စာမတတ်သူများ၍ ကွန်မြူနစ်ဝါဒကောင်းကြောင်း ဟောပြောသူများ၏ ဝါဒမှိုင်းမိကုန်ကြသည်။ ထိုမှတစ်ဆင့် နိုင်ငံရေးကျိန်စာသင့်ခဲ့ကြသည်။ တကယ့်သမိုင်းဖြစ်ရပ်က မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့ကွန်မြူနစ်ထိပ်ခေါင်ရုရှား၊ အရှေ့ဥရောပနိုင်ငံတချို့နှင့် တရုတ်ပြည်တို့တွင်လည်း ကွန်မြူနစ်စနစ် မအောင်မြင်ခဲ့ပေ။ ကမ္ဘာ့သမိုင်းသက်သေပါ။

(ဆက်လက်ဖော်ပြပါမည်)

## မကွေးမြို့နယ် ကရင်ကျေးရွာ၌ ထောပတ်ပဲသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**မကွေး အောက်တိုဘာ ၉**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကရင်ကျေးရွာတွင် စိုက်ပျိုးရေး လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိပြီး ပဲမျိုးစုံသီးနှံနှင့် အခြားသီးနှံများကို စိုက်ပျိုးလျက်ရှိရာ ထောပတ်ပဲသီးနှံ စိုက်ဧက ၈၀ ခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။



**အရောင်းအဝယ်ဖြစ်**

ထောပတ်ပဲ (ဆောင်း) သီးနှံကို စက်တင်ဘာလတွင် စတင်စိုက်ပျိုးကြပြီး ဇန်နဝါရီလတွင် ရိတ်သိမ်းရကြောင်း၊ မျိုးအနေဖြင့် ထောပတ်ပဲ (ဖြူ) မျိုး၊ ထောပတ်ပဲ (ညို) မျိုးနှင့် ထောပတ်ပဲ (ဖြူကျား) မျိုးများဖြစ်ပြီး ထောပတ်ပဲ (အဖြူ) မျိုးကို အများဆုံး စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရာတွင် ထွန်ကြောင်းဆွဲ၍ အတန်းလိုက် အစေ့ချစနစ်ဖြင့် စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးစေ့ ၁၀ ပြည်ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးမှုအတွက်မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ငါးသိန်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ၁၅-၂၀ တင်းခန့် ထွက်ရှိပြီး ဈေးနှုန်းအနေဖြင့် ထောပတ်ပဲ (ဆောင်း) သီးနှံ ပေါ်စအချိန်တွင် တစ်တင်းလျှင် ငွေကျပ် ၉၈၀၀၀-၁၀၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး တစ်ဧကလျှင် ငွေကျပ် ၁၀ သိန်းခန့် အမြတ်ရရှိကြောင်း သိရသည်။

အောက်တိုဘာလ ပထမပတ်တွင် ထောပတ်ပဲ(ဖြူ) တစ်တင်းလျှင် ငွေကျပ် ၁၁၀၀၀၀-၁၃၀၀၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဈေးကွက်အနေဖြင့် ဒေသတွင်း ပဲကြော်၊ ပဲလှော် လုပ်ငန်းရှင်များက ဝယ်ယူကြသည့်အပြင် မကွေးမြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချ၍ ပွဲရုံများမှ တစ်ဆင့် ရန်ကုန်နှင့် မန္တလေးမြို့တို့သို့ တင်ပို့ကြောင်း၊ ယခုအချိန်တွင် ထောပတ်ပဲသီးနှံ စိုက်ခင်းများမှာ အဖူးအပွင့်များ ဝေဆာ၍ အောင်မြင်ဖြစ်ထွန်းလျက်ရှိသောကြောင့် ထောပတ်ပဲများ ထွက်ပေါ်ချိန်တွင် အထွက်နှုန်းကောင်းမွန်ပြီး ဈေးကောင်းရရှိပါက အကျိုးအမြတ်များ ပိုမိုရရှိနိုင်ကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။

## ခရမ်းသီးနှံ ဈေးကောင်းရ၍ အကျိုးအမြတ်ရရှိ

**မန္တလေး အောက်တိုဘာ ၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် သံချပ်ကုန်းကျေးရွာရှိ တောင်သူများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး စပါး၊ နှမ်း၊ ပဲ၊ ပြောင်း၊ ငရုတ် စသည့် သီးနှံများကို အများဆုံးစိုက်ပျိုးလျက်ရှိရာ ကုန်စိမ်းသီးနှံတစ်မျိုးဖြစ်သော ခရမ်းသီးနှံကိုလည်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးရာမှ စီးပွားဖြစ်စိုက်ပျိုးလာကြကြောင်း သိရသည်။

ခရမ်းသီးစိုက်ပျိုးရာတွင် မျိုးစေ့ကိုပျိုးထောင်ကာ ၄၅ ရက်သားအရွယ်တွင် စိုက်ပျိုး၍ စိုက်ပျိုးပြီး သုံးလခန့်အကြာတွင် အသီးများစတင်ခူးဆွတ်နိုင်ကြောင်း၊ မျိုးအနေဖြင့် ခရမ်းသီး-၅၅၅ မျိုးနှင့် မြှုပ်ခရမ်းမျိုးများကို စိုက်ပျိုးကြပြီး စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ရှစ်သိန်းခန့် ကုန်ကျကြောင်း၊ ခရမ်းသီးကို လေးရက်ခြားတစ်ကြိမ် ခူးဆွတ်ရပြီး ခရမ်းသီးများ လှိုင်လှိုင်ထွက်ပေါ်ချိန်တွင် အထွက်နှုန်းပိုလာကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ပတ်လျှင် ပိဿာချိန် ၃၀၀-၄၀၀ အထိ ထွက်ရှိ၍ ခရမ်းပင်သက်တမ်း ၄-၅ လခန့်အထိ ခူးဆွတ်နိုင်ပြီး မြေအနေအထားနှင့် သီးနှံဖြစ်ထွန်းအောင်မြင်မှုအပေါ်မူတည်၍ အထွက်နှုန်းများ ကွာခြားမှုရှိကြောင်း၊ ဈေးနှုန်းဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများက စိုက်ခင်းအထိ လာရောက်ဝယ်ယူကြပြီး ခရမ်းသီး တစ်ပိဿာလျှင် လက်ကားဈေးကျပ် ၂၅၀၀၊ လက်လီဈေး ငွေကျပ် ၃၀၀၀-၃၅၀၀ ဖြင့် ရောင်းချရကြောင်း၊ တစ်ဧကလျှင် ငွေကျပ် ၁၀ သိန်းခန့်အမြတ်ရရှိရာ ခရမ်းသီးစိုက် တောင်သူများအနေဖြင့် ခရမ်းသီး ဈေးကောင်းရရှိသောကြောင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။



## ပီလောပီနံ စိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးနှုန်းဈေးကွက်

**ဧရာဝတီ အောက်တိုဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်နှင့် လေးမျက်နှာမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ပီလောပီနံကို စိုက်ပျိုးကြပြီး ဟင်္သာတမြို့နယ်တွင် ၃၇၅၆ ဧက၊ ဇလွန်မြို့နယ်တွင် ခြောက်ဧက၊ လေးမျက်နှာမြို့နယ်တွင် ၅၅၀၉ ဧက စုစုပေါင်းစိုက်ဧက ၉၂၇၁ ဧက စိုက်ပျိုးထားရှိကြောင်း သိရသည်။



**တင်ပို့ရောင်းချ**

ပီလောပီနံသည် ရေမတင်သဲဆန်သည့် မြေများတွင် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်ပြီး မြေပုံ၍ စိုက်ပျိုးခြင်းနှင့် ဘောင်ခတ်စနစ်ဖြင့် စိုက်ပျိုးခြင်းဟူ၍ စိုက်ပျိုးကြကြောင်း၊ ပီလောပီနံကို မေလတွင် စတင်စိုက်ပျိုးကြပြီး ဒီဇင်ဘာလကုန်တွင် စတင်တူးဖော်ရကြောင်း၊ မျိုးအနေဖြင့် ဒေသမျိုး ဆင်တစ်ဆွဲနှင့် ယိုးဒယားမျိုး Rayong-9 မျိုးများကို အများဆုံးစိုက်ပျိုးကြပြီး တစ်ဧကလျှင် အပင်ရေ ၂၄၀၀ ခန့် စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ မြေပြုပြင်ခ၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ကိုးသိန်းခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပျမ်းမျှပိဿာချိန် ၃၀၀၀ ခန့် ထွက်ရှိပြီး ပီလောပီနံ ထွက်ရှိချိန်တွင် ပီလောပီနံဥ တစ်ပိဿာလျှင် ငွေကျပ် ၅၀၀-၆၀၀-၇၀၀၊ ပီလောပီနံ အချောမှုန့် တစ်ပိဿာလျှင် ငွေကျပ် ၂၄၀၀-၂၇၀၀၊ အမှုန့်ထုတ်ပြီး ပီလောပီနံလုံး တစ်ပိဿာလျှင် ငွေကျပ် ၃၀၀ စသည်ဖြင့် ရောင်းချရကြောင်း၊ တစ်ဧကလျှင် ကိုးသိန်းခန့် အမြတ်ရရှိပြီး ဈေးကွက်အနေဖြင့် ဟင်္သာတခရိုင်မှ ထွက်ရှိသော ပီလောပီနံများကို ဒေသတွင်းရောင်းချမှုအပြင် ပီလောပီနံအချောမှုန့်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချကြောင်း သိရသည်။

**သတင်းရင်းမြစ် - စီးပွား/ကူးသန်း**

### ၉-၁၀-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၇၅၀၀ | ၂၈၀၀၀ | ၁၀၂၄၇ | ၂၀၀၀၀ | ၁၀၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၃၀၀၀ | ၁၇၀၀၀ | ၁၄၀၀၀ | ၁၁၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၃၈၀၀၀ | ၃၅၀၀၀ | ၂၈၀၀၀ | ၃၀၀၀၀ | ၂၆၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၅၀၀ | | ၇၇၀၀ | ၂၀၀၀၀ | - | ၁၆၀၀၀ | ၄၅၀၀ | ၂၀၀၀၀ | ၁၅၅၀၀ | ၁၁၀၀၀ | ၉၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၇၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၅၀၀ | ၃၄၀၀ | ၇၂၀၀ | ၁၈၀၀၀ | ၇၃၈၀ | ၁၇၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၅၅၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၂၁၀၀၀ | ၃၁၀၀၀ | ၁၆၀၀၀ |
| ၄ | လှိုင်ကော် | ၅၀၀၀ | | ၉၀၀၀ | ၂၂၀၀၀ | ၈၁၀၀ | ၁၅၀၀၀ | ၃၅၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | | ၈၀၀၀ | ၁၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၃၃၀၀၀ | ၁၆၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၇၅၀၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၉၀၀၀ |
| ၆ | မော်လမြိုင် | ၃၄၀၀ | | ၅၆၀၀ | ၁၉၀၀၀ | ၇၄၇၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၂၀၀၀၀ | ၇၉၅၀ | ၁၆၀၀၀ | ၃၂၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၂၀၀ | ၈၅၀၀ | ၈၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၁၇၀၀၀ | ၈၁၅၀ | ၁၄၀၀၀ | ၃၂၀၀ | ၁၅၅၀၀ | ၁၈၅၀၀ | ၁၁၅၀၀ | ၇၅၀၀ | ၈၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၇၅၀၀ | ၅၈၀၀ | ၁၈၀၀၀ | ၂၉၀၀၀ | ၂၃၀၀၀ | ၂၅၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၂၂၀၀၀ | ၆၈၀၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၉၀၀၀ | ၂၂၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၂၀၀ | ၈၀၀၀ | ၇၀၀၀ | ၅၂၀၀ | ၁၇၀၀၀ | ၂၄၀၀၀ | ၂၃၀၀၀ | ၂၈၀၀၀ | ၈၀၀၀ |
| ၁၀ | ပုသိမ် | ၃၃၀၀ | | ၅၀၀၀ | ၂၂၀၀၀ | ၇၂၅၀ | ၇၅၀၀ | ၂၅၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၄၀၀ | ၉၀၀၀ | ၇၂၀၀ | ၇၀၀၀ | ၇၀၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၂၇၀၀၀ | ၉၀၀၀ |
| ၁၁ | ဟားခါး | | | ၁၀၀၀၀ | ၂၆၀၀၀ | - | ၅၈၀၀၀ | ၆၅၀၀ | ၃၀၀၀၀ | | | ၄၀၀၀ | ၁၄၀၀ | | ၁၅၅၀၀ | | ၆၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၈၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | ၃၇၀၀ | ၆၅၀၀ | ၁၅၀၀၀ | ၇၅၀၀ | ၁၅၀၀၀ | ၂၅၀၀ | ၁၃၅၀၀ | ၁၈၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၁၀၀ | ၆၇၀၀ | ၅၅၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၃ | မန္တလေး | ၄၀၀၀ | | ၆၅၀၀ | ၁၈၀၀၀ | ၇၄၅၀ | ၁၄၀၀၀ | ၂၈၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၈၀၀ | ၈၅၀၀ | ၈၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၅၂၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | ၂၇၀၀၀ | ၁၅၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၇၈၀၀ | ၁၀၀၀၀ | ၂၀၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၅၅၀၀ | ၇၀၀ | ၁၁၀၀၀ | ၉၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၂၁၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၆၅၀ | ၁၆၀၀၀ | ၇၃၀၀ | ၁၄၀၀၀ | ၂၇၀၀ | ၁၅၀၀၀ | ၁၅၅၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၂၆၀ | ၄၅၀၀ | ၅၀၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၇၂၀၀ | ၉၅၀၀ | ၂၆၀၀ | ၁၃၅၀၀ | ၁၈၀၀၀ | | ၅၀၀၀ | ၄၅၀ | ၁၀၀၀၀ | ၇၃၀၀ | ၅၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၂၁၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၂၀၀ | ၁၀၀၀၀ | ၂၆၀၀ | ၁၂၅၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၄၅၀ | ၉၀၀၀ | ၇၃၀၀ | ၅၅၀၀ | ၆၂၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၂၁၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၈၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၂၀၀၀၀ | ၇၃၇၀ | ၁၃၄၀၀ | ၂၅၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၉၂၀၀ | ၃၈၀၀ | ၆၀၀ | ၉၀၀၀ | ၇၄၀၀ | ၆၂၀၀ | ၅၆၀၀ | ၅၂၀၀ | ၁၇၅၀၀ | ၂၂၀၀၀ | ၁၉၅၀၀ | ၂၄၀၀၀ | ၁၃၂၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၂၀၀၀၀ | ၇၃၇၀ | ၁၃၆၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၈၅၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၆၀၀ | ၉၅၀၀ | ၇၆၀၀ | ၆၅၀၀ | ၅၈၀၀ | ၅၂၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၁၃၆၀၀ |
| ၂၀ | ကလေး | ၃၈၀၀ | ၃၃၀၀ | | ၁၈၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၁၀၀၀၀ | ၁၂၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၇၅၀၀ | ၂၆၀၀၀ | ၃၀၀၀၀ | ၂၈၀၀၀ | | ၁၈၀၀၀ |

# တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ အားကစားနည်းအလိုက် ဗိုလ်လုပွဲနှင့်ဆုပေးပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၉**

၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ အားကစားနည်းများ အလိုက် သတ်မှတ်ထားသော အားကစားကွင်း/ရုံများတွင် ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနား ကျင်းပသည်။

**ပေးအပ်ချီးမြှင့်**

၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဖြစ်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇေယျာသီရိအားကစားရုံ(B) တွင် ကျင်းပရာ အမျိုးသားဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက လည်းကောင်း၊ အမျိုးသမီးပွဲစဉ်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် အသင်းက လည်းကောင်း ဆက်လက်အနိုင်ရရှိပြီး ဆုချီးမြှင့်ပွဲဆက်လက်ပြုလုပ်ရာ အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် နေရာအလိုက် အကောင်းဆုံးဆုများနှင့် အမျိုးသမီး အကောင်းဆုံး အားကစားသမားဆုများ၊ အမျိုးသား/အမျိုးသမီး တတိယဆုရရှိသည့်အသင်းများအား တစ်ဦးချင်းဆုနှင့် ငွေသားဆုများ၊ အမျိုးသား/အမျိုးသမီး ဒုတိယဆုရရှိသည့်အသင်းများအား တစ်ဦးချင်းဆုနှင့် ငွေသားဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြပြီး အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုနှင့် တံခွန်စိုက်ဒိုင်းရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းအား တပ်မတော် ဘော်လီဘောကော်မတီ ဥက္ကဋ္ဌ ဗိုလ်ချုပ် သက်ထွန်းဦးက တစ်ဦးချင်း ဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက်ဒိုင်းကို ချီးမြှင့်ပေးအပ်ခဲ့သည်။

မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(C)၌ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပရာ အားကစားအမျိုးအစားအလိုက် ဗိုလ်လုပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားကြပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပရာ ပြိုင်ပွဲအမျိုးအစား ကီလိုတန်းအလိုက် ပထမ၊ ဒုတိယ၊ တတိယရရှိသည့် အားကစားသမားများ၊ လက်ထောက်နည်းပြ စွမ်းရည်ပြ ပြိုင်ပွဲတွင် ဆုရရှိသူများ၊ အမျိုးသား/ အမျိုးသမီးအကောင်းဆုံးဆု၊ အမျိုးသမီးတံခွန်စိုက်ဒိုင်းဆု၊ အားကစားအမျိုးအစားအလိုက် ဒိုင်းဆုများနှင့် ရွှေ ၁၉ ခု၊ ငွေ ၁၂ ခု၊ ကြေးလေးခုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) အသင်းအား တပ်မတော် ကာကွယ်ရေးဦးစီးချုပ် စွယ်စုံတံခွန်စိုက်ဒိုင်းဆုနှင့် ဆင့်ပွားဒိုင်းဆုကို တပ်မတော် မြန်မာ့သိုင်းကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ထူးမြတ်တိုးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို စစ်ကြောရေးနှင့်တည်းခိုရေးစခန်းရှိ တပ်နယ်အားကစားရုံတို့၌ ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားပြီး ဆုချီးမြှင့်ပွဲဆက်လက်ပြုလုပ်ရာ အားကစားအမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယရရှိသောအသင်းများ၊ အလွတ်တန်းနှစ်ယောက်တွဲ အသင်းလိုက်ပြိုင်ပွဲ (ပထမ)ဒိုင်းဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) အသင်း၊ ရွှေ၊ ငွေ ၊ ကြေး ဒုတိယ၊ တတိယ အများဆုံးရရှိသည့် အသင်းများနှင့် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း၊ တပ်မတော် (ကြည်း၊ရေ၊ လေ) ပိုက်ကျော်ခြင်း ပြိုင်ပွဲတွင် စွယ်စုံတံခွန်စိုက်ဒိုင်းရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းအား ဒုတိယစစ်ဦးစီးအရာရှိချုပ် (လေ) ဗိုလ်ချုပ်ထွန်းဝင်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# “ ကူညီကမ်းဆက် ဂီတလက်ဖြင့် ” ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**ရန်ကုန် အောက်တိုဘာ ၉**

“ကူညီကမ်းဆက် ဂီတလက်ဖြင့်” ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲကို အောက်တိုဘာ ၁၁ ရက် သောကြာနေ့ ညနေ ၅ နာရီမှ ည ၉ နာရီအထိ ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံတွင် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ စီစဉ်မှုဖြင့် ဂီတအနုပညာရှင်များ စုပေါင်း၍ဖျော်ဖြေတင်ဆက်ကြမည် ဖြစ်သည်။

**သီဆိုဖျော်ဖြေကြမည်**

အဆိုပါ ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲတွင် နိုင်ငံကျော်တေးသံရှင်များဖြစ်ကြသည့် ကိုင်ဇာ၊ မျိုးကျော့မြိုင်၊ စည်သူလွင်၊ ဂရေဟမ်၊ ကောင်းဆက်၊ ဇော်ပိုင်၊ ပူစူး၊ နောနော် ၊ အောင်လ၊ သာဒီးလူ၊ ဝန၊ အောင်ထက်၊ ဖွဲ့ပြည့်၊ နေမင်းအိမ်၊ အယ်လ်ဆိုင်းဇီ၊ ရတနာမိုင်၊ နီနီခင်ဇော်၊ ဆိုင်စံ၊ ပိုပို၊ ယွန်းမြတ်သူနှင့် ပန်းရောင်ခြယ်တို့ ပါဝင်သီဆိုဖျော်ဖြေကြမည်ဖြစ်ရာ MRTV NRC Channel၊ 5 Plus Channel၊ Skynet တိုင်းရင်းသားရုပ်သံလိုင်း၊ HTV Farmers’ Channel၊ MRTV App၊ MRTV Radio Application နှင့် MRTV Social Media Online တို့မှ တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်ပြသမည့်အပြင် MRTV – HD Channel ၊ Channel 7 နှင့် မြန်မာ့အသံရေဒီယိုတို့မှလည်း ယင်းနေ့ ည ၉ နာရီခန့်မှစပြီး Replay ထုတ်လွှင့်သွားမည်ဖြစ်သည်။

ဆက်လက်၍ Fortune Channel ၊ Channel K ၊ YTV Channel နှင့် M Entertainment Channel တို့မှလည်း အောက်တိုဘာ ၁၂ ရက်တွင် Replay ပြန်လည်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# “ချစ်စရာ့အရွယ် ကစားကြမယ်”ကလေးအစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၉**

“ချစ်စရာ့အရွယ်ကစားကြမယ်” ကလေးအစီအစဉ်ကို MRTV HD Channel မှ အပတ်စဉ်စနေနေ့တိုင်း ထုတ်လွှင့်ပြသလျက်ရှိရာ အောက်တိုဘာ ၁၂ ရက် စနေနေ့ နံနက် ၁၁ နာရီတွင် တောင်ဒဂုံမူလတန်းကြိုကျောင်းနှင့် သုဝဏ္ဏမူလတန်းကြိုကျောင်းတို့မှ ကလေးငယ်များ ပါဝင်ကစားကြပုံများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channelမှ ဆက်လက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။




အဆိုပါအစီအစဉ်ကို ကလေးများကိုယ်ခန္ဓာသန်စွမ်းပြီးစိတ်ရွှင်လန်းစေရန်၊ ကလေးများ၏ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးငယ်များအချင်းချင်း ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံတတ်စေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းစီစဉ်တင်ဆက်ခြင်းဖြစ်ပြီး MRTV App မှလည်း Streaming ထုတ်လွှင့်မည်ဖြစ်ရာ တစ်ချိန်တည်းကြည့်ရှုနိုင်မည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Youth Sector နှင့် MRTV Telegram တို့တွင်လည်း ဆက်လက်လွှင့်တင်ထားမည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည့်အပြင် အောက်တိုဘာ ၁၄ ရက် တနင်္လာနေ့ ညနေ ၄ နာရီ သတင်းအပြီးတွင်လည်း Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

## ကြေညာချက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စာဖတ်နှုန်းမြင့်တက်စေရန် ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှ ပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြုဗဟိုဌာန (စာကြည့်တိုက်)များသို့ စာအုပ်များပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် (အခမဲ့)ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြန်မာ့စာတိုက်လုပ်ငန်း**
**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

## (၂၆၁၃)နှစ်ပြည့်၊ ဗုဒ္ဓပူဇနိယပွဲတော်တွင် ဆွမ်းဆန်စိမ်းလောင်းလှူခြင်းနှင့်(၁၂၅)ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော်ဖွင့်လှစ်အပူဇော်ခံပွဲ ကျင်းပမည်ဖြစ်ပါကြောင်း နှိုးဆော်လွှာ



ပြည်မြို့၊ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး (၂၆၁၃)နှစ်ပြည့်၊ ဗုဒ္ဓပူဇနိယပွဲတော်နှင့် (၁၂၅) ကြိမ်မြောက် မြတ်စွယ်တော်ဖွင့်လှစ်အပူဇော်ခံပွဲ၊ ရင်ပြင်တော်ပေါ်၌ လက်ျာရစ်(၃)ကြိမ် လှည့်လည်အပူဇော်ခံပွဲကို ၁၃၈၆-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၈) ရက် ၈-၁၁-၂၀၂၄ (သောကြာနေ့)မှ တန်ဆောင်မုန်းလပြည့်ကျော် (၂)ရက်၊ ၁၇-၁၁-၂၀၂၄(တနင်္ဂနွေနေ့)အထိ၊ (၁၀)ရက် တိုင်တိုင်အစဉ်အလာမပျက် အေးချမ်းသာယာစည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပွဲတော်ဆိုင်ထွက်လိုသူ မိတ်ဟောင်းများသည် ယမန်နှစ်ဖြတ်ပိုင်းနှင့်သတ်မှတ်သည့် ဆိုင်ခန်းခငွေများကို အောက်တိုဘာလ (၁၈)ရက်နေ့မှစ၍ အောက်တိုဘာလ(၃၁)ရက်နေ့အထိ နောက်ဆုံးထား၍ ပေးသွင်းရန်နှင့် မိတ်သစ်များကို နိုဝင်ဘာလ (၁)ရက်နေ့မှစ၍ နေရာချထားပေးသွင်းမည်ဖြစ်ပါသည်။ သို့ပါ၍ ဂေါပကအဖွဲ့ရုံး ဖုန်း-၀၅၃၂၅၁၈၀၊ ၀၅၃၂၅၀၃၅တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဂေါပကအဖွဲ့**

---

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်နန်းအိစန္ဒာငြိမ်း [၃/မ၀တ(နိုင်)၀၇၉၃၄၈] ၏ နိုင်ငံကူးလက်မှတ်အမှတ် (MJ-298202)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်-

**ဖုန်း-၀၉-၄၄၉၈၅၀၉၄၁**

---

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်နန်းနှင်းနှင်းဦး [၁၃/မနန(နိုင်)၀၁၀၀၁၈] ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်-

**ဖုန်း-၀၉-၂၅၇၁၈၁၂၀၂**

---

## မြန်မာနိုင်ငံတော်ဗဟိုဘဏ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် အသုံးပြုရန်အတွက် Bank Note Processing Machine BPS M-7 (၄)လုံး၏ (Consumables) ဆက်စပ်ပစ္စည်းများဖြစ်သော (Foil, Band Strap, Shrink Film)တို့အား မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ဆို၍ ဝယ်ယူလိုပါသည်-

| | | |
|---|---|---|
| တင်ဒါပုံစံရောင်းချမည့်ရက် | - | ၁၀-၁၀-၂၀၂၄ရက်နေ့မှ ၂၅-၁၀-၂၀၂၄ ရက်နေ့အထိ(ရုံးချိန်အတွင်း) |
| တင်ဒါပုံစံရောင်းချမည့်နေရာ | - | ဂိတ်အမှတ်(၂)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်(နေပြည်တော်)၊ ရုံးအမှတ်(၅၅) |
| တင်ဒါနောက်ဆုံးတင်သွင်းရမည့်နေ့ရက် | - | ၂၉-၁၀-၂၀၂၄ ရက်နေ့၊ မွန်းလွဲ (၁:၃၀)နာရီ |
| တင်ဒါဖွင့်လှစ်မည့်နေ့ရက် | - | ၂၉-၁၀-၂၀၂၄ ရက်နေ့၊ မွန်းလွဲ(၂:၀၀)နာရီ |
| တင်ဒါဖွင့်လှစ်မည့်နေရာ | - | မြန်မာနိုင်ငံတော်ဗဟိုဘဏ် (နေပြည်တော်)၊ ရုံးအမှတ်(၅၅) |

၂။ တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၃၄၃၈၂၉၃ (အင်ဂျင်နီယာဌာနစိတ်၊ စက်မှု)သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

---

## ပြင်ဆင်ဖတ်ရှုပါရန်

၉-၁၀-၂၀၂၄ ရက်နေ့ ကြေးမုံသတင်းစာ၏ စာမျက်နှာ (၂၄) ပါ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း အထက်တန်းရှေ့နေ ဒေါ်ဇင်ဝေထွန်း ကြော်ငြာတွင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်အစား၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူလမ်း၊ အမှတ်(၆၉၁/ခ)၊ တစ်ခန်းတည်း RC(၆) ထပ်တိုက်မှ တတိယထပ်၊ (၄-လွှာ)၊ ဧရိယာ(၉၇၂)စတုရန်းပေရှိတိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးပိုင်ငြိမ်းဦး[၁၂/အစန(နိုင်)၂၀၆၃၂၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မင်းပပစိုး [၁၁/မအန(နိုင်)၀၆၈၆၉၁]မှအပြီးအပြတ်ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မင်းပပစိုး ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းစိုး LL.B,D.B.L,D.I.L,D.M.L,WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)**
**အမှတ်(၂၀၁)၊ ဘရဏီလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph-09-450023651, 09-793568375**

---

## ပတ်စ်ပို့ပျောက်

(ဘ) ဦးမြစိုး၏သား ဦးကျော်စွာဦး [၇/ကဝန(နိုင်)၁၂၉၁၂၂]၏ နိုင်ငံကူးလက်မှတ်အမှတ် (MF-334320)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-755870911**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/တောင်)၊ မြေကွက်အမှတ်(၇၉၇/က)၊ ဧရိယာ(၂၀'x၆၀')၊ မြေကွက်တည်နေရာအမှတ်(၇၉၇/က)၊ အောင်သစ္စာ(၅)လမ်း၊ ၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးတာဇာအာလီ (AK-၁၀၂၉၈၀) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးတာဇာအာလီ (AK-၁၀၂၉၈၀)ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်အဆီရာဘီ [၁၂/သကတ(နိုင်)၁၃၅၄၅၉] နှင့် သားသမီးများဖြစ်သော ဦးသောင်းစိန်[၁၂/သကတ(နိုင်)၁၃၅၅၂၆]၊ ဦးဇော်လှိုင်ဝင်း[၁၂/သကတ(နိုင်)၁၃၅၆၃၉]၊ ဦးအောင်မျိုးဝင်း[၁၂/သကတ(နိုင်)၁၆၁၇၄၂]တို့မှ မြေအမည်ပေါက်ဖြစ်သူ ဦးတာဇာအာလီ (မိမိတို့၏ ခင်ပွန်း/ဖခင်)သည် ကွယ်လွန်သွားခဲ့ပြီးဖြစ်ပါကြောင်း၊ ကွယ်လွန်သူခင်ပွန်းဖြစ်သူတွင် တစ်ဦးတည်းသောတရားဝင်ဇနီးဖြစ်သူ မိမိတစ်ဦးတည်းသာ ကျန်ရှိခဲ့ပါကြောင်း၊ အခြားသော ဇနီး/မိန်းမတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ဦးတာဇာအာလီ မကွယ်လွန်မီက ဇနီးဖြစ်သော ဒေါ်အဆီရာဘီနှင့် တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ရာ သားအရင်းများဖြစ်ကြသော ဦးသောင်းစိန်၊ ဦးဇော်လှိုင်ဝင်း၊ ဦးအောင်မျိုးဝင်းတို့ညီအစ်ကို (၃)ဦးတည်းကိုသာ မွေးဖွားထွန်းကားခဲ့ပါကြောင်း၊ အခြားသော သား/သမီး မွေးချင်းတစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ ကွယ်လွန်သူခင်ပွန်း/ဖခင်ဖြစ်သူသည် အစ္စလာမ်ဘာသာ ကိုးကွယ်သူဖြစ်သော်လည်း မကွယ်လွန်မီက မည်သည့်သေတမ်းစာ တစ်စုံတစ်ရာကိုမျှ ရေးသားခဲ့ခြင်းမရှိပါကြောင်း၊ မိမိတို့မိသားစုသည် အစ္စလာမ်ဘာသာကိုးကွယ်သူများဖြစ်ကြသည့်အားလျော်စွာ ခင်ပွန်း/ဖခင်ဖြစ်သူ ကွယ်လွန်ပြီးနောက် အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျန်ရစ်သူ ဇနီး/သားသမီးများဖြစ်ကြသော မိမိတို့(၄)ဦးကသာလျှင် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေနှင့်အညီ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျိန်ဆိုထားသည့်ကတိသစ္စာပြုလွှာ၊ ထောက်ခံကတိသစ္စာပြုလွှာ(၂)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ၊ ဦးတာဇာအာလီသေဆုံးမှု လက်မှတ်တို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ရှိုင်းထက်အောင် [၅/ကနန(နိုင်)၁၀၈၅၆၃]၏ ပတ်စ်ပို့စာအုပ် အမှတ် (MG 501676)မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၉၃၀၂၆၀၂**

---

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မုဒုံ မြို့နယ် အ.ထ.က (ခွဲ) ကွမ်လှာ Grade.9 မှ မောင်ထူးထူးနိုင်၏ ဖခင် အမည်မှန်မှာ ဦးထော်ဦး [၁၀/ မဒန( နိုင် ) ၁၇၁၆၅၃] ဖြစ်ပါကြောင်း။

**ဦးထော်ဦး**

---

## သားအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာခြင်း

မွန်ပြည်နယ်၊ သထုံမြို့ ၊ လိပ်အင်းရပ်ကွက်၊ နတ်ကျွန်းရွာသစ်(၃)လမ်း၊ အိမ်အမှတ်(၃၃၃)နေ (ဘ)ဦးဘန်ဝမ်း၊ ဒေါ်ကြည်ကြည်ဌေးတို့၏သား မောင်အောင်သူဖြိုး [၁၀/သထန(နိုင်)၁၉၇၆၁၈]သည် မိဘများ၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် ရာသက်ပန်သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့် ကိစ္စကိုမှ(လုံး၀)တာဝန်ယူဖြေရှင်း ပေးမည်မဟုတ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဘန်ဝမ်း၊ ဒေါ်ကြည်ကြည်ဌေး**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ၤန်းကျွန်းမြို့နယ်၊ ဧ/မြောက်ရပ်ကွက်၊ ဇောတိကအိမ်ရာ၊ တိုက်အမှတ်(A2)၊ အခန်းအမှတ်(၂၀၃)ကို မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးထွန်းထွန်းဦး၊ TGKN - ၀၃၀၆၇၅ ထံမှ စာချုပ်စာတမ်းအဆက်အစပ်ဖြင့် ပြန်လည်ဝယ်ယူထားသူ ဒေါ်နီနီသန်း[၁၂/သဃက(နိုင်)၂၀၆၉၂၈]က ၎င်းအမည်ဖြင့် ပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ် ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသည်။ အဆိုပါအခန်းအား ဌာနမှ ထုတ်ပေးထားသော အိမ်ပေါ်တက်ရောက်နေထိုင်ခွင့် အကြောင်းကြားစာမူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် ပိုင်ဆိုင်ခွင့်ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထောက်အထားများဖြင့် တင်ပြ ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၈၊ လူနေရပ်ကွက်အမှတ်(၁၉)၊ ငုဝါ(၇)လမ်း၊ မြေကွက်အမှတ်(၁၆၄၀)ဟု ခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးခင်မောင်ဝင်း အမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း (၄၀ x ၆၀)ပေရှိပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အဦနှင့် ရေမီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထား ပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးအာကာဟိန်း [၁၂/ရပသ(နိုင်)၀၃၈၆၇၉]ကိုင်ဆောင်သူမှ ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ယဉ်မေထွေး [၁၃/သပန(နိုင်)၀၂၉၁၄၈]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယဉ်မေထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဝေဝေအောင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၅၀)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၇၇၂၉၁၇၇၅၊ ၀၉-၄၅၂၄၁၆၃၀၉**

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်(၄၆၄/ခ)၊ မြေကွက်တည်နေရာအမှတ်(၄၆၄/ခ)၊ ဇေယျာ(၁၄)လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ဒေါ်အေးစံ (DU-၀၁၀၅၆၅) [၁၂/ဒဂန(နိုင်) ၀၁၂၉၉၁] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်အေးစံ (မိခင်)နှင့် ဦးဘိုးချိန်း(ဖခင်)တို့ ကွယ်လွန်သဖြင့် ဦးအောင်မြင့် [၁၂/ဒဂန(နိုင်)၀၂၂၀၅၀]မှ တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာအမှတ်-၄၀၁/၂၀၂၄ (၈-၇-၂၀၂၄)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်၊ နိုင်/ကတ်၊ သေစာရင်း၊ သေဆုံးသည်မှာ မှန်ကန်ကြောင်း တိုင်းကျန်းမာရေး၊ ရပ်ကွက်၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ အိမ်ထောင်စုစာရင်း၊ ဝန်ဆောင်ခတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီ (မြောက်) ရပ်ကွက်၊ မပိုလမ်း၊ အမှတ် (၄၀)၊ ပထမထပ် (တိုက်ကိုမျက်နှာမူလျှင်-ညာဘက်ခြမ်း) ၊ အကျယ်အဝန်း ( ၂၆' × ၇၀' ) ရှိ လူနေထိုင်ရန်အသင့်ရှိသည့်တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးညီညီရှိန် (၁၂/ကတတ(နိုင်) ၀၁၂၅၄၃) မှ တရားဝင်ဝယ်ယူပိုင်ဆိုင်၍ လက်ဝယ်ထားရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြု၍ ရောင်းချရန်ကမ်းလှမ်းသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်ရောင်းဘိုးငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား (မူရင်းများ) ဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
**ဒေါ်မြမြသင်း ( LL.B )**
တရားလွှတ်တော်ရှေ့နေ (စဉ် - ၄၇၇၀)
အမှတ် - ၅၂ ၊ ပထမထပ်၊ ရ-လမ်း၊ လမ်းမတော်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၉ ၅၀၈၂၈၁၁

---

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**( တရားမကျင့်ထုံးဥပဒေအမိန့်-၂၁ ၊ နည်းဥပဒေ-၂၂ )**

**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

**၂၀၁၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၂၇ နှင့် ဆက်နွယ်သည့် ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၁၃၂ ။**

| | | |
|---|---|---|
| ဦးမျိုးဦး **ဒီကရီအနိုင်ရသူ** | နှင့် | ဦးသန်းဝင်း **တရားရှုံး** |

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၃)ရပ်ကွက်၊ (၂၈)လမ်း၊ အမှတ်-၄၁ နေ ဦးသန်းဝင်း **(ယခုနေရပ်လိပ်စာမသိသူ)** တို့ သိစေရမည်။

၂၀၁၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၂၇ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၃၀)ရက်၊ (၁၃၈၆ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၁၃ ရက်နေ့) မွန်းမတည့်မီ (၁၀)နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၀)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ရီရီခိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

---

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ်-၁၅၀/၁၅၂ နေထိုင်သူ ဒေါ်သိင်္ဂီဝင်း [၁၂/တမန(နိုင်) ၁၄၁၈၀၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ သိမ်ဖြူလမ်း၊ တိုက်အမှတ်-၅၀၂ ဟု ခေါ်တွင်သော (မြေညီ+ပထမထပ်)တိုက်ခန်း (၂-လွှာ) တိုက်ခန်း၏ အကျယ်အဝန်း (အလျား၁၈ ပေX အနံ ၆၀ပေ)ရှိသော တိုက်ခန်း(၂)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးမောင်မောင်စိုး[၁၂/မဂတ(နိုင်)၀၇၄၈၀၅]က ဝန်ခံကတိပြု ကမ်းလှမ်းသဖြင့် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်သိင်္ဂီဝင်းမှ ယင်းတန်ဖိုးဖြင့် ဝယ်ယူရန်အတွက် ယခုအခါ ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအား ပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း၏ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိလျှင် မူရင်းစာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိခဲ့ပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရည်မွန်ဇော်(LL.B)**
**အထက်တန်းရှေ့နေ( စဉ်-၅၅၇၈၂)**
**အမှတ်-၅၉၊ ဒုတိယထပ်၊ ငမိုးရိပ်(၁၀)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊**
**သဃ်ၤန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၉၄၀၈၁၈၀၀၀**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်ရပ်ကွက်၊ ညောင်တုန်းလမ်း၊ အမှတ် (၇) ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၈)ထပ်တိုက်၏ တတိယထပ် (၄-လွှာ)၊ (ခြေရင်းခန်း) အကျယ်အဝန်း ( ၁၂½ x ၅၀ ) ပေရှိ တိုက်ခန်း (တစ်)ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာ၊ အပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရှိထားသူ ဒေါ်ခိုင်ဆွေသင်း [၁၂/လမန(နိုင်) ၀၆၃၅၁၃]အား ကျွန်ုပ်တို့၏မိတ်ဆွေမှ တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေ ပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့်** | **ဒေါ်အိဖြိုးဇင်** |
| **LL.B(စဉ်-၁၀၀၆၃)** | **LL.B,DBL(စဉ်-၁၅၉၇၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း ၀၉-၄၂၁၀၃၅၉၆၃** | **ဖုန်း-၀၉-၇၉၀၁၂၄၈၀** |

**အမှတ်(၈၆)၊ ၇-လွှာ(စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ လမုတန်းရပ်ကွက်၊ ရာဇသင်္ကြန်လမ်း၊ တိုက်အမှတ်(၆၅)၊ ပထမထပ်၊ ၂-လွှာဟုခေါ်တွင်သော အကျယ်အဝန်း(၁၈ပေx၄၇ပေ)ရှိသော တိုက်ခန်းနှင့်အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်သူ ဦးဇော်ဇော်လွင် [၁၂/သကတ(နိုင်)၁၉၄၄၂၂]ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသောကြောင့် အထက်ပါရောင်းချမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ယနေ့**ကြော်ငြာပါသည့် နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု အထောက်အထား မူရင်းများနှင့်တကွ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်၍ ကန့်ကွက်မှုမရှိပါက အထက်ပါတိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ဥပဒေနှင့်အညီ အရောင်းအဝယ် ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မိုးရွှေ LL.B, LL.M**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၀၃/၁၁)**
**အမှတ်(၁၀၃)၊ (A/B)ပထမထပ်၊ (၃၆)လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၉၄၄၅၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆အီး၊ မြေကွက်အမှတ်-၉၀ အာရ်/၃၊ ဧရိယာ(၀.၁၂)ဧက၊ မြေကွက်တည်နေရာအမှတ်-၉၃/၇အေ၊ သံလွင်လမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ဒေါ်ခင်ခင်ကြီး အမည်ပေါက်သည့်မြေပိုင်မြေအား အမည်ပေါက်ထံမှ အပိုင်ပေးစာချုပ်အမှတ်-၇၈၂/၁၉၇၂ (၃၀-၈-၁၉၇၂)ဖြင့် ဒေါ်ယုဇော် (ကေအမ်ဝိုင်တီ-၀၀၁၃၀၅)မှရရှိပြီး ၎င်းထံမှ အရောင်းစာချုပ်အမှတ် - ၁၂၀၂/၁၉၈၉ (၂၁-၁၂-၁၉၈၉)ဖြင့် ဦးထွန်းဝင်း(စီအေ-၀၂၇၄၁၇)၊ ဦးဇော်မြင့်ချို (အို/အာရ်ဂျီအင်န် - ၀၀၆၄၅၅)၊ ဦးစိုးမြင့်(အေအေ-၀၇၇၂၅၁)၊ ဒေါ်မေမေသန်း (အိပ်ချ်/အာရ်ဂျီအင်န်-၀၂၄၈၁၁)တို့မှ ပိုင်ဆိုင်ပြီး မြေဧရိယာ(၀.၂၅၃)ဧကရှိ မခွဲမစိတ်ရသေးသော မြေပိုင်မြေကွက်အနက်မှ ဧရိယာ (၀.၀၅၇)ဧကကို စွန့်လွှတ်စာချုပ်အမှတ်-၁၆၈/၁၉၉၀(၁၅-၂-၁၉၉၀)ဖြင့် ရရှိသူ(ခင်ပွန်း) ဦးစိုးမြင့်သည် (၂၅-၇-၂၀၂၁)ရက်နေ့တွင် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်မျိုးမြင့်ခိုင်[၁၂/စခန(နိုင်)၀၀၃၇၆၇]နှင့် မြေဧရိယာ(၀.၂၅၃)ဧကရှိ မခွဲမစိတ်ရသေးသော မြေပိုင်မြေကွက်အနက်မှ ဧရိယာ (၀.၀၆၃)ဧကအား စွန့်လွှတ်စာချုပ်အမှတ်-၁၆၅/၁၉၉၀ (၁၅-၂-၁၉၉၀)ဖြင့် ရရှိသူ ဒေါ်မေမေသန်းထံမှ အရောင်းစာချုပ်အမှတ်- ၁၁၄/၁၉၉၀(၇-၂-၁၉၉၀)ဖြင့်ပိုင်ဆိုင်သူ ဒေါ်ခင်မျိုးသူ (စီအိုင်-၀၅၇၃၈၈) [၁၂/ဒဂန(နိုင်)၀၀၂၉၃၅] တို့မှ ပူးတွဲ၍ ခင်ပွန်းဖြစ်သူ ဦးစိုးမြင့်ရရှိပိုင်ဆိုင်ခဲ့သော မြေကွက်နှင့်ယင်းမြေကွက်ဖြင့် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ မိမိတစ်ဦးတည်းမှ တရားဝင်အမွေဆက်ခံ ပိုင်ဆိုင်လာခဲ့သည်မှာ မှန်ကန်ပါကြောင်းနှင့် အခြားအမွေဆက်ခံခွင့် တစ်စုံတစ်ယောက်မကျန်ရှိခဲ့သည်မှာ မှန်ကန်ပါကြောင်းကို လသာမြို့နယ်တရားရုံး၏ ၁၇-၈-၂၀၂၄ ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်-၈/၁၈၃၄/၂၀၂၄၊ ပူးတွဲပိုင်ဆိုင်လျက်ရှိသည်မှာ မှန်ကန်ပါကြောင်း ပန်းဘဲတန်းမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်-၂၇၆၂/၁၀-၉-၂၀၂၄၊ ထောက်ခံကျမ်းကျိန်လွှာ(၄)စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ အမည်ပေါက် စွန့်လွှတ်စာချုပ်အမှတ်-၉၄၁/၁၉၆၈(၂၃-၁၂-၁၉၆၈)မိတ္တူမှန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကို တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ်(၇၂)နေ ဦးလှမိုး[၁၂/ဒပန(နိုင်)၀၀၁၄၂၁]-ဒေါ်သန္တာမြင့်[၁၂/ဒပန(နိုင်)၀၀၁၄၄၁]တို့၏ သမီး မကေသွယ်မိုး[၁၂/ဒပန(နိုင်)၀၆၀၇၂၆]သည် မိခင်၊ ဖခင်တို့၏ ပြောဆို ဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် ရာသက်ပန်သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် မကေသွယ်မိုးနှင့် ပတ်သက်ဆက်နွယ်သော ငွေရေးကြေးရေးအရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်းပြဿနာများနှင့် အခြားမည်သည့် ကိစ္စများကိုမှ ယနေ့မှစ၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်တော့ပါကြောင်း မကေသွယ်မိုးနှင့် အများသိစေရန်ကြေညာအပ်ပါသည်။

| ဦးလှမိုး | ဒေါ်သန္တာမြင့် |
|---|---|
| [၁၂/ဒပန(နိုင်)၀၀၁၄၂၁] | [၁၂/ဒပန(နိုင်)၀၀၁၄၄၁] |

**ဒေါပုံမြို့နယ်**

## "အများသိစေရန်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁/တိုးချဲ့)ရပ်ကွက်၊ အမှတ်(၅၇၁) ခေါင်းရင်းဘက်အခြမ်း၊ (၂၀ x ၆၀)ပေရှိ မြေကွက်အား ကျွန်ုပ်၏ မိတ်ဆွေ ဦးမျိုးညွန့်ဦးမှ မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးတင်ထံမှစ၍ စာချုပ်စာတမ်းအဆက်ဆက်ဖြင့် (၂၀၁၆) ခုနှစ်တွင် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး မြေကွက်အတွင်း ခြံစည်းရိုးကာရံခြင်း၊ မြေဖို့ခြင်းများပြုလုပ်၍ လက်ရောက်ရ ယူပိုင်ဆိုင်ထားပါသည်။ ဦးမျိုးညွန့်ဦးမှ မွေးရပ်မြေတွင် သွားရောက်နေထိုင်စဉ် ယင်းမြေကွက်အတွင်း ဝင်ရောက်ကျူးကျော်နေထိုင်သူ ရှိနေကြောင်းဖုန်းဖြင့် အကြောင်းကြားသည်ကို သိရှိရပြီး သွားရောက်ကြည့်ရှု၍ ထိုသူအား သက်ဆိုင်ရာရပ်ကွက်ရုံးတွင်ခေါ်ယူမေးမြန်းရာ အထက်ပါ မြေကွက်နှင့် အကွက်အမှတ်အတူ (၂၀ပေx၆၀ပေ)ရှိ (ခြေရင်းဘက်အခြမ်း)အား ဝယ်ယူထားသူဟုသိရှိရပြီး ဦးမျိုးညွန့်ဦးအပိုင် (ခေါင်းရင်းဘက်ခြမ်း)အတွင်း မှားယွင်းစွာဝင်ရောက် အဆောက်အဦဆောက်လုပ်နေထိုင်နေသည့်အတွက် ၎င်းအား (၆-၁၁-၂၀၂၄)နေ့ရက်အတွင်း အပြီးအပိုင်ဖယ်ရှားထွက်ခွာပေးရန် ရပ်ကွက်ရုံးတွင် အသိပေးအကြောင်းကြားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယင်းမြေကွက်အတွင်း အခြားမည်သူတစ်ဦးတစ်ယောက်မျှ ဝင်ရောက်ကျူးကျော်နေထိုင်ခြင်း၊ ရောင်းချခြင်းများလုံးဝမပြုလုပ်ကြရန်နှင့် မြေကွက်တွင်း မှားယွင်းစွာ ဝင်ရောက် ကျူးကျော်နေထိုင်သူမှလည်း သတ်မှတ်ရက်အတွင်း အပြီးအပိုင်ဖယ်ရှား ထွက်ခွာပေးရန် အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ဖယ်ရှားထွက်ခွာခြင်း မပြုခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မှားယွင်းစွာဝင်ရောက်ကျူးကျော်နေထိုင်သူနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်ဇေယျ**
**အထက်တန်းရှေ့နေ (စဉ်-၄၃၁၃၅)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ Ph:09-429397826**

## အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်) အသင်းတည်ထောင်ခြင်းနှစ်ငါးဆယ်ပြည့် ရွှေရတုအထိမ်းအမှတ် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ဖိတ်ကြားစာ

အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)တည်ထောင်ခြင်းနှစ်ငါးဆယ်ပြည့်ရွှေရတုအထိမ်းအမှတ် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့်ဆွမ်းဆန်စိမ်း လောင်းလှူပွဲကြီးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် အသင်းသားများ စုံညီစွာ တက်ရောက် ကပ်လှူပေးကြပါရန် ဖိတ်ကြားအပ်ပါသည်-

| | | |
|---|---|---|
| ကျင်းပမည့်နေ့ | - | ၁၃-၁၀-၂၀၂၄ရက် (တနင်္ဂနွေနေ့) |
| ကျင်းပမည့်အချိန် | - | မွန်းလွဲ (၁:၃၀)နာရီ |
| ကျင်းပမည့်နေရာ | - | အောင်ဆန်းတောရတပ်ဦးကျောင်း စဥ့်ငူရပ်ကွက်၊ အင်းစိန် |

**(အမှုဆောင်အဖွဲ့)**

## သက်ဆိုင်ပါက ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၄)ရပ်ကွက်၊ လမ်း(၂၀)၊ အမှတ်(၁၀၁) မြေပေါ်တွင် ဆောက်လုပ်ထားသော (၁)ခန်းတွဲ (၄ ½ )ထပ်တိုက်၏ အပေါ်ဆုံးထပ် အကျယ်အဝန်း (၁၆ ½ ပေ x ၅၀ ပေ) တိုက်ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် ယင်းတိုက်ခန်းတွင် တပ်ဆင်ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ချန်ကော့ပို (ခ) ဦးသက်လွင်[၁၂/ကတတ(ဧည့်)၀၀၀၂၃၄]မှ ရောင်းချရန် ကမ်းလှမ်းမှုအပေါ် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် သဘောတူသည့်အတွက် နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်စရန်ပေးကတိစာချုပ် ချုပ်ဆို ၍ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်း၏အကျိုးခံစားခွင့် အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ သက်ဆိုင်ပါက ကန့်ကွက်လိုပါလျှင် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ကြည်ကြည်စန်း ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေမီစော (LL.B) (D.I.P.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၆၃)**
**အမှတ်(၅၆၅)၊ ပထမထပ်၊ အခန်းအမှတ်(၁၀၃/စီ)၊**
**MAC Tower ၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၅၃၉၉၆၃၈၊ ၀၉-၄၂၃၇၂၄၈၂၄**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ အေးသာယာ(၆)လမ်းတွင် တည်ရှိသော ကျောင်းကုန်းဆိပ်ကြီး ကွက်သစ် အိမ်ခြံမြေချထားရေးအကွက်၊ မြေကွက်အမှတ်(C-၄၆)၊ မြေပေအကျယ် (၄၀x၆၀)ပေမြေကွက်ကို ရောင်းချသူ ဦးအောင်ချစ် [၁၄/ဒဒယ(နိုင်)၀၆၇၄၇၆]က ဝယ်ယူထားပြီးနောက် အရှုပ်အရှင်းကင်းရှင်း၍ မိမိမှ ပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ခင်မျိုးသူ [၁၀/ဘလန(နိုင်)၁၃၅၇၉၇]က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာကြူ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၉၈၉)၊**
**အမှတ်(၁၂၇)၊ တပင်ရွှေထီးလမ်း၊ (၂)ရပ်ကွက်၊ သုံးခွမြို့။**
**ဖုန်း-၀၉-၄၀၃၄၁၅၆၀၅၊ ၀၉-၉၇၆၈၀၃၀၁၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၈၊ ၉ ၊ ၁၀ ၊ ၁၁(ကမာရွတ်)၊ မြေကွက်အမှတ်-၂၅/င ၊ အကျယ်အဝန်း(၀. ၁၈၁) ဧက၊ စတုရန်းပေ(၇၈၈၀)ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးအောင်ဝင်း[၁၂/ဒဂန(နိုင်)၀၁၄၅၉၇] အမည်ပေါက် နှစ် (၆၀) ဂရန်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ လှိုင်မြို့နယ်၊ အေးရိပ်မွန် (၄)ရပ်ကွက်၊ ပိတောက်(၃)လမ်း၊ အိမ်အမှတ် (၂၃) ဟု ခေါ်တွင်သည့် လူနေအိမ် RC ၂ ထပ်အဆောက်အဦတစ်လုံး အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်ထားပြီး စီမံခန့်ခွဲပိုင်ခွင့် အပြည့်အဝရှိကြောင်း၊ အရှုပ်အရှင်း လုံးဝကင်းရှင်းကြောင်း မည်သူ့ကိုမဆို လွတ်လပ်စွာ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ ဝယ်ယူသူ၏ အမည်ပေါက်ရရှိအောင် အရောင်းမြေပုံ၊ မြေရာဇဝင်ကူးယူခြင်း၊ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ကို ကိုယ်တိုင် လိုက်လံချုပ်ဆို လွှဲပြောင်းပေးမည်ဖြစ်ကြောင်း ပြောဆို ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းခဲ့သဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးစံဌေး [၁၂/တတန(နိုင်)၀၄၄၂၇၄]က အပြီးအပိုင်ဝယ်ယူရန်အတွက် မြေကွက်နှင့် နေအိမ်ရောင်းဖိုးငွေများအနက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်၍ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်ရန်အကြောင်းကိစ္စရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း(မူရင်း)များနှင့်တကွ အထောက်အထား ပြည့်စုံခိုင်လုံစွာဖြင့် လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။

